မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၄)၊ အမှတ် (၁၀၀)

အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး ရန်ကုန်တိုင်း၌ကျင်းပ

ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ရေး နိုင်ငံတော်နှင့်ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် မရှိမဖြစ်အဓိကလိုအပ်ချက်ဖြစ်

အမျိုးသားညီလာခံသည် တိုင်းရင်းသားပြည်သူတို့၏ဆန္ဒကို ထင်ဟပ်အခြေခံ အမျိုးသားရေးအနှစ်သာရကိုဖော်ဆောင်သည့် တိုင်းပြုပြည်ပြု မွန်မြတ်သောလုပ်ငန်းစဉ်ကြီးဖြစ်

အမျိုးသားညီလာခံအောင်မြင်ရေးအတွက် အဖျက်သမားများပြောင့်များပယ်ရှားရှင်းလင်းရေး ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ချေမှုန်းသွားကြမည်

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာမောင်သင်း အမှာစကား ပြောကြားစဉ်။ **(သတင်းစဉ်)**

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပသည်။

အဆိုပါ လူထုအစည်းအဝေးသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တို့မှ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်

စာမျက်နှာ ၆ ကော်လံ ၁ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

8-1 (01).p65 1 3/26/1905, 11:35 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး ပါဝင်ဆောင်ရွက်

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဇန်နဝါရီလ ၆ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက် မိန့်ခွန်းပြောကြားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မိန့်ခွန်းပြောကြားရာတွင်-

"တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့သမိုင်းကို ပြန်ကြည့်ရင်လည်း လွတ်လပ်ရေးကြိုးပမ်းမှု ကာလမှာ မျိုးချစ်စိတ်ဓာတ်ထက်သန်တဲ့ ဆရာဝန်တွေနဲ့ သူနာပြုတွေဟာ ဘာအခွင့်အရေးမှ မရတဲ့ကြားက သက်စွန့်ကြိုးပမ်း ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ကြတာ တွေ့ရလိမ့်မယ်၊ တပ်မတော် သမိုင်းမှာ ခြေလျင်တပ်ဖွဲ့ဝင်တွေနဲ့ လက်တွဲပြီး စွန့်စွန့်စားစားတိုက်ပွဲဝင်ခဲ့လို့ စွမ်းရည်ဘွဲ့တံဆိပ်ရရှိခဲ့တဲ့ ဆေးတပ်ဖွဲ့ဝင်တွေရှိခဲ့တယ်၊ ထို့အတူပဲ ခြေလျင်တပ်မဟာမှူးတာဝန်ကိုပင် ထမ်းဆောင်နိုင်ခဲ့တဲ့ တပ်မတော်သားဆရာဝန်လဲ ရှိခဲ့တယ်၊ ဒါကြောင့် ရဲဘော်တို့ဟာ ဆေးအကာအကွယ်ပေးရေးတာဝန်ကို ထမ်းဆောင်တဲ့နည်းတူ စစ်မြေပြင်မှ တပ်စုတစ်စုကို ဦးဆောင်ပြီး တိုက်ပွဲဝင်နိုင်ရမယ်"

ဟူ၍ ပြောကြားခဲ့သည်။

မြန်မာ့တပ်မတော်သည် ပြည်သူကြားကပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်ဖြစ်သည်။ မျိုးချစ်တပ်မတော်သားများသည် စိတ်ဓာတ်မွန်မြတ်သည်။ ပင်ကိုအသိနှင့် စည်းကမ်းကောင်းကြသည်။ တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာနမထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် စွန့်လွှတ်စွန့်စားလိုကြသည်။ သစ္စာတရား၏စည်းနှောင်မှုနှင့် စည်းလုံးညီညွတ်ကြသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယ ရှိပြီး အပင်ပန်း အဆင်းရဲ ခံနိုင်ကြသည်။ စွမ်းရည်ရှိပြီး အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိကြသည်။

ထို့ကြောင့်လည်း ပြည်သူတစ်ရပ်လုံးက ရင်နှစ်သည်းချာများဖြစ်သည့် တပ်မတော်သားများကို ချစ်ခင်လေးစား အားထားယုံကြည်ကြသည်။ ပြည်သူနှင့်တပ်မတော်သည် တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ဖက်ဆစ်တို့ကို ခုခံတွန်းလှန်နိုင်ခဲ့ကြသည်။

ဖက်ဆစ်တော်လှန်ရေးအပြီးတွင် တပ်မတော်ခေါင်းဆောင်များသည် အမျိုးသားနိုင်ငံရေး စစ်မျက်နှာစာကိုပြောင်းပြီး လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲခဲ့ကြသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သည့် အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်တည်ထောင်ပေးခဲ့ကြသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်တို့ အတူတကွ မှီတင်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျသည့် အမျိုးသားနိုင်ငံရေးဖြစ်သည်။ ထို့ကြောင့် မျိုးချစ်တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်ခဲ့သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းဆင်း မျိုးဆက်သစ်တပ်မတော်သားများသည် တပ်စုမှူးအဆင့် စစ်ပညာများကို သင်ကြားလေ့ကျင့်ပြီးကြသည့်အပြင် သူနာပြုနှင့် ဆေးဘက် ပညာများကိုလည်း အောင်မြင်စွာ ဆည်းပူးနိုင်ခဲ့ကြပြီ ဖြစ်သည်။ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့နှင့် ရောဂါရှာဖွေရေးပညာ၊ ဓာတ်မှန်ရိုက်ပညာ၊ ကာယကုသပညာစသည့် ဘွဲ့အသီးသီးကို အပ်နှင်းပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၌ တာဝန်ပေးခန့်အပ်ခြင်း ခံကြရမည်ဖြစ်သည်။

မျိုးဆက်သစ် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် တပ်မတော်၏အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း **ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်** ဟူသည့် ဆောင်ပုဒ်အတိုင်း တပ်မတော် သားများနှင့် မိသားစုများ၏ ကျန်းမာကြံ့ခိုင်ရေးကို တာဝန်ယူကြရမည်ဖြစ်သည်။ ထို့အပြင် တာဝန်ကျရာ ဒေသရှိ မိဘပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းဆင်း မျိုးဆက်သစ်တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်ဝသည့် သူနာပြု၊ ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဘက်ပညာသည်များဖြစ်အောင် ကြိုးပမ်းအားထုတ်သွားကြရင်း တပ်မတော်၏ ဆေးဘက်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြသည့်အပြင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီ ရုပ်မြင်သံကြား

၈-၁-၂၀၀၆
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ မိုးကုတ်ဆရာတော်ကြီး၏ တရားတော် "ခမ္မစီမံသည့်အတိုင်း ဖြစ်ပေါ် နေကြသော တရားတော်"

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
၁၂:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ရေသူမလေး"** (အပိုင်း-၂) **(ဇာတ်သိမ်းပိုင်း)**
၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၃၅ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၀။ လျှပ်တစ်ပြက်
၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်"** (အပိုင်း-၅၆)ဇာတ်သိမ်းပိုင်း
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားရှင်"** (အပိုင်း-၄၁)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၈-၁-၂၀၀၆
(တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	သွင်းကုန်အစားထိုး စံချိန်မီ ပန်ကားကြိုး
၇:၂၀	Sunday Talk
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
၈:၄၀	ပြည်တွင်းသတင်းအကျဉ်း
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	သင်ယူစရာ ပန်းချီပညာ (စိတ်ကူးအာရုံဖြင့် ရေးဆွဲခြင်း)
၉:၁၀	မိုးလေဝသခန့်မှန်းချက်
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၂၅	ရော်ဘာသစ်အလုပရိဘောဂ
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	Myanmar Video Rhythm
၁၀:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	သံဂဟေအတတ်ပညာ (အပိုင်း-၁)
၁၀:၅၅	ကျန်းမာရေးနှင့် ညီညွတ်ဖို့ သန့်ရှင်းသော အစားအစာ စားကြစို့
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၅	ကာရာတေးဒိုအားကစား
၁၁:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀	ပုံမှန်အသက်ထက် ကျော်လွန်ပြီး အခြေခံပညာမူလတန်း အဆင့်သို့ ဝင်ရောက်လာသည့် ကလေးများအား အထူး သင်ကြားခြင်း
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	Learning English (European Food Equipment)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၉:၂၅	Sunderland-Northwich Victoria	5-Sports (Live)
၁၀:၂၅	Burton Albion-Man: United	5-Cartoons (Live)
၁၂:၅၅	Leicester City-Tottenham	5-Sports (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၈:၃၀	Siena-Inter Milan	5-Cartoons (Live)
၂:၀၀	AC Milan-Parma	MRTV-4 (Live)

ဇန်နဝါရီ ၃ ရက်က ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် ပညာရေး စုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲကို အမက (၂၃) မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးဆန်းဝင်းက စတုတ္ထတန်းမှ ဒုတိယဆုရ မယုသက်ပိုင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ပထမအကြိမ် သုတစွယ်စုံ စာပေဆု ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် သုတစွယ်စုံ စာအုပ်တိုက်က ချီးမြှင့်မည့် ပထမအကြိမ် သုတစွယ်စုံစာပေဆု ရရှိသူများ စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာထားသည်။ ဆုရသူများမှာ သုတစွယ်စုံစာပေဆု (ဝိဇ္ဇာ)အတွက် "တကောင်းမှ အသစ်တွေ့ရှိမှု ပျူအထောက်အထားများ"စာအုပ်ရေးသားသူ ဆရာချစ်စံဝင်း၊ သုတစွယ်စုံ စာပေဆု (စာပဒေသာ)အတွက် "ရိုတ်သိမ်းချိန်လွန်မြို့ပြနှင့် အခြား လူမှုစီးပွား အသုံးချဆောင်းပါးများ" ရေးသားသူ ဆရာအောင်မောင်း၊ သုတစွယ်စုံစာပေဆု (သုတသိပ္ပံ)အတွက် "ကမ္ဘာကျော်အဆောက်အအုံများနှင့် တည်ဆောက်သူများ" ရေးသားသူ ဆရာလှိုင်သင်း၊သုတစွယ်စုံစာပေဆု(အသုံးချသိပ္ပံ)အတွက် "သွားနှင့်ခံတွင်းအကြောင်း သိကောင်းစရာ"ရေးသားသူ ဒေါက်တာမိုလာနှင့် "သုတစွယ်စုံ တစ်သက်တာစာပေဆု"အတွက်ဆရာဦးတင်မောင်(သိပ္ပံမှူးတင်)တို့ ဖြစ်ကြသည်။

ယင်းဆုများကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ရက်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များကို အခြေခံ၍ ဆုရွေးချယ်ရေးအဖွဲ့က စနစ်တကျ ရွေးချယ်ခြင်းဖြစ်ပြီး ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ၁၄ ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဟုသိရသည်။ **(မြန်မာ့အလင်း)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အမိန့်ဗျာ

"လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းထက် မွန်မြတ်သောလုပ်ငန်းတာဝန်သည် မရှိပြီ။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အသက်ပေး ကာကွယ်စောင့်ရှောက်ကြပါစို့"

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်ထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်သူများအတွက် မိမိကိုယ်တိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြည်သူများကိုယ်စားလွတ်လပ်ရေးနေ့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့သပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံတော်အစိုးရ၏ ကြိုးပမ်းစွမ်းဆောင်ချက်များသည် ကြီးမားသော အောင်မြင်မှုများရရှိခဲ့သည်ဆိုတာကို ပြီးခဲ့သည့်နှစ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများက သက်သေခံလျက်ရှိကြောင်း၊ တိုးတက်လာသော လူနေမှုအဆင့်အတန်းနှင့် ပြည်ပဆက်ဆံရေးများ ချဲ့ထွင်လာမှုများကြောင့် ကျွန်ုပ်တို့ ပျော်ရွှင်ချမ်းမြေ့ မှု အနှစ်သာရများကို မျှဝေခံစားခဲ့ရကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံတော် ပြည်သူများသည် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်လိမ့်မည်ဟု မိမိယုံကြည်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နယ်နိမိတ်ခြင်းထိစပ်လျက်ရှိပြီး ဆွေမျိုးရင်းချာ ချစ်ကြည်ရင်းနှီးမှုကို နှစ်နိုင်ငံပြည်သူများက အလေးအနက်ထား ခံယူကျင့်သုံးလျက်ရှိသည်ကို တွေ့မြင်ရ၍ မိမိအလွန်ဝမ်းမြောက်မိပါကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကို အခြေခံပြီး ချစ်ကြည်ရင်းနှီးမှု အစဉ်အလာကောင်းများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်မှုများကြောင့် အကျိုးဖြစ်ထွန်းသော ရလဒ်ကောင်းများ ရရှိလာလိမ့်မည်ဟု မိမိအပြည့်အဝယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံပြည်သူပြည်သားများ ကျန်းမာချမ်းသာပါစေကြောင်းနှင့် အဆွေတော် အရာရာတွင် အောင်မြင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်ထံမှလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လီကျောက်ရှင်းထံမှ လည်းကောင်း လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီး ပေးပို့ကြသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရန်ဒွတ်လွန်ထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြည်သူများထံသို့ မိမိကိုယ်တိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူများကိုယ်စား လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပို့သအပ်ပါကြောင်း၊ မြန်မာနိုင်ငံ ပြည်သူများ၏ ကြွယ်ဝချမ်းသာမှု၊ ကျန်းမာကြံ့ခိုင်မှုနှင့် ပျော်ရွှင်ချမ်းမြေ့မှု ဆောင်ရွက်ချက်လုပ်ငန်းများတွင် ကြီးမားသော အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း၊ လွန်ခဲ့သော နှစ် ၃၀အတွင်းက ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတော် နှစ်နိုင်ငံအတွင်း ချစ်ကြည်ရင်းနှီးမှု အစဉ်အလာနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကောင်းမြတ်သောဖွံ့ဖြိုးတိုးတက်မှုများ ရရှိခဲ့ကြောင်း၊ ယင်းကောင်းမြတ်သော ဆက်ဆံရေးများကြောင့်နှစ်နိုင်ငံပြည်သူများအတွက် နောက်ထပ်စွမ်းအား ပြည့်ဝပြီး ခိုင်မာသော အကျိုးစီးပွားများ ဖြစ်ထွန်းလာလိမ့်မည်ဟု မိမိအလေးအနက် ယုံကြည်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံတော် ပြည်သူပြည်သားများ ကျန်းမာချမ်းသာပါစေကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်ထံမှလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံနိုင်ငံခြားရေးဝန်ကြီး ငုယင်ဇီညံထံမှလည်းကောင်း လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီး ပေးပို့ကြသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ

၂၀၀၆ခုနှစ် ဇန်နဝါရီ၄ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာကာပါဂဲလ်အာရိုယိုထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး နေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ မိမိကိုယ်တိုင်နှင့် ဖိလစ်ပိုင်ပြည်သူများကိုယ်စား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့သပါကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးများသည် ဆက်လက်၍ ခိုင်မာလျက်ရှိကြောင်း၊ ပြီးခဲ့သောနှစ်များအတွင်းက နှစ်နိုင်ငံဆက်ဆံရေး များတွင် ထပ်မံခိုင်မာသောဆက်ဆံမှုများရရှိခဲ့ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံပါကြောင်းဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ဖိလစ်ပိုင် သမ္မတ မဒမ်ဂလိုရီယာ မာကာပါဂဲလ် အာရိုယိုထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာ၌ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလက အလည်အပတ် ချစ်ကြည်ရေး ခရီးလာရောက်ခဲ့စဉ်အတွင်း နှစ်နိုင်ငံ အပြန်အလှန် အကျိုးစီးပွားအတွက် ဆွေးနွေးရန် အခွင့်အရေးများ ရရှိခဲ့ကြောင်း၊ ယင်းဆွေးနွေးခဲ့မှုများသည် နှစ်နိုင်ငံဆက်ဆံရေးကို ကြီးမားသော ပူးပေါင်းဆောင်ရွက်မှုဆီသို့ တွန်းအားသစ်များဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ဒေသတွင်းနှင့်ကမ္ဘာ့အလည်တွင်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများသည်နှစ်နိုင်ငံ အကျိုးစီးပွားအတွက် စွမ်းအားသစ်များကို ဆက်လက်ဖြစ်ပေါ်နေမည်ဟု မိမိယုံကြည်ကြောင်း ဖော်ပြပါရှိသည်။

ဆားဗီးယားနှင့်မွန်တီနီဂရိုနိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၈)နှစ် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဆားဗီးယားနှင့် မွန်တီနီဂရိုနိုင်ငံသမ္မတနှင့် ဝန်ကြီးချုပ် မစ္စတာ ဆဗက်တိုဇာ၊ မာရိုဗစ်ထံမှ သဝဏ်လွှာပေးပို့သည်။

သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့်မြန်မာပြည်သူ ပြည်သားများနှင့်အတူစီးပွား တိုးတက်စေရန် ဆန္ဒပြုပါကြောင်း၊ ဆားဗီးယားနှင့် မွန်တီနီဂရိုဝန်ကြီးအဖွဲ့နှင့် နိုင်ငံသူနိုင်ငံသားများ ကိုယ်စား ဆုမွန်ကောင်း တောင်းပါကြောင်း၊ ဆားဗီးယားနှင့် မွန်တီနီဂရိုနှင့်မြန်မာနိုင်ငံသူနိုင်ငံသားများအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်အပြင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုလည်း ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဖော်ပြသည်။ **(မြန်မာ့အလင်း)**

❐ *ကျောဖုံးမှ*

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီက ဆပ်ကော်မတီ အသီးသီးကို တာဝန်ပေးအပ်ပြီးဖြစ်ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် မိမိတို့၏ ဆပ်ကော်မတီအလိုက် ပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရန်လိုကြောင်း လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြရန်လိုကြောင်း။

အမျိုးသားရေးဦးတည်ချက်များ

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များအနေဖြင့်ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီးထာဝရတည်တံ့ ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက်ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော အမျိုးသားရေး ဦးတည်ချက်များကိုချမှတ်ထားပြီးဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

သို့ဖြစ်၍ ချမှတ်ထားသော အမျိုးသားရေး ဦးတည်ချက်များ အကောင်အထည်ဖော် ဖြစ်ထွန်းလာစေရေး အတွက်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီက လုပ်ငန်းအလိုက် ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ တင်ပြသည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၏ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းများစီမံဆောင်ရွက်ထားမှု အခြေအနေများ၊ ဆက်လက် ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက်ဆပ်ကော်မတီအသီးသီး၏ တင်ပြချက်များအပေါ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များကဖြည့်စွက်ဆွေးနွေးကြသည်။

အမှာစကား

ယင်းနောက် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံရိပ်မွန်အိမ်ရာ အမှတ်၅၂၀(စီ/၃) နေ ဦးကျော်နိုင်ဝင်း-ဒေါ်ခိုင်ဝင်းရီ မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ရုရှားနှင့်ဂျာမနီနှစ်နိုင်ငံ သဘာဝဓာတ်ငွေ့ ပူးပေါင်းထုတ်လုပ်မည်

ဘာလင် ဇန်နဝါရီ ၇

ဂျာမနီနိုင်ငံ၏ ရေနံသဘာဝဓာတ်ငွေ့လုပ်ငန်းအုပ်စု (ဘီအေအက်ဖ်)က ရုရှားနိုင်ငံပိုင် သဘာဝဓာတ်ငွေ့ကုမ္ပဏီ ဂါဇ်ပရွမ်နှင့် စီးပွားဖြစ်ရေန် ထုတ်လုပ်ရောင်းဝယ်မှုများ စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဇန်နဝါရီ ၄ရက် ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် ဂါဇ်ပရွမ်သဘာဝ ဓာတ်ငွေ့လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းပူးပေါင်းဆောင်ရွက်မှုမှာ အောင်မြင်မှု ရရှိမည်ဖြစ်ကြောင်း ဂျာမန်ဝင်တာရှယ်ကုမ္ပဏီမှ စီမံခန့်ခွဲရေး အကြီးအကဲ ရိန်းနီရာဇာဝစ်ဆာလော့က ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမည်

ရုရှားနိုင်ငံသည် စွမ်းအင်ကဏ္ဍ၌ ဥရောပတွင် အရေးပါသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ ဂျာမန်ဝင်တာရှယ် ကုမ္ပဏီသည် မြောက်ပင်လယ်အောက်မှ စွမ်းအင် ပိုမိုရရှိရေးအတွက် ယူရိုငွေ သန်းရာပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည်ဟုလည်း ဆာလော့က ပြောကြားသည်။

ယခုအခါ ဥရောပသမဂ္ဂသည် မြောက်အာဖရိကနှင့် ရုရှားနိုင်ငံတို့မှ သဘာဝဓာတ်ငွေ့တင်သွင်းမှု မှီခိုနေရကြောင်းလည်း ဆာလော့က ပြောကြားသည်။ မြောက်ပင်လယ်တွင် သဘာဝဓာတ်ငွေ့သိုက် ပမာဏ ကြီးမားစွာရှိကြောင်း သိရှိရသည်။

ဖြတ်တောက်ခဲ့

ရုရှားနိုင်ငံ၏ သဘာဝဓာတ်ငွေ့ ကုမ္ပဏီတစ်ခုဖြစ်သည့် ဂါဇ်ပရွမ်သည် ၂၀၀၆ခုနှစ် ပထမအစနေ့မှာပင် သဘာဝဓာတ်ငွေ့ဈေးနှုန်းနှင့်ပတ်သက်၍ ယူကရိန်းနိုင်ငံသို့ ပေးပို့နေသည့် သဘာဝဓာတ်ငွေ့ကို ရုရှားနိုင်ငံက ဖြတ်တောက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ မော်တော်ယာဉ်အင်ဂျင်ထုတ်လုပ်သည့် စက်ရုံတစ်ရုံတွင် ဝန်ထမ်းများလုပ်ငန်းခွင်ဝင်နေသည်ကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်အရှေ့မြောက်ဘက်၌ ဗုံးခွဲတိုက်ခိုက်မှုကြီးဖြစ်ပွား လူ၃၀ခန့်သေဆုံးပြီး ဒါဇင်ပေါင်းများစွာဒဏ်ရာရရှိ

ဘာကူဘာ ဇန်နဝါရီ ၇

ဘဂ္ဂဒက်အရှေ့မြောက်ဘက် မိုင်၆၀အကွာ မစ်ဒါလီယာရှိ ရှိုးယားတစ်ဦး၏ အသုဘအခမ်းအနား၌ ဇန်နဝါရီ ၄ရက်က အသေခံဗုံးခွဲ တိုက်ခဲ့မှုဖြစ်ပွားခဲ့ရာ လူ၃၀ခန့်သေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိသွားကြောင်း အီရတ်လုံခြုံရေးအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

တိုက်ခိုက်

အသုဘပို့သူများက အုတ်ဂူထဲတွင် အကာအကွယ် ယူပြီး စက်သေနတ် နှင့် မော်တာများဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထိုအတောအတွင်း အသေခံဗုံးခွဲ သူတစ်ဦးက ခါးတွင် ဖောက်ခွဲရေးပစ္စည်းများပတ်လျက် အဆိုပါ လူအုပ်ထဲသို့ တိုးဝှေ့ဝင်ရောက်ကာ ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုကြီးသည် ဒီဇင်ဘာ ၁၅ရက် ရွေးကောက်ပွဲအပြီး သွေးထွက်သံယိုမှု အဖြစ်ဆုံး တိုက်ခိုက်မှုကြီးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

လနှင့်ပတ်သက်သည့်အချက်အလက်များ ပိုမိုသိရှိရန် လပေါ်၌အနုကြည့်မှန်ပြောင်းကြီးတစ်ခု အီတလီထားရှိမည်

ရောမ ဇန်နဝါရီ ၇

လနှင့်ပတ်သက်သော အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်အတွက် လပေါ်တွင် ကြီးမားသော အနုကြည့်မှန်ပြောင်းကြီးတစ်ခုကို တည်ဆောက်ထားရှိရန် အီတလီနိုင်ငံက စီစဉ်နေကြောင်း၊ ထိုသို့တည်ဆောက်ခြင်းဖြင့် လအပြင် မြေကမ္ဘာနှင့် စကြာဝဠာအကြောင်းကိုလည်း ပိုမိုသိရှိရမည်ဖြစ်ကြောင်း အီတလီသတင်းဌာန အင်ဆာက ဒီဇင်ဘာ ၄ရက် ဗုဒ္ဓဟူးနေ့၌ သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ အနုကြည့်မှန်ပြောင်းကြီးကို လပေါ်ရှိချိုင့်ဝှမ်းတစ်ခုတွင် စက်ရုပ်များဖြင့်တည်ဆောက်မည်ဖြစ်ပြီး ယင်း အနုကြည့်မှန်ပြောင်းကြီးမှ တွေ့မြင်ရသော မြင်ကွင်းများကို မြေပြင်စခန်းသို့ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း အီတလီအာကာသအေဂျင်စီ (အေအက်ဖ်အိုင်) အကြီးအကဲ ဆာဂီရိုဗီထရီလာက ပြောကြားသည်။

တည်ဆောက်မည်

ထို့အပြင် အနုကြည့်မှန်ပြောင်းသည် အာကာသအတွင်းကိုလည်း ထိုးဖောက်ကြည့်ရှုမည်ဖြစ်ပြီး တွေ့မြင်ချက်များကို မြေပြင်စခန်းသို့ ပြန်လည်ပေးပို့မည်ဖြစ်သည်။

ထိုသို့လပေါ်တွင် အနုကြည့်မှန်ပြောင်းကြီးတည်ဆောက်ရေးမှာ လပေါ်တွင် ပြုလုပ်ထားသည့် သုတေသနပြုချက် အသစ်များမရရှိသော သတင်းအချက်အလက်များပေါ်၌ အခြေပြု တည်ဆောက်သွားမည်ဖြစ်ကြောင်းလည်း ဗီထရီလာက ထပ်မံပြောကြားသည်။ လပေါ်တွင် အနုကြည့်မှန်ပြောင်းကြီးတည်ဆောက်မှုနှင့်ပတ်သက်၍ အကူအညီပေးရန် နာဆာနှင့် ဥရောပ အာကာသအေဂျင်စီ (အီးအက်စ်အေ)တို့နှင့်လည်း ဆက်သွယ်ဆောင်ရွက်ထားပြီး ထိုစီမံကိန်း တစ်ခုလုံးအတွက် ယူရိုငွေသန်း ၁၅၀ ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

စေလွှတ်မည်

အဆိုပါ စီမံကိန်းအတွက် လပေါ်သို့ အနုကြည့်မှန်ပြောင်းကြီးတည်ဆောက်ရန် ပထမဆုံးစက်ရုပ်များကို လာမည့် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၂ခုနှစ်များတွင် လပေါ်သို့ စေလွှတ်မည်ဖြစ်ကြောင်း ဗီထရီလာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပျက်စီးနေသောမော်တော်ယာဉ်

ဘဂ္ဂဒက်မြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးနေသော မော်တော်ယာဉ် တစ်စီးကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တန် ၃၅၀၀ရှိ ရေငုပ်သင်္ဘောသုံးစင်း တောင်ကိုရီးယား၌ တည်ဆောက်ရန်စီစဉ်

ဆိုးလ် ဇန်နဝါရီ ၇

တောင်ကိုရီးယားနိုင်ငံသည် တန် ၃၅၀၀ရှိ ရေငုပ်သင်္ဘောသုံးစင်းကို ဝမ်ငွေ ၃ဒသမ ၇၄ထရီလီယံ (အမေရိကန်ဒေါ်လာ ၃ဒသမ ၇ဘီလီယံ) အကုန်အကျခံ၍ ၂၀၂၂ခုနှစ်တွင် အပြီးတည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်ကို မီဒီယာများက ဇန်နဝါရီ ၄ရက်၌ ကိုးကားဖော်ပြသည်။

ယခုတည်ဆောက်ရန်စီစဉ်သည့် ရေငုပ်သင်္ဘောအမျိုးအစား တန် ၁၈၀၀ကိုလက်ရှိတည်ဆောက်လျက်ရှိရာ ၂၀၀၇ခုနှစ်တွင် ရေချရန် စီစဉ်ထားကြောင်း၊ တန် ၃၅၀၀အလတ်စား ရေငုပ်သင်္ဘောသုံးစင်းကို ၂၀၁၀နှင့် ၂၀၂၂အကြား တည်ဆောက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား စစ်ဘက်သတင်းတစ်ရပ်ကို ကိုးကားလျက် ယွန်ဟပ်သတင်းစာကဖော်ပြသည်။ ယင်းရေငုပ်သင်္ဘောသုံးစင်းတည်ဆောက်ရေးအတွက် ဝမ်ငွေ ၃ဒသမ ၇၄ထရီလီယံကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘဂ္ဂဒက်အနီး၌ ဆီတင်ယာဉ်တန်းတိုက်ခိုက်ခံရ ဆီတင်ယာဉ် ၁၉စီးမီးလောင်၊ ရဲကားသုံးစီးပျက်စီး

ဘဂ္ဂဒက် ဇန်နဝါရီ ၇

ဘဂ္ဂဒက်အနီး၌ ဇန်နဝါရီ ၄ရက်က ရဲကွန်မန်ဒိုအဖွဲ့လိုက် ပါလာသော ဆီတင်ယာဉ်တန်းကို ပြောက်ကျားများက တိုက်ခိုက်ခဲ့ရာ ဆီတင်ယာဉ် ၁၉စီးမီးလောင်ပြီး စစ်ယာဉ်သုံးစီးပျက်စီးသွားကြောင်း ရဲအဖွဲ့က ဆင်ဟွာသို့ ပြောကြားသည်။

ပစ်ခတ်

လက်နက်ကိုင် ပြောက်ကျားများက ဘဂ္ဂဒက်မြောက်ဘက် မိုင် ၄၀အကွာ မီရာဟောဒါ ဒေသ၌ ဆီတင်ယာဉ်များကို ဒုံးပစ်လောင်ချာနှင့် ရိုင်ဖယ်သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာ ဆီတင်ယာဉ် ၁၉စီးနှင့် ရဲကွန်မန်ဒိုကားသုံးစီး ပျက်စီးသွားကြောင်း ဘဂ္ဂဒက်မှ ရဲအရာရှိ အာမက် အဗ္ဗဒူလာက ပြောကြားသည်။

ပြောကြား

တိုက်ခိုက်ရေး သမားများနှင့် အမေရိကန်ဦးဆောင်သော အီရတ်တပ်များအကြား တိုက်ခိုက်သော တိုက်ပွဲတစ်ရပ်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အဆိုပါ ဆီတင်ယာဉ်တန်းသည် ဘေဂျီးရေနံသန့်စင်စက်ရုံမှ ဘဂ္ဂဒက်သို့ ထွက်ခွာလာသော ယာဉ်တန်း ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်၌ ကားဗုံးဖောက်ခွဲတိုက်ခိုက် သုံးဦးသေဆုံး၊ ၁၃ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၇

ဘဂ္ဂဒက်မြို့တွင် ဇန်နဝါရီ ၄ရက် ဗုဒ္ဓဟူးနေ့က ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ အနည်းဆုံး လူသုံးဦး သေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အီရတ် ရဲတပ်ဖွဲ့ မော်တော်ယာဉ်များအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်ဟု ရိုက်တာ သတင်းထောက်တစ်ဦးက ပြောကြားသည်။

ပျက်စီး

ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် သေဆုံးသူများမှာ အရပ်သားများ ဖြစ်ကြပြီး အရပ်ဘက် မော်တော်ယာဉ် ၁၀စီးခန့်လည်း ပျက်စီးခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြိုင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၇

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြိုင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖွင့်ပွဲအခမ်းအနားများကို ဇန်နဝါရီ ၂ ရက် နံနက် ၇ နာရီက မြိုင်မြို့ခွဲကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိခြင်း အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကျင်းပသည့် အမှတ်(၃) ရပ်ကွက်လမ်းဆုံသို့ ရောက်ရှိရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့က မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိခြင်း အထိမ်းအမှတ် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ဝန်ကြီးက အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(ယာအောက်ပုံ)**

မြိုင်မြို့နယ်တွင် နိုင်ငံတော်ထောက်ပံ့ငွေ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၆၉၃ သိန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုအချိန်တွင် မြိုင်မြို့နယ်အတွင်းရှိ စုစုပေါင်း ကျေးရွာ ၃၃၁ ရွာမှာ သန့်ရှင်းသော သောက်သုံးရေ ရရှိပြီဖြစ်ကြောင်း သိရသည်။

ဆုံ ရေကန်တစ်ကန်၊ အများသုံးရေကန်နှစ်ကန် ရေပိုက်လိုင်းများ ဆက်သွယ်ခြင်း၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးတပ်ဆင်ခြင်း လုပ်ငန်းများကို နိုင်ငံတော်ထောက်ပံ့ ငွေကျပ် ၅၁၅ဒသမ ၇၅သိန်း အကုန် အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ တစ်နေ့လျှင် ရေဂါလန် နှစ်သိန်းခန့် ဖြန့်ဖြူးပေးနိုင်၍ မြို့နေပြည်သူများအတွက် လုံလောက်စွာ ရေပေးဝေနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၂)ရပ်ကွက်ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း ဖွင့်လှစ်ပွဲ အခမ်းအနားသို့ ရောက်ရှိပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ကတ္တရာလမ်းသစ်ဖွင့်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အမှတ် (၂) ရပ်ကွက် မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ယင်းလမ်းမှာ အရှည် ပေ ၃၃၀၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၁၄ ဒသမ ၄ သိန်းဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး သင်တန်းသူများ စက် ချုပ်လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာ ပညာသင်တန်းကျောင်းတွင် သင်တန်းသူ ၃၀တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၄ပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

တိုးချဲ့မြို့ ရေပေးရေးရေစက်ရုံဖွင့်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၂) ရပ်ကွက်ရှိ တိုးချဲ့မြို့ ရေပေးရေး ရေစက်ရုံဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးက တိုးချဲ့ မြို့ရေပေးရေး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ရေစက်ရုံကို လှည့်လည်ကြည့် ရှုစစ်ဆေးခဲ့သည်။ အဆိုပါ တိုးချဲ့မြို့ရေပေးရေး လုပ်ငန်းဖြစ်သော ခြောက်လက်မ စက်ရေတွင်းနှစ်တွင်း၊ ဂါလန် ၁၀၀၀၀

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏စက်မှုကဏ္ဍ

တပ်မတော်အစိုးရလက်ထက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

ပြည်နယ်နှင့်တိုင်းအလိုက် စက်ရုံ၊ အလုပ်ရုံများ တိုးတက်ဖြစ်ထွန်းလာ

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကဏ္ဍ ထွန်းကားရန်လိုပေသည်။ စားရေး၊ ဝတ်ရေးအတွက် နိုင်ငံအတွင်း လယ်ယာကဏ္ဍ အခြေခံကောင်းများ ရှိပြီးဖြစ်သည်။ ယခုအခါ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ပါ အလေးထား ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

အလေးထားဆောင်ရွက်

စက်မှုနိုင်ငံအဖြစ် တက်လှမ်းနိုင်ရေးအတွက် စက်မှုအခြေခံများ ထူထောင်ရာတွင် ပြည်ထောင်စု၏ နယ်မြေဒေသ တစ်ခုနှင့်တစ်ခုအကြား ကွာဟမှုလျော့နည်းပြီး နယ်မြေဒေသများ တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထား ဆောင်ရွက်လျက်ရှိသည်။

စက်မှုကဏ္ဍတွင် တာဝန်ရှိသူများအားလုံး တက်တက်ကြွကြွ ဦးဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကောင်းများဖြင့် ဆောင်ရွက်နိုင်ခဲ့သဖြင့် စက်မှုကဏ္ဍ၏ တိုးတက်မှုသည် တစ်နှစ်ထက် တစ်နှစ် သိသိသာသာ မြင့်မားတိုးတက်လျက်ရှိသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံပိုင်စက်ရုံအသစ်များကို နယ်မြေဒေသအနှံ့ တိုးချဲ့ထူထောင်ပေးလျက်ရှိသကဲ့သို့ နိုင်ငံပိုင်စက်ရုံ အဟောင်းအသစ် အားလုံး စက်စွမ်းအားပြည့်လည်ပတ်နိုင်စေရန် အလေးထား ဆောင်ရွက်လျက်ရှိသည်။

တိုးတက်တည်ဆောက်ပေးထားသော နိုင်ငံပိုင်စက်ရုံများ

စဉ်	ပြည်နယ်/တိုင်း	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ကယား	၄	၇	၃
၂	ကရင်	၆	၉	၃
၃	ချင်း	၅	၈	၃
၄	မွန်	၂၄	၂၈	၄
၅	ရခိုင်	၅	၇	၂
၆	ရှမ်း	၂၂	၄၂	၂၀
၇	စစ်ကိုင်း	၅၃	၆၉	၁၆
၈	တနင်္သာရီ	–	၁၂	၁၂
၉	ပဲခူး	၇၉	၁၀၆	၂၇
၁၀	မကွေး	၃၈	၆၄	၂၆
၁၁	မန္တလေး	၁၀၂	၁၃၈	၃၆
၁၂	ရန်ကုန်	၁၉၄	၂၄၁	၄၇
၁၃	ဧရာဝတီ	၅၉	၆၄	၅

စက်မှုကဏ္ဍတွင် လယ်ယာထွက်ကုန်ပစ္စည်းများကို အခြေခံသည့် စက်မှုလုပ်ငန်း၊ မော်တော်ယာဉ် ထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများမှာ ယခုအခါ သိသိသာသာ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

တိုးတက်ဖြစ်ပေါ်

ခေတ်မီနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် တပ်မတော်အစိုးရလက်ထက်တွင် ပြည်နယ်နှင့် တိုင်းအလိုက် တည်ဆောက်ခဲ့သော စက်ရုံ၊ အလုပ်ရုံများ တိုးတက်ဖြစ်ပေါ်မှုကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။



အမှတ်(၂)စက်မှုဝန်ကြီးဌာန စက်မှုနယ်မြေတစ်ခုဖြစ်သော ပဲခူးမြို့နယ် အင်းတကော်ဒေသ စက်မှုနယ်မြေရှိ လက်တွန်းထွန်စက် အင်ဂျင်အစိတ်အပိုင်းများ ထုတ်လုပ်မှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ရန်အောင်မြင်ဓမ္မာရုံကြီး ဘုံငါးဆင့်ထီးတော်တင်မည်

ရန်ကုန် ဇန်နဝါရီ ၇

သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်နှင့် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ပါဠိကာရီချမ်းမြေ့နန္ဒာ ပရိယတ္တိစာသင်တိုက်၏ ဦးစီးမဟာပဓာနနာယက ပါဠိကာရီဆရာတော် ဘဒ္ဒန္တအင်္ဂိရသ၏ ဩဝါဒကိုခံယူလျက် သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရန်အောင်မြင် ဓမ္မာရုံအကျိုးတော်ဆောင်များက ကမကထပြု၍ ဘုံငါးဆင့် ထီးတော်တင်မင်္ဂလာ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ရပ်ကွက်အတွင်းမှ အလှူရှင်များ၊ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များ ပါဝင်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၈–၁–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၂၅ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နေခြည်နွေးနွေး”** (အပိုင်း–၂၁)
၁၂:၀၅ ၄။ အရာတော်ရေလှောင်တမံ
၁၂:၁၅ ၅။ မြန်မာရုပ်ရှင် **“နေကမွေးတဲ့လ”** ကျော်ဟိန်း၊ မင်းမော်ကွန်း၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ–မောင်တင်ဦး)
၁၄:၄၅ ၆။ International News
၁၅:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၂၀ ၇။ အတီးပြိုင်ပွဲ
၁၇:၃၅ ၈။ တေးဂီတအစီအစဉ်
၁၇:၄၅ ၉။ အကပြိုင်ပွဲ
၁၇:၅၀ ၁၀။ ရုပ်မြင်ရသတေးစုကဏ္ဍ
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၂၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၂၅ ၁၃။ ဆိုကြမယ် ပျော်ကြမယ်
၁၉:၁၅ ၁၄။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉:၃၀ ၁၅။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရှေးရှု **“သမိုင်းမော်ကွန်း ထွန်းသစ်ဝေဖြာ ပြည်မြန်မာ”**
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **“ကြယ်စင်ဝန်းခ ပန်းရိုမ” (အပိုင်း–၂) လူမင်း၊ ခန့်စည်သူ၊ နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ ဇင်ဇင်ဇော်မြင့်၊ နွဲ့နွဲ့မူ၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ–စင်ရော်မောင်မောင်)**
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မိပြီဆိုရင်”** (အပိုင်း–၁၂)

ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်ဦးတည်ချက်၊ ပြည်သူ့ဆန္ဒသဘောထား၊ ပြည်သူ့သန္နိဋ္ဌာန်တို့ဖြင့် ခိုင်မာကောင်းမြတ်ရမည်

* ရှေ့ဖုံးမှ

လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖ ပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စုစုပေါင်းအင်အား ၂၀၀၀၀ကျော်တို့ တက်ရောက်ကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာမောင်သင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာထွန်းအောင်ကျော်၊ မြန်မာနိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ စီးပွားရေးလုပ်ငန်းရှင် ဦးဆွေအောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဘိုကလေးဦးတင့်အောင်တို့က ဆောင်ရွက်ကြသည်။

လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်မာလာမြင့်ကဆောင်ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် သဃ်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဒေါ်ချိုသဲကြည်က ဆောင်ရွက်ပြီး အခမ်းအနားမှူးက လူထုအစည်းအဝေးအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ရှေးဦးစွာ သဘာပတိ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာမောင်သင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးပွဲကြီးကို လူထုအဖွဲ့အစည်းပေါင်းစုံကိုယ်စားပြုတက်ရောက်လာကြသည့် တိုင်းရင်းသားပြည်သူအပေါင်း ကျန်းမာချမ်းသာကြပါစေကြောင်းကို ဆန္ဒပြုနှုတ်ခွန်းဆက်သလိုက်ပါကြောင်း။

မိသားစုနိုင်ငံတော်ကြီး

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး တစ်ရာကျော်၊ လူဦးရေ ၅၅ သန်းနီးပါး သမိုင်းစဉ်ဆက် မရှိအတူရှိအတူ၊ အေးအတူပူအမျှ ချစ်ကြည်စည်းလုံးစွာ စုပေါင်းနေထိုင်ကြသည့် မိသားစု နိုင်ငံတော်ကြီးဖြစ်ကြောင်း၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ရှည်လျားသောသမိုင်းစဉ်တစ်လျှောက်တွင် ခံ့ခံ့ထည်ထည်နေခဲ့သည့် နိုင်ငံဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရေမြေဥတုရာသီကောင်းပြီး စိုက်ပျိုးမြေ၊ သစ်တော၊ ပတ္တမြား၊ ကျောက်သံ၊ စပါးကောက်နှံစသည့် မြေသယံဇာတ၊ ရေသယံဇာတ

မော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးမော် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူးကြီး တင်စိုး (အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (မြန်မာ့အလင်း)

ပန်းဘဲတန်းမြို့နယ်မှ တရားရုံးချုပ် ရှေ့နေ ဦးမြင့်နိုင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (မြန်မာ့အလင်း)

ကြွယ်ဝလှပါကြောင်း၊ ယင်းတို့ကိုမျက်စိကျသည့် ကိုလိုနီနယ်ချဲ့သမားများက မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခြယ်လှယ်သွေးစုပ်သည်ကို နှစ်တစ်ရာကျော်ခံခဲ့ရကြောင်း၊ သူ့ကျွန်မခံလိုသော မိမိတို့ဘိုးဘွားတိုင်းရင်းသားညီနောင်များ မျိုးချစ်စိတ်ဓာတ်ကိုယ်စီဖြင့် နယ်ချဲ့လက်က မြန်မာ့လွတ်လပ်ရေးကို အသက်ပေါင်းများစွာစတေးပြီး ပြန်လည်တိုက်ယူခဲ့ကြသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်ပြီးအချုပ်အခြာအာဏာပိုင်သည့် နိုင်ငံဖြစ်လာခဲ့ကြောင်း၊ ကိုယ့်နိုင်ငံငြိမ်းချမ်းသာယာအောင်၊ လုံခြုံတည်ငြိမ်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ ကိုယ့်နိုင်ငံပြည်သူများ၏ဆန္ဒ၊ သမိုင်းပေးအနေအထား၊ အချုပ်အခြာအာဏာကျင့်သုံးမှုတို့ဖြင့် ဆုံးဖြတ်လုပ်ဆောင်ခွင့်ရှိကြောင်း။

စည်းကမ်းတကျရေးသားထား

လွတ်လပ်သောပြည်သူများ ပိုင်ဆိုင်အပ်သည့် အချုပ်အခြာအာဏာကို မည်သို့မည်ပုံ၊ မည်သူမည်ဝါ မည်သည့်အစုအဖွဲ့များက ပြည်သူလူထုကိုယ်စား ပိုင်းခြားခွဲဝေအပ်နှင်းကျင့်သုံးကြမည်ဆိုသည်ကို စည်းကမ်းတကျရေးသားထားရကြောင်း၊ ယင်းကဲ့သို့ စာနှင့်ပေနှင့်စနစ်တကျရေးသားထားသော စည်းကမ်းစည်းမျဉ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟု ခေါ်ဆိုသုံးနှုန်းနေကြခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှိခဲ့ဖူးပါကြောင်း၊ လွတ်လပ်ရေးအချိန်မီရရန် နယ်ချဲ့အလိုကျ အလျင်စလိုရေးဆွဲခဲ့သော ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်ထောင်စုက ခွဲထွက်ခွင့်မှုများပါခဲ့၍ ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်များ တစ်ကြိမ်မက ကြုံခဲ့ရခြင်း ဖြစ်ကြောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ ၁၃ သန်းကျော် ၉၀ ဒသမ ၁၉ ရာခိုင်နှုန်းက ထောက်ခံခဲ့ကြကြောင်း၊ သို့ရာတွင် ဆိုရှယ်လစ် စနစ်တည် ဆောက်ရေးကို အလေးပေးရေးဆွဲခဲ့ခြင်းဖြစ်ပြီး ဗဟိုကချုပ်ကိုင်သောစနစ်၊ တစ်ပါတီစနစ်ဖြစ်၍ ပုဂ္ဂလိကစီးပွားရေးကို မျက်ကွယ်ပြုခဲ့သည့် အားနည်းချက်များရှိခဲ့၍ ခေတ်၏ တောင်းဆိုမှုကြောင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆက်လက်ကျင့်သုံးခြင်းမပြုလိုသည့် ၁၉၈၈ခုနှစ် တိုင်းဆူပြည်ဖျက် အရေးအခင်းဖြစ်ပေါ်ခဲ့ရကြောင်း။

ခိုင်မာကောင်းမြတ်

ထို့ကြောင့် **အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်ရေးသည် နိုင်ငံတော်နှင့် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် မရှိ၍မဖြစ်သော အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ အေးချမ်းသာယာ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်ဦးတည်ချက်၊ ပြည်သူ့ဆန္ဒသဘောထား၊ ပြည်သူ့သန္နိဋ္ဌာန်တို့နှင့်အညီ ခိုင်မာကောင်းမြတ်ရမည်**ဖြစ်ကြောင်း။

တပ်မတော်အစိုးရအနေဖြင့် ၁၉၈၈ခုနှစ်ကစ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ဦးတည်ချက်(၁၂)ရပ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်ခဲ့ကြောင်း၊ တစ်ပြိုင်တည်းမှာပင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို သဘောထားကြီးစွာဖြင့် စည်းရုံးဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်၏အစဉ်အလာကောင်းများနှင့်အညီ တိုင်းရင်းသားမိဘပြည်သူများ၏အကျိုးကို ဦးထိပ်ထားပြီး အသက်ပေးကာကွယ်စောင့်ရှောက်သည့်နည်းတူနိုင်ငံရေးအရလည်း ဒီမိုကရေစီစနစ်ဖြစ်ပေါ်ရေးကို ရှေ့ကတည်းကပင် ရှေးရှုခဲ့ကြောင်း၊ ၁၉၄၅ ခုနှစ် မျိုးချစ်ဗမာ့တပ်မတော်လက်ထက်တွင် အဓိကထားရှိခဲ့သော ဦးတည်ချက်သည် လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးဖြစ်သည်ဆိုသည်မှာ အထင်အရှားရှိခဲ့ကြောင်း။

နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်အစစ်အမှန်ဖြစ်သည့် တိုင်းရင်းသားပြည်သူများ၏ လက်ဝယ်ကို ညင်သာစွာဖြင့် နိုင်ငံတော်အာဏာပြန်လည်အပ်နှံနိုင်ရေးအတွက် ရှေးရှုပြီး ၁၉၉၂ခုနှစ် နှစ်လယ်ပိုင်းတွင် ဒီမိုကရေစီပေါ်ပေါက်ရေး၏ အခြေခံဖြစ်သော အမျိုးသားညီလာခံကျင်းပရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကိုယ်စားလှယ် ၁၅ ဦးနှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့်ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ စုစုပေါင်း ၂၉ ဦးတို့ အကြိမ်ကြိမ် စိတ်ရှည်လက်ရှည်ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြလျက် ခြောက်လအတွင်း အမျိုးသားညီလာခံခေါ်ယူကျင်းပရန် အတိအလင်းကြေညာခဲ့ပြီး ၁၉၉၂ခုနှစ် အောက်တိုဘာလ ၂ရက်တွင် အမိန့်အမှတ်(၁၃/၉၂)ကိုထုတ်ပြန်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း။

စတင်ကျင်းပခဲ့

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သည် ခိုင်မာသည့် နိုင်ငံတော် တော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် မူများချမှတ်နိုင်ရေးကို ဦးတည်ပြီး အမျိုးသားညီလာခံကြီးကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည့်တံ့ခိုင်မြဲရေး၊ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဟူသော ဦးတည်ချက် ခြောက်ရပ်ဖြင့် ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ရက်တွင်စတင်ကျင်းပခဲ့ကြောင်း၊ အမျိုးသားညီလာခံတွင် တရားဝင်တည်ရှိနေသော နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲ၌ ရွေးချယ်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များအစုအဖွဲ့၊ ပြည်ထောင်စု ပြည်နယ်/တိုင်းဒေသစုံက တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များနှင့် ပညာရှင်ကြီးများ ပါဝင်သောအခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအစုအဖွဲ့တို့အပါအဝင် အစုအဖွဲ့ ရှစ်ဖွဲ့တွင် အမျိုးသားညီလာခံကိုယ်စားလှယ် ၇၀၂ဦး တက်ရောက်ခဲ့ကြကြောင်း။

ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံတွင် စနစ်တကျချမှတ်ထားသော လုပ်ထုံး၊လုပ်နည်းများနှင့်အညီ လွတ်လပ်စွာ အကြံပြုဆွေးနွေးခြင်းများ၊ ဆုံးဖြတ်အတည်ပြုခြင်းများဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုအချိန်က အမျိုးသားညီလာခံတွင် ဆွေးနွေးရမည့်အခန်းအလိုက် ခေါင်းစဉ်များကို စဉ်းစားဆွေးနွေးကြရာတွင် ခေါင်းစဉ် ၂၀၀၀ ကျော်အထိ ရရှိခဲ့ကြောင်း၊ သို့ရာတွင် နိုင်ငံတကာဖွဲ့စည်းပုံအခြေခံဥပဒေများတွင်ပါရှိသော ခေါင်းစဉ်များနှင့် ယှဉ်တွဲသုံးသပ်ပြီး အသင့်တော်ဆုံးအခန်းလိုက်ခေါင်းစဉ် ၁၅ခုဖြစ်သည့် နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ တပ်မတော်၊ နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များ၊ ရွေးကောက်တင်မြှောက်ခြင်း၊ နိုင်ငံရေးပါတီများ၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ၊ အထွေထွေပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အရေးပါသောအခြေခံမူကြီး (၁၀၄)ချက်ကို ခိုင်ခိုင်မာမာ ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ၁၉၉၀ပြည့်နှစ် မေလ ၂၇ ရက်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် အနိုင်ရသည့် ကိုယ်စားလှယ်များသည် လုပ်ငန်းစဉ်အရ အမျိုးသားရေးတာဝန်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးကို အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ရွေးချယ်ခံကိုယ်စားလှယ်အချို့က အမျိုးသားရေးကိုဦးစားမပေးဘဲ မိမိတို့ထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်ပျက်ကွက်မှုကြောင့် အမျိုးသားညီလာခံကြီး ယာယီရပ်ဆိုင်းခဲ့ရကြောင်း။

အားထုတ်ကြိုးပမ်းလုပ်ဆောင်

နိုင်ငံရေးအရ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများ ယာယီရပ်ဆိုင်းသွားခဲ့ရသော်လည်း တပ်မတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ လိုလားတောင်းတနေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး ပန်းတိုင်ကို မျက်ခြည်ပြတ်မခံခဲ့ကြောင်း၊ **မိမိတို့ ပြည်သူများမျှော်မှန်းသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် တည်တံ့ခိုင်မြဲရေး ကြိုးပမ်းတည်ဆောက်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အဓိကကျသော အခြေခံလိုအပ်ချက်များဖြစ်ကြောင်း၊** ထို့ကြောင့် တပ်မတော်အစိုးရအနေဖြင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အားထုတ်ကြိုးပမ်းလုပ်ဆောင်ပေးခဲ့ကြောင်း၊ နိုင်ငံတော်တွင် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများ တည်ဆောက်ပေးရင်း တစ်ပြိုင်တည်းမှာပင် တိုင်းရင်းသားပြည်သူတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများကိုပါ ယှဉ်တွဲဖော်ဆောင် မြှင့်တင်ပေးခဲ့ကြောင်း။

ယင်းကဲ့သို့ အမျိုးသားရေး လုပ်ငန်းစဉ်များကို ဦးလည်မသုန် ဆောင်ရွက်ရင်း နိုင်ငံတော်အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ လိုအပ်ချက်များ ပိုမိုပြည့်စုံလာချိန်ဖြစ်သည့် ၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်းကို တရားဝင်ထုတ်ဖော်ကြေညာခဲ့ကြောင်း။

ပြည်တွင်းပြည်ပက သောင်းသောင်းဖြဖြထောက်ခံခဲ့ကြသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်ဖြစ်ပြီး အရေးကြီးဆုံးအဆင့်ဖြစ်သော အမျိုးသားညီလာခံ ပြန်လည်ကျင်းပခြင်းကို ၂၀၀၄ ခုနှစ် မေ ၁၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း။

မလွဲမသွေဆောင်ရွက်

တပ်မတော်အစိုးရသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ထွန်းရေးအတွက် မလွဲမသွေ ဆောင်ရွက်ရမည့် အစီအစဉ်တစ်ရပ်ဖြစ်သော အမျိုးသားညီလာခံကို အနှောင့်အယှက်အဖျက်အဆီးများမည်မျှပင်ရှိရှိ အောင်မြင်အောင်ဆောင်ရွက်မည်ဟု ဆုံးဖြတ်ချက်ချထားသည့်အတိုင်း ယခုအခါ ကိုယ်စားလှယ် ၁၀၈၀ ဖြင့် စည်းကမ်း၊ နည်းလမ်းတကျ ကျင်းပလျက်ရှိကြောင်း။

ကိုယ်စားလှယ်များထဲတွင် ပါရဂူဘွဲ့ရသူများ၊ ပညာရပ်ဆိုင်ရာ မဟာဘွဲ့နှင့် ဘာသာရပ်အလိုက်ဘွဲ့၊ ဒီဂရီ ရထားသူများ အများစုပါဝင်ပြီး ဒီပလိုမာဘွဲ့ရထားသူများနှင့် ပညာအရည်အချင်းရှိသူများ၊ စာပေအတတ်ပညာရှင်များနှင့် ဒေသက ကြည်ညိုလေးစားခံရသူများ၊ ဘဝအတွေ့အကြုံရှိသူ ရင့်ကျက်သူများအပြင် လွန်ခဲ့သည့် နှစ် ၄၀ ခန့်မှစပြီး အကြောင်းအမျိုးမျိုးဖြင့် သဘောကွဲလွဲဆန့်ကျင်ခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်ကိုယ်စားလှယ် ၁၀၀ ကျော်ပါဝင်ပြီး အလွှာစုံ၊ အဖွဲ့စုံ၊ တိုင်းရင်းသားစုံတို့သည် မြို့နယ်အလိုက် ပြည်သူ့ကိုယ်စားပြု တက်ရောက်ကြသော စစ်မှန်သည့် ကိုယ်စားလှယ်များဖြစ်၍ နိုင်ငံတော်အတွက် အကောင်းဆုံး၊ အခိုင်မာဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများကို ချမှတ်နိုင်မည်ဖြစ်ကြောင်း။

အမျိုးသား ညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ချမှတ်ပြီးသည့် အခန်းလိုက်ခေါင်းစဉ် ၁၅ ခုအနက် နက်နဲခက်ခဲသော ခေါင်းစဉ်များဖြစ်သည့် နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးခေါင်းစဉ်များအတွက် အသေးစိတ် အခြေခံရမည့် မူများကို အောင်မြင်စွာချမှတ်နိုင်ခဲ့ပြီး ယခုအခါ ဥပဒေပြုရေးအခန်းတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သော အသေးစိတ်အခြေခံမူများရရှိရေးကို ဆွေးနွေးလျက်ရှိနေကြကြောင်း၊ ဆက်လက်ပြီး နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့

အမျိုးသားညီလာခံတွင် တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ၊ ပါတီပေါင်းစုံ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို ပန္နက်ရိုက်အုတ်မြစ်ချနေ

စာမျက်နှာ ၆ မှ

တာဝန်များ ခေါင်းစဉ်နှင့် တပ်မတော်ခေါင်းစဉ်အတွက် အသေးစိတ် အခြေခံရမည့်မူများ ဆွေးနွေးချမှတ်ကြမည်ဖြစ်ကြောင်း။

အခြေခံမူများ

အမျိုးသားညီလာခံကြီးကျင်းပခြင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အရေးကြီးသော ကြိုးပမ်းဆောင်ရွက်ချက်ဖြစ်ကြောင်း၊ ဖြတ်သန်းလာခဲ့သည့် အတိတ်သမိုင်းအရ ဖွဲ့စည်းပုံအခြေခံဥပဒေအားနည်းချက်အချို့ရှိခဲ့ခြင်းကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ အခက်အခဲ အကျပ်အတည်းများဖြင့် ကြုံခဲ့ရကြောင်း၊ ထို့ကြောင့် ယခုအခြေခံဥပဒေတွင် အားနည်းချက်၊ အဖျက်မျိုးစေ့မပါစေရန် အချိန်ယူပြီး စိစစ်ဝေဖန်သုံးသပ်ကာ အသေးစိတ်အခြေခံရမည့်မူများကို အလေးအနက်ချမှတ်လျက်ရှိကြောင်း။

အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် နိုင်ငံတော်က လိုအပ်သမျှ ဖြည့်ဆည်းပံ့ပိုး ပေးလျက်ရှိသကဲ့သို့ ညီလာခံကိုယ်စားလှယ်ကြီးများကလည်း မိမိတို့၏ ကိုယ်ရေးကိစ္စ အလုပ်တာဝန်များကိုထားခဲ့ပြီး ညီလာခံ၌ စိတ်အားထက်သန်စွာ ကြိုးပမ်းနေကြကြောင်း၊ ဆက်လက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကောင်းတစ်ရပ်ရေးဆွဲ၊ ပြည်သူ့ဆန္ဒခံယူအတည်ပြု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ရွေးကောက်ပွဲများကျင်းပ၊ အရွေးခံကိုယ်စားလှယ်များနှင့် လွှတ်တော် အစည်းအဝေးခေါ်ယူ နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့ ရွေးကောက်တင်မြှောက်၊ အစိုးရအဖွဲ့သစ်က အခြေခံဥပဒေနှင့်အညီ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးဦးတည်ချက်ကို အကောင်အထည်ဖော်သွားမည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ရေးအတွက် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အလုပ်အမှုဆောင် ဦးကျော်ကျော်ဝင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံ ဆွေးနွေးတင်ပြစဉ်။ (မြန်မာ့အလင်း)

တားဆီးကာကွယ်

မိမိတို့ ကောင်းမြတ်သည့် ရှေ့ရည်မှန်းချက်ပန်းတိုင်ကို မိမိတို့ ပြည်သူတစ်ရပ်လုံးဆန္ဒနှင့်အညီ ဖော်ဆောင်လျက်ရှိရာတွင် ပြည်တွင်းပြည်ပ အဖျက်သမားများသည် မှုမမှန် မသမာသည့် ကိုယ်ကျိုးအတ္တလွန် ရည်ရွယ်ချက်များဖြင့် နှောင့်ယှက်နေကြသည်ကိုလည်း မြင်တွေ့ကြားသိကြပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးကို ကျူးကျော်သိမ်းပိုက်လိုသော၊ ဩဇာလွှမ်းမိုး ခြယ်လှယ်လိုသော ကိုလိုနီနယ်ချဲ့တို့သည် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အစီအစဉ်တကျ သပ်သျှိုဖြိုခွဲပြီး အမျိုးသားရေးအားမာန်ကို လျော့ပါးချည့်နဲ့အောင် လုပ်ဆောင်နေခြင်းကို အမျိုးသားရေးသတိကြီးစွာဖြင့် သိမြင်တားဆီးကာကွယ်ရန် လိုအပ်ကြောင်း။

ယနေ့ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုသမိုင်းစဉ်ကို မည်သည့်ပါတီအဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ ဟန့်တားပိတ်ပင်တားဆီး၍ မရနိုင်ကြောင်း၊ အကယ်၍ ဟန့်တားပိတ်ပင်တားဆီးရန် ကြိုးပမ်းလာလျှင်လည်း ကြိုးပမ်းလာသူပင် သမိုင်းစဉ်တရား၏ နင်းခြေခြင်းကို မလွဲမသွေခံရမည်ဖြစ်ပြီး သမိုင်းတရားခံအဖြစ် အမည်းစက်တင်ကျန်ရစ်မည်သာ ဖြစ်ကြောင်း။

အထူးအရေးကြီး

မိမိတို့ အမျိုးသားရေးအင်အားစုများအနေဖြင့် ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူတို့၏ ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်ချေမှုန်းသွားကြမည်ဟု သန္နိဋ္ဌာန်ချခဲ့ကြပြီးဖြစ်ကြောင်း၊ ချမှတ်ထားသည့် သန္နိဋ္ဌာန်အတိုင်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ရှေးရှုချီတက်ကြရာတွင် အဖျက်ခလုတ်၊ ကန်သင်း၊ ဆူးငြောင့်များဖယ်ရှားပြီး ချီတက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် မဖြစ်မနေ လျှောက်လှမ်းကြရမည့် နိုင်ငံတော်၏ အနာဂတ်လမ်းကြောင်းမှန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံသည် ရှေ့လုပ်ငန်းစဉ် (၇)ရပ်အနက် ပထမဆုံးလုပ်ငန်းစဉ်ဖြစ်ပြီး အရေးအကြီးဆုံးအဆင့်ဖြစ်သည့်အတွက် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပပြီးစီးရန် အထူးအရေးကြီးလှကြောင်း။

အမှန်စင်စစ် အမျိုးသားညီလာခံသည် တိုင်းရင်းသားပြည်သူတို့၏ ဆန္ဒကို ထင်ဟပ်အခြေခံကြောင်း၊ အမျိုးသားရေးအနှစ်သာရကို ဖော်ဆောင်သည့် တိုင်းပြုပြည်ပြု မွန်မြတ်သောလုပ်ငန်းစဉ်ကြီးလည်းဖြစ်ကြောင်း၊ တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် တိုင်းပြုပြည်ပြုညီလာခံကြီးဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံ လူထုလူတန်းစားအလွှာပေါင်းစုံ၊ ပါတီပေါင်းစုံတို့ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို ပန္နက်ရိုက် အုတ်မြစ်ချနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် **ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကျယ်ပြန့်စွာ ကိုယ်စားပြုသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များက နိုးကြားတက်ကြွသော တာဝန်သိစိတ်ဓာတ်ဖြင့် အတိတ်ကရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အားနည်းချက်၊ အားသာချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ စိစစ်သုံးသပ်ပြီး ယနေ့မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ အကျိုးစီးပွားနှင့် ကိုက်ညီမှန်ကန်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါသမယတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးအောင်မြင်ရေး၊ အဖျက်ဆူးငြောင့်များ ဖယ်ရှားရှင်းလင်းရေးကို မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍက ပါဝင်ပြီး အမျိုးသားညီလာခံအောင်မြင်ရေး ထောက်ခံအားပေးသွားကြရမည်ဖြစ်ကြောင်း** တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို ရန်ကုန်တိုင်း မော်ဘီမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးမော်က ဖတ်ကြားတင်သွင်းရာတွင် မိမိအနေဖြင့် ယခုကျင်းပသည့် အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကြီးတွင် **“အမျိုးသားညီလာခံကြိုဆိုထောက်ခံကြောင်း”** အဆိုကို တင်သွင်းမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ခင်သဇင်မြင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံ ဆွေးနွေးတင်ပြစဉ်။ (မြန်မာ့အလင်း)

စုပေါင်းကာကွယ်လာခဲ့

မိမိတို့ မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများနှင့် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိသော အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်တစိုက် ဦးထိပ်ပန်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ နှစ်ပေါင်းရှည်ကြာစွာ တည်တံ့လာခဲ့သည့် နိုင်ငံလည်းဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံသမိုင်းရှည်လျားစွာ တည်တံ့ထွန်းပြောင်ခဲ့ခြင်းသည် တိုင်းရင်းသားသွေးချင်းအားလုံးက တိုင်းပြည်ရန်သူဟူသမျှကို စုပေါင်းကာကွယ်လာခဲ့ကြ၍ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားသွေးချင်း ပြည်သူတစ်ရပ်လုံး တပ်မတော်နှင့် လက်တွဲကာကွယ်နေသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံရယ်ဟု ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်ကြုံလာတိုင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အခြေခံပြီး ဝင်ရောက်တာဝန်ယူလာခဲ့သည့် အစဉ်အလာကောင်းများနှင့် ရပ်တည်လျက်ရှိကြောင်း၊ သမိုင်းအစဉ်အလာအရ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တပ်မတော်နှင့် လက်တွဲပြီး မိမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့်လည်း အရန်အင်အားတစ်ရပ်အဖြစ် ကျရာအခန်းကဏ္ဍက အမျိုးသားရေးတာဝန်များကို ပါဝင်ထမ်းဆောင်လျက်ရှိကြောင်း။

ယနေ့နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးဖြစ်ကြောင်း၊ ဤရည်မှန်းချက်ပြည့်ဝအောင်မြင်ရန် ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက်(၁၂)ရပ်တို့ ချမှတ်လုပ်ဆောင်နေကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီးလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ကြီးဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် တပ်မတော်အစိုးရကဦးဆောင်ပြီး ၁၇နှစ်တာကာလတွင် မနားမနေကြိုးပမ်းအားထုတ်ဆောင်ရွက်လာခဲ့မှုကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ရရှိနေခြင်း၊ ဖွံ့ဖြိုးတိုးတက်နေခြင်းတို့သည် အထင်အရှားပင်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်

ယနေ့ကာလသည် မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး အပြည့်အဝလက်တွဲပူးပေါင်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ကြောင်း၊ ပါတီစုံ ဒီမိုကရေစီစနစ်ကိုကျင့်သုံးရန် အကောင်အထည်ဖော်ဆောင်ရွက်နေချိန်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးတော့မည်ဆိုလျှင် မူဝါဒနှင့် ရည်ရွယ်ချက်များ မတူညီကြသည့် ကွဲပြားခြားနားမှုရှိကြသည့် အဖွဲ့အစည်းပေါင်းစုံက ပုဂ္ဂိုလ်များသည် နိုင်ငံတော်ကိုဦးစီးဦးဆောင်ပြုကြမည့် အဖွဲ့အစည်းများတွင် ပါရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို ဦးစီးဦးဆောင်ပြုကြသည့်အခါတွင် နိုင်ငံတော်အကျိုး၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသောပြည်သူများ၏ အကျိုးစီးပွားကို မဖောက်မပြန် ရှေးရှုဆောင်ရွက်သွားနိုင်ရန် ထိန်းကြောင်းပေးမည့် ပဋိညာဉ်စာချုပ်ကြီးသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိရန် မလွဲမသွေလိုအပ်ကြောင်း။

၁၉၈၈ ခုနှစ်က မြန်မာနိုင်ငံ၌ဖြစ်ပေါ်ခဲ့သည့် တိုင်းဆူပြည်ဖျက် မင်းမဲ့စရိုက်ထူပြောသော အရေးအခင်းကြီးကြောင့် တပ်မတော်သည် တစ်နိုင်ငံလုံးပြိုကွဲတော့မည့်အခြေအနေက ထိန်းသိမ်းပေးခဲ့ကြောင်း၊ ဆက်လက်၍လည်း ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တစ်နိုင်ငံလုံး အကြားအလပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်သူများ၏အလိုဆန္ဒနှင့်အညီ တစ်ပါတီစနစ်ကနေ ပါတီစုံဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်၊ ခေတ်ဟောင်းမှ ခေတ်သစ်၊ စနစ်ဟောင်းမှ စနစ်သစ်သို့ ကူးပြောင်းတည်ဆောက်နိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲရန် ကောင်းမြတ်သော သမိုင်းအစဉ်အလာအတိုင်း နိုင်ငံတော်အစိုးရက အလေးအမြတ်ထားပြီး ဆောင်ရွက်ပေးခဲ့ကြောင်း၊ အမျိုးသားညီလာခံကြီးကို နိုင်ငံတော်က ခေါ်ယူကျင်းပပေးခဲ့ကြောင်း။

၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၉၉၆ ခုနှစ် မတ် ၃၀ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက နောင်ရေးဆွဲပြဌာန်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခန်းအလိုက် ခေါင်းစဉ် ၁၅ ခုနှင့် အသေးစိတ် အခြေခံရမည့်မူ(၁၀၄)ချက်တို့ကို ဆွေးနွေးဆုံးဖြတ် ချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

ထောက်ခံဆွေးနွေး

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ဒေါ်ကေသီဝင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေး တင်ပြစဉ်။ (မြန်မာ့အလင်း)

အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံရမည့် မူ(၁၀၄)ချက်သည် အမျိုးသားညီလာခံကြီး၏ ဦးတည်ချက် ခြောက်ရပ်ကို ထင်ဟပ်ဖော်ဆောင်ထားသော အခြေခံရမည့်မူများဖြစ်၍ မိမိတို့ မျှော်မှန်းထားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် အလေးအနက် တန်ဖိုးထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၁၉၉၄ ခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက ဦးဆောင်ကျင်းပခဲ့သည့် ပြည်နယ်နှင့်တိုင်းအသီးသီးက လူထုအစည်းအဝေးပွဲကြီးများတွင် ပြည်သူလေးသန်းကျော်တက်ရောက်ပြီး တစ်ခဲနက် ထောက်ခံခဲ့ကြကြောင်း။

ထိန်းသိမ်းကာကွယ်

အခြေခံရမည့် မူ(၁၀၄)ချက်ကို ပျက်ပြားအောင် သွေဖည်အောင်နှောင့်ယှက်ဖျက်ဆီးဟန့်တားမှုမှန်သမျှကိုလည်း မိမိတို့ ပြည်သူအပေါင်းက ထိန်းသိမ်းကာကွယ်သွားကြရန် တာဝန်ရှိကြောင်းကို တင်ပြအပ်ပါကြောင်း။

နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး သမိုင်းကြောင်းအခြေခံများနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့စရိုက်လက္ခဏာများအပေါ် အခြေခံပြီး အနာဂတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ကြောင်း၊ ဤလမ်းစဉ် (၇)ရပ်အပေါ်တွင် ပြည်သူအပေါင်းက သောင်းသောင်းဖြဖြ ထောက်ခံခဲ့ကြကြောင်း၊ ပြည်သူ့ထောက်ခံမှုနှင့်အညီ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် ပထမဆင့်ဖြစ်သည့် ၁၉၉၆ခုနှစ်က စတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့သော အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေ ၁၇ ရက်တွင် ပြန်လည်ကျင်းပခဲ့ကြောင်း။

အမျိုးသားညီလာခံ အောင်အောင်မြင်မြင် ကျင်းပပြီး အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများအားလုံးကို ရရှိပြီးသည့်အခါ နိုင်ငံတော်က ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

ဤသို့ အမျိုးသားညီလာခံကြီးတွင် အမျိုးသားညီလာခံကိုယ်စားလှယ်များက နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးကိုဦးထိပ်ထားပြီး ညီလာခံကြီး ပြီးမြောက်အောင်မြင်သည်အထိ ပါဝင်ဆောင်ရွက်သွားမည်ဆိုသော သန္နိဋ္ဌာန်ချမှတ်ထားသည့်အတိုင်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးဆုံးဖြတ်ချမှတ်ဆောင်ရွက်နေခြင်းများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် အမျိုးသားရေးတာဝန်ကြီးကို အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်နေကြခြင်းဖြစ်ကြောင်းကို ဂုဏ်ယူစွာ တင်ပြအပ်ကြောင်း။

တပ်မတော်အစိုးရသည် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ လက်တွေ့ဆောင်ရွက်နေရာတွင် တိုင်းရင်းသားလက်နက်ကိုင်များမှ တိုင်းရင်းသားခေါင်းဆောင် ကိုယ်စားလှယ်တို့သည် ယနေ့ကျင်းပနေသော အမျိုးသားညီလာခံကြီးတွင် တက်ရောက်ပြီး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ပူးပေါင်းလက်တွဲပြီး ပါဝင်ဆောင်ရွက်လျက်ရှိကြကြောင်း။ *စာမျက်နှာ ၈ ကော်လံ ၁*

နိုင်ငံတော်၏အမျိုးသားရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုသမိုင်းစဉ်ကို မည်သည့်ပါတီအ
ဟန့်တားပိတ်ပင်တားဆီးရန်ကြိုးပမ်းလာလျှင်လည်း ကြိုးပမ်းလာသူပင် သမိုင်းစဉ်တရား၏ နင်းခြေ

စာမျက်နှာ ၇ မှ

တစ်ချိန်တည်းမှာ အမျိုးသားရေးအကျိုးစီးပွားကို အလေးမထားသည့် ကိုလိုနီနယ်ချဲ့ လက်သစ်များက မြန်မာနိုင်ငံသား ပြည်သူများကို စီးပွားရေး ကျဆင်းကျပ်တည်းအောင် ဖိအားပေးပြီး လူထုဆူပူအုံကြွ ပေါက်ကွဲမှုများဖြစ်လာအောင် စီးပွားရေးနှင့် နိုင်ငံရေးအရ ပိတ်ဆို့ဖိအားပေးမှုများကို ဒီမိုကရေစီ လှုပ်ရှားမှုအဖြစ် တစ်ဖက်သတ် ထောက်ခံအားပေးပြီး လှုံ့ဆော်မှုများလုပ်ဆောင် နေကြကြောင်း။

အမျိုးသားညီလာခံ၏ တန်ဖိုးနှင့်အနှစ်သာရကို မသိနားမလည်သော အဆိုးမြင်ဝါဒီများကလည်း မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်မှုများဖြင့် တစ်ဖက်စောင်းနင်း ဝေဖန်ပုတ်ခတ်စွပ်စွဲနေကြောင်း။

ဤမျှမကသေးဘဲ ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်းရည်ရွယ်ကြံစည်ပြီး မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများဖြင့် ထိုးနှက်နေကြကြောင်း၊ မြန်မာ့အရေးကို ကမ္ဘာ့အရေးအဖြစ် ပုံကြီးချဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီကိုရောက်အောင် သယ်ဆောင်နိုင်ရေး ကြိုးပမ်းနေကြကြောင်း။

အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပြည်သူတို့၏ဆန္ဒဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်မည်ကို ပြည်ပအင်အားကြီးနိုင်ငံအချို့နှင့် ဩဇာခံပုဂ္ဂိုလ်များက အပြင်းအထန်စိုးရိမ်ကြောင့်ကြခြင်းကြီးစွာ ဖြစ်နေကြကြောင်း။

ပြည်ထောင်စု၏ဘုံရန်သူ

ဤကဲ့သို့ မြန်မာ့ဒီမိုကရေစီရေးကိုမလိုလားသူများ၊ ဒီမိုကရေစီကို ဗန်းပြခုတုံးလုပ် ကိုယ်ကျိုးရှာနေသူများ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မနာလိုမရှုဆိတ်သူများ၊ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို ထိပါးပျက်ပြားစေလိုသူများက ပြည်တွင်းၡရော ပြည်ပၡပါ အဖွဲ့အစည်း အမျိုးမျိုးဖွဲ့စည်းပြီး နိုင်ငံတော်အစိုးရကို သိက္ခာကျဆင်းအောင် စွပ်စွဲချက်မျိုးစုံဖြင့်စွပ်စွဲပြီး မိမိတို့နိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန် ဖိအားပေး ကြိုးပမ်းလုပ်ဆောင်နေခြင်းများနှင့် အမျိုးသားညီလာခံကို အနှောင့်အယှက်ပြုနေခြင်းသည် ဒီမိုကရေစီကိုဗန်းပြပြီး လက်တွေ့ဒီမိုကရေစီ ဖြစ်ထွန်းပေါ်ပေါက်ရေးကို ဟန့်တားနှောင့်ယှက်နေသူများသာဖြစ်၍ ယင်းကဲ့သို့ ဟန့်တားနှောင့်ယှက်နေသူများသည် ပြည်ထောင်စု၏ဘုံရန်သူများသာ ဖြစ်ကြောင်းကို တင်ပြအပ်ကြောင်း။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတို့၏ ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့လျှင် ပြည်ပအင်အားကြီးနိုင်ငံအချို့နှင့် မြန်မာနိုင်ငံကို ခေတ်သစ်နည်းဖြင့် ကျွန်ပြုရေး၊ ဩဇာခံအခြေအရုံနိုင်ငံ ထူထောင်ရေးစီမံချက်နှင့် ပြည်တွင်းရှိ ပြည်ပဩဇာခံပုဂ္ဂိုလ်အချို့၏ ဖြတ်လမ်းနည်းဖြင့် အာဏာရယူရေးစီမံချက်များတွင် မလွဲမသွေပျက်စီးချုပ်ငြိမ်းပြီး ဇာတ်သိမ်းခန်းရောက်မည်ဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီစနစ်ကိုအနှစ်သာရရှိရှိဖြင့် မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ရန်အတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရှိရေး၊ နိုင်ငံနှင့်ပြည်သူ တစ်ရပ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ပြည် သူများ၏ အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများ လိုလားသော ပန်းတိုင်ကိုရောက်အောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

ရလဒ်ကောင်းများအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံကောင်းများ ဖြစ်တည်လာခဲ့ပြီး စိုက်ပျိုးရေးကို အခြေခံသော စက်မှုလက်မှုကဏ္ဍသစ်ဖြင့် ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးအတွက် စက်မှုကဏ္ဍကို စက်ရုံ၊ အလုပ်ရုံ၊ စက်မှုဇုန်ကြီးများ ဖြစ်လာသည်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသင်း အလုပ်အမှုဆောင် ဒေါ်တင်မာလာမြင့်နှင့် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ချိုသဲကြည်တို့ ဆောင်ရွက်စဉ်။ (မြန်မာ့အလင်း)

ပြုစုပျိုးထောင်ပေးလျက်ရှိ

ယခုအခါတွင် မြန်မာပထဝီမြေပုံသစ်၌ ဆည်သစ်၊ တမံသစ်များ လယ်သစ်၊ ရွာသစ်၊ မြို့သစ်များ၊ လမ်းသစ်၊ တံတားသစ်၊ ဆေးရုံသစ်များ၊ တက္ကသိုလ်ကျောင်းသစ်များ တွေ့မြင်နေရပြီဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံသစ်များ ဖော်ဆောင်နိုင်မှုနှင့်တစ်ပြိုင်တည်း တိုင်းရင်းသားပြည်သူများ အတွေးသစ် အမြင်သစ်ဖြင့် ပညာခေတ်တွင် အားသစ်ဆင် ဉာဏ်သစ်လောင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စနစ်တကျ စီမံကိန်းချပြီး ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း။

ပြည်ထောင်စုတစ်ဝန်းလုံး ပညာသင်ယူမှုအခွင့်အလမ်း တစ်ပြေးညီ ပွင့်လန်းရေးနှင့် တစ်ဆင့်မြင့်တက်လှမ်းနိုင်ရေးအတွက် အခြေခံပညာကျောင်းများမှအစ အဆင့်မြင့်ပညာကျောင်းများပါမကျန် တိုးချဲ့ထူထောင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုကို ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းချမှတ်ပြီး လိုအပ်သည့်ဒေသများတွင် တက္ကသိုလ်၊ ကောလိပ်များ၊ အဆင့်မြင့်ဆေးရုံကြီးများကိုပါ တိုးမြှင့်တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများနှင့် မြို့ပြများ၊ စည်ပင်သာယာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်နေချိန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း(၅)ရပ်ဖြင့် ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ နောက်ကျမကျန်ရအောင်လည်း ဖော်ဆောင်ပေးလျက်ရှိနေကြောင်း၊ ဤကဲ့သို့ နိုင်ငံတော်အစိုးရ၏ ဘက်စုံထောင့်စုံ ကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ၁၉၈၈-၁၉၈၉ခုနှစ်တွင် တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး GDP သည် ကျပ်၇၆ ဒသမ ၂၄ ဘီလီယံ ရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ကျပ် ၉၀၇၈ဒသမ ၉ဘီလီယံအထိ တိုးတက်လာသည်ကို တွေ့ရှိရကြောင်း။ တစ်ဦးချင်းဝင်ငွေ Per Capita ၌ ၁၉၈၈-၁၉၈၉ခုနှစ်တွင် ကျပ် ၁၉၄၀ရှိခဲ့ရာ၌ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၁၆၇၂၀၂ကျပ်အထိ အဆပေါင်း ၈၆ဆကျော် တိုးတက်လာခဲ့သည်ကို အားရဖွယ်တွေ့ရှိကြောင်း။ မြန်မာ့စီးပွားရေးတိုးတက်မှု GDP နှင့်ပတ်သက်ပြီး နိုင်ငံခြားက ကြီးမားသည့် Media များက ဝန်ခံဖော်ပြမှုများပင် ရှိလာခဲ့ကြောင်း။



လက်တွဲချေမှုန်း

ပြည်သူတို့၏ ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် မိမိတို့ပြည်သူတစ်ရပ်လုံး အားထားမျှော်လင့်နေသော အမျိုးသားညီလာခံကြီး၏ အောင်မြင်မှုများကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်အားထုတ်နေသည့် ပြည်တွင်းပြည်ပက မနာလိုမရှုဆိတ်သူများက နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်ဖျက်ဆီးရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် မိမိတို့တိုင်းရင်းသား ပြည်သူအပေါင်းက အဖျက်အန္တရာယ်မှန်သမျှကို ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် လက်တွဲချေမှုန်းပြီး အမျိုးသားညီလာခံကြီးကို ရာနှုန်းပြည့်အောင်မြင် အောင်ကျင်းပပြီးစီးနိုင်ရန်အတွက် အဘက်ဘက်က ပံ့ပိုးကူညီကြရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ကြောင်း။

အမျိုးသားညီလာခံသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ၊ အနှစ်သာရများကို ညှိနှိုင်းဆွေးနွေးချမှတ်နေသည့် ကျယ်ပြန့်နက်ရှိုင်းသော အမျိုးသားနိုင်ငံရေး လှုပ်ရှားဆောင်ရွက်မှုကြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ပါမှ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် အာဏာလွှမ်းမိုးသောအခါမှသာ ဒို့တာဝန်အရေးသုံးပါးစိတ်ချရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ လိုလားတောင့်တနေသည့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်များကို ဥပဒေနှင့်အညီ အခိုင်အမာဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များ အသီးသီးတွင် ဥပဒေပြု လွှတ်တော်ကိုယ်စီ၊ အစိုးရအဖွဲ့ကိုယ်စီ၊ တရားလွှတ်တော်ကိုယ်စီ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့်တရားမျှတခြင်း၊ လောကပါလတရားများ နယ်ပယ်အရပ်ရပ်တွင် ပိုမိုထွန်းကားလာမည် ဖြစ်ကြောင်း၊ ဤအခါမှသာ နိုင်ငံတော်သည် ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးခြင်း၊ အင်အားခိုင်မာတောင့်တင်းခြင်းတို့ ပြိုင်တူဖြစ်ပေါ်ခံစားရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံအောင်မြင်ရေးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးလုပ်ငန်းစဉ်ကြီး ဖြစ်သည့်အတွက် အမျိုးသားညီလာခံပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်နေကြသော ပြည်တွင်း ပြည်ပအဖျက်သမားများအန္တရာယ်ကို မိမိတို့အားလုံး၏ ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားများဖြင့် ဖြိုခွင်းချေမှုန်းပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသည့် အမျိုးသားညီလာခံကြီးအောင်မြင်ရန် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တင်ပြရင်း **"အမျိုးသားညီလာခံကြိုဆိုထောက်ခံကြောင်း"** အဆိုကို အလေးအနက်တင်သွင်းအပ်ပါကြောင်းဖြင့် တင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါ်ကေသီဝင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိအနေဖြင့် ယနေ့အစည်းအဝေးကြီးတွင် တင်သွင်းသွားသည့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို ထောက်ခံတင်ပြသွားမည်ဖြစ်ပါကြောင်း။

အခြားနည်းလမ်းမရှိ

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်ကြောင်း၊ ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့ပြည်သူများ လိုလားသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံဖြစ်အောင် ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် သဘာပတိမိန့်ကြားသည့်အတိုင်း နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်ပါကြောင်း၊ ယင်းအခြေခံလိုအပ်ချက်များ ပြည့်စုံရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အချိန်တိုအတွင်း ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့သည့်အတွက် မိမိတို့တိုင်းရင်းသားပြည်သူအားလုံး ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို တွေ့မြင်ထိတွေ့ခံစားနေရပြီး ယခုအခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ဖော်ဆောင်နိုင်ရန် ယခုချမှတ်ဆောင်ရွက်နေသည့် မူဝါဒလမ်းစဉ်(၇)ရပ်ကလွဲပြီး အခြားနည်းလမ်း မရှိသည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း။

ယနေ့ နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်များသည် မိမိတို့တိုင်းရင်းသားပြည်သူများ၏ စရိုက်လက္ခဏာ၊ ရေမြေ၊ ရာသီဥတု၊ သဘာဝ၊ နိုင်ငံသားအများစု၏ ဆန္ဒသဘောထားနှင့် အကျိုးစီးပွားကို အခြေခံပြီး လိုက်ဖက်ဆီလျော်သင့်တော်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယခုအခါ အခန်းလိုက်ခေါင်းစဉ်၁၅ခု၊ အခြေခံမူ(၁၀၄)ချက်နှင့် အခန်းလိုက်ခေါင်းစဉ်ခြောက်ခုက အသေးစိတ်အခြေခံရမည့်မူများကို ဆွေးနွေးချမှတ်နိုင်ခဲ့ကြောင်း။

အခြေခံမူ(၁၀၄)ချက်မှ ရွေးကောက်ပွဲ၌ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ချက်မှာ-

- နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ (သို့မဟုတ်) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ (သို့မဟုတ်) တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊

ည်သည့်ပါတီအဖွဲ့ အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ ဟန့်တားပိတ်ပင်တားဆီး၍မရနိုင်
တရား၏ နင်းခြေခြင်းကိုမလွဲမသွေခံရမှာဖြစ်ပြီး သမိုင်းတရားခံအဖြစ် အမည်းစက်တင်ကျန်ရစ်မည်

– နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း၊ ခံစားရသောအခွင့်အရေးများ (သို့မဟုတ်) ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊
– နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ (သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်း (သို့မဟုတ်) အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက် အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ(သို့မဟုတ်) ယင်းသို့ အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ

များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိဘူးဟု သတ်မှတ်အတည်ပြုထားကြောင်း၊ ယင်းနိုင်ငံရေးအနှစ်သာရအတိုင်း ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ(၇၄)တွင်လည်း အတိအလင်းသတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံသူနိုင်ငံသားများအနေဖြင့် ခြွင်းချက်မရှိလက်ခံနိုင်သည့်အခြေခံမူများဖြစ်၍ ယင်းမူကို မိမိတို့အလေးအနက်ထောက်ခံကြောင်း။

အမျိုးသားညီလာခံက ယနေ့ချမှတ်ပြီးသည့်အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအရ အနာဂတ်နိုင်ငံတော်တည်ဆောက်မှုပုံသဏ္ဌာန်တွင် တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ခု၊ ပြည်ထောင်စုနယ်မြေနှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသငါးခု ပါဝင်ဖွဲ့စည်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ

အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကြီးတွင် တင်သွင်းသွားသည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်းအဆိုကို ဆက်လက်ထောက်ခံတင်ပြမည်ဖြစ်ကြောင်း။

အဓိကလိုအပ်

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးသည့်နောက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်ရေးမရမီက ရေးဆွဲခဲ့သည့် ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် လွတ်လပ်ရေးရပြီး ၁၉၇၄ခုနှစ်တွင် ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ (၂)ခု ရှိခဲ့ကြောင်း။ မြန်မာနိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် နယ်ချဲ့ဗြိတိသျှတို့ဆီက ငြိမ်းချမ်းသည့်နည်းဖြင့် လွတ်လပ်ရေးကို အမြန်ရယူလိုသော ဆန္ဒဖြင့် ရေးဆွဲခဲ့ရကြောင်း၊ ၁၉၇၄ခုနှစ် အခြေခံဥပဒေတွင် ပြည်သူ့ဆန္ဒခံယူပွဲနှင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ကြောင်းကို မှတ်သားထားမိပါကြောင်း။ ယင်းအခြေခံဥပဒေနှစ်ရပ်လုံးသည် ယနေ့အခါတွင် ဆက်လက်ကျင့်သုံး၍ မရတော့သည့်အတွက် မိမိတို့နိုင်ငံ ၌ နောင်အနာဂတ်ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်နှင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရန် အဓိကလိုအပ်ခြင်းကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားညီလာခံကြီးကို ခေါ်ယူကျင်းပလျက်ရှိသည်ကို အားလုံးအသိဖြစ်ကြောင်း။



ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

လူထုအစည်းအဝေး

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးပွဲကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဥပဒေအရ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းဝိသေသတိုင်း ဆိုပြီး ပြည်နယ်လေးခု၊ ဝိသေသတိုင်းတစ်ခုရှိခဲ့ရာက ယခုဆိုလျှင် တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ပြည်နယ်နှင့် 'ဝ'၊ ဓနု၊ ပလောင်၊ ပအို့၊ ကိုးကန့်နှင့် နာဂတိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဒေသများပါ ဖွဲ့စည်းဖြစ်ပေါ်လာတော့မည်ဖြစ်သည့်အတွက် တိုင်းရင်းသားလူနည်းစုများအတွက် ဒီမိုကရေစီနည်းကျကျ အခွင့်အရေးမျှမျှတတဖြင့် ရသင့်ရထိုက်သည်များရအောင် ဖော်ဆောင်ပေးထားသည်ကို တွေ့ရကြောင်း၊ **ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများသတ်မှတ်ရာတွင် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ခုထက်ပိုပြီး ဒီမိုကရေစီကျအောင်နှင့် တိုင်းရင်းသားလူမျိုးစုအသီးသီးအတွက် အခွင့်အရေးတန်းတူညီမျှ ပိုင်ပိုင်နိုင်နိုင်ရရှိကြရန်အတွက်ရော ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရန်အတွက်ပါ အမျိုးသားညီလာခံကြီးက ဖော်ဆောင်ပေးနေခြင်းကြောင့် အနာဂတ်နိုင်ငံတော်အတွက် အာမခံချက် အပြည့်အဝရှိနေပြီ**ဟု ခံစားရကြောင်း။

ဒို့တာဝန်အရေးသုံးပါး

မိမိတို့ အနာဂတ်နိုင်ငံကို ပုံဖော်ရာတွင် ယခုကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးက နိုင်ငံတော်၏ လက်ရှိပကတိ အရှိတရားပေါ် အခြေခံလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အာမခံနိုင်မှုအပေါ်အခြေခံပြီး စဉ်းစားသကဲ့သို့ အတိတ်သမိုင်းတွင် ခံစားရသည့် ခါးသီးသောအတွေ့အကြုံများ ထပ်မဖြစ်အောင် အသေးစိတ်အခြေခံရမည့်မူများက သက်သေခံလျက်ရှိကြောင်း။

ထို့ကြောင့် မကြာမီကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အခြေခံကောင်းများ ချမှတ်ပေးနေသော အဆိုရှင်တင်သွင်းသွားသည့် အမျိုးသားညီလာခံကြိုဆိုထောက်ခံကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ခင်သဇင်မြင့်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိအနေဖြင့် ယခုကျင်းပသည့်

အမျိုးသားညီလာခံကို ၁၉၉၃ခုနှစ်၊ ဇန်နဝါရီ ၉ရက်က စတင်ကျင်းပခဲ့ပြီး ၁၉၉၆ခုနှစ်၊ မတ်လ ၃၀ရက်အထိ အရှိန်အဟုန် မြင့်မြင့်မားမားဖြင့် ကျင်းပနိုင်ခဲ့ကြောင်း။ ယင်းအမျိုးသားညီလာခံကနေပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်အခြေခံမူ (၁၀၄)ချက်နှင့် နိုင်ငံတော်အခန်း၊ နိုင်ငံတော်တည်ထောင်ပုံအခန်း၊ နိုင်ငံတော်အကြီးအကဲအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့သည်အထိ အခြေအနေကောင်းများ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရပြီး အကြောင်းအမျိုးမျိုးကြောင့် ၁၉၉၆ခုနှစ်တွင် အမျိုးသားညီလာခံကို ယာယီရပ် ဆိုင်းခဲ့ရကြောင်း။

၁၉၉၆ခုနှစ်တွင် ယာယီအားဖြင့် ရပ်ဆိုင်းထားခဲ့ရသည့် အမျိုးသားညီလာခံကို ၂၀၀၄ခုနှစ် မေ ၁၇ ရက်တွင် ပြန်လည်ကျင်းပပြီး ယခုအခါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက ယခင်ချမှတ်နိုင်ခဲ့သည့် အခြေခံမူများအပြင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ဆက်လက်ပြီး ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်းကို သိရပါကြောင်း။

အခြေခံမူ (၁၀၄)ချက်

ယခုကဲ့သို့ အမျိုးသားညီလာခံကြီးက ညှိနှိုင်းချမှတ်နိုင်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာကြည့်သည့်အခါ ချမှတ်ပြီးဖြစ်သော အခြေခံမူ(၁၀၄)ချက်တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များနှင့်စပ်လျဉ်းသည့် အခြေခံမူကိုးချက်၊ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသားယဉ်ကျေးမှုနှင့်စပ်လျဉ်းသည့် အခြေခံမူငါးချက်၊ မိခင်နှင့်ကလေး၊ အိုမင်းမစွမ်းသူများနှင့်စပ်လျဉ်းသည့် အခြေခံမူနှစ်ချက်၊ ဘာသာသာသနာရေးနှင့်စပ်လျဉ်းသည့် အခြေခံမူခုနစ်ချက်သည် မိမိတို့နိုင်ငံသားများ၊ မိမိတို့ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးအတွက် အခြေခံကောင်းများကို ချမှတ်ပေးထားသည်ကို တွေ့ရကြောင်း။

ယနေ့ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးက ညှိနှိုင်းဆွေးနွေးချမှတ်ထားသော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများအားလုံးကို ခြုံငုံလေ့လာကြည့်လျှင် ပြည့်စုံစွာ စဉ်းစားဆွေးနွေးချမှတ်ထားခြင်းဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် အနှစ်သာရကို နှစ်ထောင်းအားရဖွယ် တွေ့မြင်နေရကြောင်း။

ယနေ့အချိန်အခါသည် တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲထူထောင်သွားရမည့်အချိန်အခါကောင်းဖြစ်ကြောင်း၊ တစ်မျိုးသားလုံး အကျိုးစီးပွားဖြစ်သည့် အမျိုးသားညီလာခံကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ငြိမ်းချမ်းစွာဖြစ်ပေါ်လာရေးအတွက် မမိုတ်မသုန်ရှေးရှုပြီး ခိုင်မာပြတ်သားစွာ ဆောင်ရွက်သွားရမည့်အချိန်အခါလည်းဖြစ်ကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၃

တပ်မတော်အစိုးရသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် မလွဲမသွေ ဆောင်ရွက်ရမည့် အစီအစဉ်တစ်ရပ်ဖြစ်သော အမျိုးသားညီလာခံကို အနှောင့်အယှက် အဖျက်အဆီးများ မည်မျှပင်ရှိရှိ အောင်မြင်အောင် ဆောင်ရွက်မည်ဟု ဆုံးဖြတ်ချက်ချထားသည့်အတိုင်း ယခုအခါ ကိုယ်စားလှယ် ၁၀၈၀ ဖြင့် စည်းကမ်း၊ နည်းလမ်းတကျ ကျင်းပလျက်ရှိ။

8-1 (09).p65 2 3/26/1905, 11:36 PM

ဥပဒေကို လေးစားလိုက်နာပါ

ဓေးလွင် (ဆားလင်းကြီး)

ယခုတစ်ခေါက် ရန်ကုန်သို့ အဆင်းခရီးတွင် မမျှော်လင့်ဘဲ ညောင်လေးပင်မြို့သို့ ခရီးတစ်ထောက်ရောက်ခဲ့ရသည်။ ညောင်လေးပင်မြို့သို့ ရောက်သော်လည်း မြို့တွင်းသို့ ရောက်ခဲ့ရခြင်း မဟုတ်ပေ။ ညောင်လေးပင်မြို့ တောရကြီးကျောင်းသို့ ခေတ္တရောက်ခဲ့ခြင်းဖြစ်သည်။ ကြည်ညိုရင်နှီးသော ကျောက်တံခါးမြို့ အသောကာရုံဆရာတော်ထံ ကန်တော့သွားရာ ဆရာတော်က ညောင်လေးပင်တောရသို့ ရောက်နေ၍ ညောင်လေးပင်တောရကြီးကျောင်းသို့ ရောက်ခဲ့ရခြင်းဖြစ်သည်။ ညောင်လေးပင်တောရကား သာသနာတွင် ထင်ရှားခဲ့သော ကျောင်းတိုက်ဖြစ်သည်။

ညောင်လေးပင်တောရကျောင်းတိုက်ကို မြန်မာသက္ကရာဇ် ၁၂၅၆ခုနှစ်က တည်ထောင်ခဲ့ရာ ယခုမြန်မာသက္ကရာဇ် ၁၃၆၇ခုနှစ်တွင် နှစ်ပေါင်း ၁၁၁နှစ် ရှိပေပြီ။ **“အင်ကြင်းပွင့်သီး၊ တောရကြီး”**ဟု ကျောင်းတည်သက္ကရာဇ်ကို မှတ်တမ်းပြုထားသည်။ ၁၃၅၆ခုနှစ်က ကျောင်းတိုက်ရာပြည့်ပွဲ ကျင်းပခဲ့သော်လည်း ရောက်ခွင့်မကြုံခဲ့ပေ။

စာရေးသူရောက်သွားချိန်ကား (၁၀၉)ကြိမ်မြောက် ညောင်လေးပင်တောရကြီး ဝိနည်းစာပြန်ပွဲ စတင်ကျင်းပသောနေ့ဖြစ်သည်။ ထိုစာပြန်ပွဲကို ရဟန္တာဟု ကျော်ကြားသော ဘုန်းတော်ကြီးဦးသီလ စတင်တည်ထောင်ခဲ့သည်။ တောရကြီးကျောင်း ပထမဆရာတော်မှာ ဦးသောမဖြစ်သည်။ တတိယ ဆရာတော်မှာ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးအရိယဖြစ်သည်။ဆရာတော်၏ ဇာတိဌာနေ ဖွားရာမြေမှာ ညောင်လေးပင်မြို့နှင့် လေးမိုင်ကွာ ပုဇွန်မြောင်းရွာ ဇာတိဖြစ်သည်။

ဆရာတော် ဦးအရိယ၏ ဘဝတစ်စိတ်တစ်ဒေသ အတ္ထုပ္ပတ္တိကို ဒါရိုက်တာ စာရေးဆရာကြီး ဦးသုခက **‘ရဟန်းမစားရသော ဆွမ်းတစ်နပ်’**တွင် ထည့်သွင်းရိုက်ကူးထား၍ သတိပြုမိသူတိုင်း သိပေမည်။ ဆရာတော်သည် ကျမ်းပေါင်း ၁၆ ကျမ်း ရေးသားပြုစုခဲ့သည်။ ဆရာတော်က ကျမ်း၏အမည်များကို ‘အရသာ’အမည်ဖြင့် ရေးသားတော်မူခဲ့သည်။

> **ဆရာတော်က ပုဂ္ဂိုလ်တစ်ယောက်၏ ခန္ဓာကောင် ဖြူသည်၊ မည်းသည်၊ ကြီးသည်၊ ငယ်သည် မရွေးချယ်နှင့်။ သီလ၊ သမာဓိ၊ ပညာဂုဏ်ရှိသူကို ရွေးချယ်ပါ၊ဆည်းကပ်ပေါင်းသင်းပါ။ သီလ၊ သမာဓိ၊ ပညာဂုဏ်မရှိသူနှင့် ပေါင်းသင်းဆက်ဆံ ဆည်းကပ်ပါက တစ်သံသရာလုံး အရှုံးထွက်မည်။ ကုန်ရှုံးက တစ်ဘဝသာရှုံးမည်ဟူ၍ ပုဂ္ဂိုလ်ရွေးချယ် ပေါင်းသင်းမှု မမှားကြရန် ညွှန်ပြထားသည်။**

ဒွေမာတိကာအရသာ၊ အလင်္ကာအရသာ၊ ဂုဏ်တော်အရသာ၊ ဘာဝနာအရသာ၊ ဝိသုဒ္ဓိမဂ်အရသာ စသည်ဖြင့် အရသာအမည်ဖြင့် ကျမ်းအမည်များကို ပေးထားသည်။ အလင်္ကာကျမ်းလာ ရသစာပေ ကိုးမျိုးရှိရာ ယနေ့စာပေပညာရှင်များက ‘သုတရသ’ဟု ရသစာပေတွင် သွင်းထားသည်။ ညောင်လေးပင်ဆရာတော်သည် မိမိ၏ ကျမ်းစာများကို ‘အရသာ’ဟု အမည်ပေးထားရာ ‘သုတရသ’ဟူသော စာပေကို ဆရာတော်က ဦးဦးဖျားဖျား တီထွင်ခဲ့သည်ဆိုရသော် ဆိုနိုင်ဖွယ်ရှိပါသည်။

ရောက်တုန်းရောက်ခိုက် ကျောင်းတိုက်အတွင်း လှည့်ပတ်ကြည့်မိပါသည်။ **‘ရာပြည့်ဗိမာန်တော်’**ဟုအမည်တပ်ထားသောတိုက်ကလေး တစ်လုံးကို တွေ့ရသည်။ အတွင်းသို့ဝင်ကြည့်သောအခါ ရာပြည့်ဗိမာန်တော် အရှင်ဝိဇယနှင့်တပည့် ဒါယကာ၊ ဒါယိကာမများ ကောင်းမှုဖြစ်သည်။ ပွဲ့တန်ဆာ ဇမ္ဗူအေး ဆရာတော် ဖြစ်သည်။

ဗိမာန်အတွင်း၌ ဆရာတော်ဘုရားကြီး သုံးပါး၏ ရုပ်တုပုံတော်သုံးပုံ ထုလုပ်ထားသည်။သက်ဆိုင်ရာ ဆရာတော်၏ ဘဝသမိုင်းနောက်ခံ ပန်းချီကားများ ရေးဆွဲထားသည်။ညောင်လေးပင် ပန်းချီဝင်းသူနှင့်အဖွဲ့ လက်ရာဖြစ်သည်။ ဆရာတော်ကြီးသုံးပါးမှာ-

၁။ ရဟန္တာဟု ကျော်ကြားသော ဘုန်းတော်ကြီး ဦးသီလ
၂။ တောရကြီးကျောင်း ပထမဆရာတော် ဦးသောမ
၃။ တတိယဆရာတော် ဦးအရိယ (အဂ္ဂမဟာပဏ္ဍိတ)

တို့၏ ပုံတော်များဖြစ်သည်။ တိုက်နံရံတွင် ဘုန်းတော်ကြီး ဦးသီလ၏ အဆုံးအမ သြဝါဒနှင့် ဆရာတော် ဦးအရိယ၏ သြဝါဒကောက်နုတ်ချက်များကို ရေးသားထားသည်။ ရဟန်းရှင်လူအားလုံးနှင့်သက်ဆိုင်သော သြဝါဒများဖြစ်၍ တင်ပြပါဦးမည်။ ဘုန်းတော်ကြီး ဦးသီလ၏ သြဝါဒမှာ **“သီလ အထိမခံနှင့်”** ဟူ၍ အောက်ပါအတိုင်းဖြစ်သည်-

(၁) ပစ္စည်းနှင့် အင်္ဂါခြေလက် တစ်ခုခုအန္တရာယ်တွေ့လျှင် အင်္ဂါခြေလက် အထိမခံနှင့် ပစ္စည်းအပျက်ခံ။
(၂) အင်္ဂါခြေလက်နှင့် အသက်တစ်ခုခု အန္တရာယ်တွေ့လျှင် အသက် အထိမခံနှင့် အင်္ဂါခြေလက် အပျက်ခံ၊
(၃) အသက်နှင့် သီလ တစ်ခုခု အန္တရာယ်တွေ့လျှင် သီလ အပျက်မခံနှင့် အသက်အပျက်ခံ၊

ကိုယ်ကျင့်သီလ မပျက်ရေးကို အလေးအနက် သြဝါဒပေးထားရာ သီလကို စောင့်ထိန်းလိုသော ရှင်ရောလူပါ မှတ်သားလိုက်နာသင့်လှသည်။ ဆရာတော်ဦးအရိယအဂ္ဂမဟာပဏ္ဍိတ၏ မှတ်သားဖွယ်သြဝါဒကိုလည်း အောက်ပါအတိုင်း ရေးသားထားသည်-

ကုန်ရှုံးတစ်ခေါက်

ပုဂ္ဂိုလ်ခန္ဓာကောင်ကြီး ဖြူမည်းကြီးငယ်မရွေးနှင့် သီလစသော ဂုဏ်ကိုရွေး၊ ဂုဏ်ပါပါစေ၊ ကုန်ရှုံးတစ်ခေါက်၊ ဂုဏ်ရှုံးတစ်သံသရာလုံးဟု မှတ်။

ဆရာတော်က ပုဂ္ဂိုလ်တစ်ယောက်၏ ခန္ဓာကောင် ဖြူသည်၊ မည်းသည်၊ ကြီးသည်၊ ငယ်သည် မရွေးချယ်နှင့်။ သီလ၊ သမာဓိ၊ ပညာဂုဏ်ရှိသူကို ရွေးချယ်ပါ၊ဆည်းကပ်ပေါင်းသင်းပါ။ သီလ၊ သမာဓိ၊ ပညာဂုဏ်မရှိသူနှင့် ပေါင်းသင်းဆက်ဆံ ဆည်းကပ်ပါက တစ်သံသရာလုံး အရှုံးထွက်မည်။ ကုန်ရှုံးက တစ်ဘဝသာရှုံးမည်ဟူ၍ ပုဂ္ဂိုလ်ရွေးချယ် ပေါင်းသင်းမှု မမှားကြရန် ညွှန်ပြထားသည်။

ဆရာတော်ဦးအရိယ၏ နောက်ဆုံးသြဝါဒကိုလည်း ဖော်ပြထားသည်။ ဆရာတော်သည် နောက်ဆုံးသြဝါဒကို နှုတ်ကပြောနိုင်သည် မဟုတ်ပေ။ ရန်ကုန်ဆေးရုံကြီး အထူးခန်းတွင် လေငန်းရောဂါဖြစ်၍ တက်ရောက်ကုသမှု ခံယူတော်မူသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ကုသပျောက်ကင်းခဲ့သော်လည်း တတိယအကြိမ်၌ ကိုယ်လက် အနည်းငယ် လှုပ်ရှားနိုင်သော်လည်း ပါးစပ်က မပြောနိုင်တော့ပေ။ အစာမဝင်၍ အားမရှိသဖြင့် မွန်းလွဲ၊ ညနေပိုင်းတွင် သူနာပြုများက လက်ဖက်ရည်၊ ကော်ဖီ၊ ဆန်ပြုတ်သောက်ရန် လျှောက်ထားကြသည်။ နှုတ်ကမပြောနိုင်၍ စာရွက်တွင် အားခဲ၍ အောက်ပါအတိုင်း ရေးပြတော်မူသည်-

ဥပဒေကို လေးစားလိုက်နာပါ

နိုင်ငံတော်အစိုးရ၏ အမှုထမ်းများသည် အစိုးရ၏ ဥပဒေကို တစ်သဝေမတိမ်း လိုက်နာကျင့်ကြံသည်။

ထို့အတူ မြတ်စွာဘုရား၏တပည့်သားဖြစ်ကြသော သာသနာတော်ထမ်း ရဟန်း၊ သာမဏေများသည်လည်း ဘုရားရှင်၏ ဥပဒေဝိနည်းဒေသနာတော်ကို လိုက်နာကြရပေသည်။

ဆရာတော်သည် ဤစာလေးကိုရေးပြီး မကြာမီ ဘဝနတ်နန်းစံမြန်းတော်မူခဲ့သည်။ ဆရာတော်ဦးသီလ၏ အဆုံးအမအတိုင်း သီလ အပျက်မခံဘဲ အသက်ကို စွန့်လွှတ်ခြင်းပင်ဖြစ်သည်။

ဆရာတော်၏ ဤအဆုံးအမကားလူရောရှင်ပါလိုက်နာကျင့်သုံးသင့်လှသည်။ ယနေ့နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ကျင့်သုံးပြီး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသည်။ နိုင်ငံရေး ဦးတည်ချက်(၄)ရပ်တွင် ပထမအချက်မှာ တရားဥပဒေစိုးမိုးရေး ပင်ဖြစ်သည်။ ထို့ကြောင့် ယခုဆောင်းပါးကို “ဥပဒေကိုလေးစားလိုက်နာပါ” ခေါင်းစည်းတပ်ကာ ရေးသားအပ်ပါသတည်း။ ။

ဇန်နဝါရီ ၃ ရက်က ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် အလက (၈) လှိုင်၏ ပညာရေးစုံညီပွဲတော် အခမ်းအနားတွင် ဘက်စုံထူးချွန်ဆုရ Grade-8 မှ မောင်ကျော်နိုင်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခင်က ဆုချီးမြှင့်စဉ်။ (က-ပ)

လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းနှင့်ဌာနများ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာများတွင် အသုံးပြုရန်ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၇

လူမှုဝန်ထမ်းဦးစီးဌာနသို့ အလှူရှင် ရွှေပုစွန်မိသားစုက အလှူငွေကျပ်သိန်း၁၀၀ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် တာဝန်ရှိသူများ၊ အလှူရှင် မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းနှင့် ဌာနများ၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် အသုံးပြုရန် အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသီ ဂီဒေါ်ခင်နွဲ့ရီ၊ သားဒေါက်တာတင်စိုးလင်း၊ သမီးဒေါ်ပွင့်မာခိုင်(ရွှေပုစွန်မိသားစု)က ငွေကျပ်သိန်း၁၀၀ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက လက်ခံယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓမ္မဒူတ တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြို့ ဇင်္ဂမလမ်းမကြီး (အလယ်ပိုင်း) ၁/အနော်မာရပ်ကွက် သာကေတ တရားသဘင်၌ ဇန်နဝါရီ ၈ ရက်(တနင်္ဂနွေနေ့)တွင် ဓမ္မဒူတ အရှင်ကုသလ၊ ဇန်နဝါရီ ၉ ရက် (တနင်္လာနေ့)၌ ဓမ္မဒူတ အရှင်ပညာဝရ၊ ဇန်နဝါရီ ၁၀ရက် (အင်္ဂါနေ့) တွင် ဓမ္မဒူတ အရှင် ဇောတိသ၊ ဇန်နဝါရီ ၁၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒတို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အင်းစိန် အထက(၁) မိဘဆရာ ကျောင်းသားစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၃ရက်က ဧရာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည်က ဘာသာစုံ ဒုတိယ၊ ဘက်စုံ ဒုတိယဆုအပါအဝင် ထူးချွန်ဆုငါးဆုရသတ္တမတန်း(ခ)မှ မကေရီမင်းမင်း ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

ဆည်မြောင်း ဝန်ထမ်းဟောင်းများအသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာ အချိန်မီ မရရှိပါကလည်း တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စည်းလုံးမှုအားသည် စာကြည့်တိုက်ထူထောင်နိုင်ခြင်းသာမက အမျိုးသားရေးတာဝန်ပါအောင်မြင်မည်ယုံကြည် ကျန်ရှိသောကျေးရွာများ၌ ဖွင့်လှစ်နိုင်ရေး အားသုံးအားဖြင့်ဆက်လက်ပူးပေါင်းဆောင်ရွက် ၂၀၀၅–၂၀၀၆ခုနှစ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ထူထောင်ပြီးစီးရေး အကောင်အထည်ဖော်

ဆောင်ရွက်မှုပြီးမြောက်ပါက ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိသည့် ပထမဆုံးနိုင်ငံဖြစ်လာမည်

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အဌမအကြိမ် သုတ၊ ရသစာအုပ်များနှင့် စာပေဒါနအလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စေတနာရှင် အလှူရှင်များက အဌမအကြိမ် သုတ၊ ရသစာအုပ်များနှင့် စာပေဒါနအလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေး ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး စေတနာရှင်အလှူရှင်များက လှူဒါန်းသော စာအုပ်၊ စာစောင်များနှင့် စာပေ ဒါနအလှူငွေများကို လက်ခံသည်။

တက်ရောက်

အဆိုပါ အဌမအကြိမ် သုတ၊ ရသစာအုပ်များနှင့် စာပေဒါနအလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဆန်းဆင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အဌမအကြိမ် သုတ၊ ရသစာအုပ်များနှင့် စာပေဒါနအလှူငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကစာပေတိုက်များ၊ စာပေဖြန့်ချိရေးလုပ်ငန်းများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် တစ်ဦးချင်းအလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကျေးဇူးတင်ရှိ

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ကျေးလက် ပြည်သူများအသိဉာဏ် ဗဟုသုတ တိုးတက်မြင့်မားစေရေးအတွက် စာအုပ်၊စာစောင်များ၊ ငွေပဒေသာပင်များကို ကိုယ်တိုင်တက်ရောက် လှူဒါန်းကြသည့် စေတနာရှင်များ၊ ကိုယ်တိုင်တက်ရောက်နိုင်ခြင်း မရှိသော်လည်း တစ်ဆင့် ပေးပို့လှူဒါန်း ကြသည့် စေတနာရှင်များအား ကျေးလက်ပြည်သူများနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေ၅၄သန်းကျော်အနက် လူများစုဖြစ်သည့် ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြသူများ ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများသည် ရိုးသားကြခြင်း၊ တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီစောင့်ရှောက်ခြင်းစသည့် အလေ့အထ ရှိကြပြီး စာပေဖတ်ရှုလေ့လာသည့် အလေ့အထ နည်းသည်ကို တွေ့ရှိရကြောင်း။

တစ်ဖက်က ကြည့်လျှင်လည်း ကျေးလက်ပြည်သူများနှင့် စာအုပ်၊ စာတမ်းများထိတွေ့မှု အလှမ်းဝေးနေသည်ကို တွေ့ရှိရကြောင်း။

မြင့်မားတိုးတက်လာ

ထို့ကြောင့် ကျေးလက်ပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာအောင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စဉ်းစားတွေးခေါ်မှု စသည့် ကဏ္ဍအသီးသီး မြင့်မားတိုးတက်လာအောင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ထူထောင်ရခြင်း ဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ လူများစုဖြစ်သည့် ကျေးလက်ပြည်သူများ အပါအဝင် ပြည်သူတစ်ရပ်လုံး ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ကြီး ဘက်စုံထောင့်စုံက အပြည့်အဝ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနကဦးဆောင်၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် များကို ဖွင့်လှစ်တည်ထောင်နေရခြင်း ဖြစ်ကြောင်း။

ဖြန့်ဝေပေးခဲ့

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို အားသုံးအားဖြင့် အကောင်အထည်ဖော် စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းအားသုံးအားမှာ နိုင်ငံတော်၏အား၊ ဒေသခံ အာဏာပိုင်များနှင့် ဒေသခံပြည်သူများ၏အား၊ စေတနာရှင်ပြည်သူများ၏ အားများပင် ဖြစ်ကြောင်း။

နိုင်ငံတော်၏ အားအပိုင်းကို ကြည့်ပါက ယနေ့အထိ နိုင်ငံတော်အနေဖြင့် ငွေကျပ် သိန်း၈၀၀ဖိုးခန့် စာအုပ်၊ စာစောင်များ ဝယ်ယူ၍ ကျေးရွာစာကြည့်တိုက်များသို့ ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ကြောင်း။

ဒေသခံ အာဏာပိုင်များနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအပိုင်းကို ကြည့်ပါကလည်း များစွာအားရဖွယ်ဖြစ်သည်ကို တွေ့ရကြောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်နိုင်ရေးအတွက် အလှူပေါင်းစုံက အားရဝမ်းသာ ပံ့ပိုးကူညီလျက်ရှိကြောင်း၊ ပြည်နယ်၊ တိုင်းဒေသအနှံ့မှ စေတနာရှင် ပြည်သူများက စာကြည့်တိုက်များအတွက် အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စေတနာရှင်များ ကြည်နူးဝမ်းမြောက်နိုင်ရေးအတွက် တင်ပြရပါက သတ္တမအကြိမ် စာပေဒါန လှူဒါန်းပွဲအထိ စေတနာရှင် ၄၉၀က စာအုပ်၊ စာစောင်ပေါင်း ၁၆၅၇၄၄၉ အုပ် လှူဒါန်းခဲ့ပြီး ယင်းစာအုပ်၊ စာစောင်များ၏တန်ဖိုးမှာငွေကျပ်၈၆၆၉၄၈၁၁ ကျပ် ဖြစ်ပါကြောင်း၊ ငွေပဒေသာပင်အနေဖြင့် ငွေကျပ် ၄၈၃၇၄၀၀၀ လှူဒါန်းထားပါကြောင်း၊ ထို့ကြောင့် သတ္တမအကြိမ်အထိ စေတနာရှင်များ လှူဒါန်းသည့် ငွေသားနှင့် စာအုပ်၊ စာစောင်များ၏ တန်ဖိုးကို စုပေါင်းလိုက်ပါက စုစုပေါင်း ငွေကျပ် သိန်း ၁၃၅၀ကျော်သွားပြီ ဖြစ်ကြောင်း။

များစွာအထောက်အကူပြု

ယနေ့အခမ်းအနားတွင်စေတနာရှင်များက စာအုပ်၊ စာစောင်များ၊ ငွေပဒေသာပင်များ စုစုပေါင်း ငွေကျပ် ၅၁၆သိန်းကျော် လှူဒါန်းသွားမှာ ဖြစ်ကြောင်း၊ စေတနာရှင်များ၏ ယခုကဲ့သို့သော လှူဒါန်းမှုများသည် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖြစ်ပေါ်ရေးအတွက် များစွာအထောက်အကူပြုပါကြောင်း။

ဇန်နဝါရီ ၄ရက်ကလည်း ဧရာဝတီတိုင်း ရေကြည်–အသုတ်ဒေသ၌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဆန်းဆင့်နှင့် ဗိုလ်ချုပ်မြဝင်းတို့ အမှူးပြုသော စေတနာရှင်များက လောကမွန် စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

အား သုံးအား

နိုင်ငံတော်၏ အား၊ ဒေသခံများ၏ အား၊ စေတနာရှင်ပြည်သူများ၏ အားသုံးအားဖြင့် ယနေ့အထိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၄၈၀၆၄ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဖွင့်လှစ်ရန် ကျေးရွာစာကြည့်တိုက်ပေါင်း တစ်သောင်းကျော်သာ ကျန်ရှိကြောင်း၊ အား သုံးအားဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားပါက ကျန်ရှိနေသေးသော ကျေးရွာများအားလုံးတွင် စာကြည့်တိုက်များကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်မည်ဟုယုံကြည်ပါကြောင်း။

ဤကဲ့သို့ စည်းလုံးညီညွတ်သည့် အားများဖြင့် ဆောင်ရွက်သွားပါက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ထူထောင်ခြင်း လုပ်ငန်းများသာမက နိုင်ငံတော်၏ အခြားသော အမျိုးသားရေး တာဝန်များကိုပါ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စာကြည့်တိုက် ထူထောင်ခြင်းလုပ်ငန်းများ၊ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို ဆက်လက်ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

စနစ်တကျအသုံးပြုဆောင်ရွက်

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် စာအုပ်၊ စာစောင်များ၊ ငွေပဒေသာပင်များကို စာကြည့်တိုက်များ ရေရှည်ရှင်သန်ရေးအတွက် စနစ်တကျ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း။

ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၌ စာအုပ်၊ စာစောင် ဖတ်ရှုလေ့လာသူများဖြင့် သက်ဝင် လှုပ်ရှားနေအောင် စာအုပ်၊ စာစောင်များ မပျက်စီး မပျောက်ဆုံးအောင် စီမံဆောင်ရွက်စေလျက်ရှိကြောင်း။

ဖွံ့ဖြိုးရှင်သန်တိုးတက်

မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများက ကြီးကြပ်၍ စာကြည့်တိုက်ပညာများ ပြန့်ပွားအောင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာကြည့်တိုက် အဆောက်အအုံနှင့် ပရိဘောဂများ ပိုမိုပြည့်စုံအောင် ညှိနှိုင်းစည်းရုံး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

စေတနာရှင် ပြည်သူများ၏ လှူဒါန်းမှုများဖြင့် ဖွင့်လှစ်ပြီးဖြစ်သော စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်တိုးတက်လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှိလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အောင်မြင်ပြီးမြောက်ပါက မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိသည့် ပထမဆုံးနိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း။

ဝိုင်းဝန်းကူညီပံ့ပိုး

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၅–၂၀၀၆တွင် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ပြီးစီးရေး ရည်မှန်းချက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စေတနာရှင်များကလည်း ယခုကဲ့သို့ ဝိုင်းဝန်းကူညီ ပံ့ပိုးကြပါရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက စာအုပ်၊ စာစောင်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့လှူဒါန်းသောမဂ္ဂဇင်း၊ ဂျာနယ်စုံ ၁၂၀၅ အုပ်ကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာမဂ္ဂဇင်း သတင်းလွှာ ၁၅၇၉ ကို လည်းကောင်း လှူဒါန်းပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဆန်းဆင့်၊ ဗိုလ်ချုပ်မြဝင်းနှင့် စေတနာရှင် မိသားစုများက ငွေကျပ် သိန်း၂၀၀ တန်ဖိုးရှိ ရေကြည်မြို့နယ် အသုတ်မြို့ လောကမွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံနှင့် စာအုပ်၊ စာစောင်၄၅၁၆အုပ်၊ ဇေကမ္ဘာကုမ္ပဏီမှ ဒေါက်တာခင်ရွှေက ငွေကျပ် ၁၀သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၁၀သိန်း၊ ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ဦးဝင်းအောင်က ငွေကျပ်ငါးသိန်း၊ ရွှေသံလွင် ကုမ္ပဏီလီမိတက် မိသားစုက စရဏမဂ္ဂဇင်း ၄၀၀၀ နှင့် ငွေကျပ် သုံးသိန်း၊ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးထွန်းထွန်းနှင့် ဇနီး ဒေါ်ဝေဝေ (မြစ်ကြီးနားမြို့) က ငွေကျပ်သုံးသိန်း၊ ဒေါ်မျိုးမျိုးခိုင် (ကီကီမြန်မာမီဒီယာ)က ငွေကျပ် သုံးသိန်း၊ ဦးဇော်မင်း (မင်္ဂလာကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဒေါက်တာသာထွန်းဦး (တူဒေး) စာအုပ်တိုက်က မဂ္ဂဇင်းမျိုးစုံ ၃၉၁၆ အုပ်နှင့် ငွေကျပ်တစ်သိန်း၊

စာမျက်နှာ ၁၂ ကော်လံ ၁

စာမျက်နှာ ၁၁ မှ

ယုဇနကုမ္ပဏီလီမိတက်၊ ဦးမောင်မောင်ဦး (Lynx Entertainment) နှင့် ဒေါက်တာကျော်ဆန်း (Multi Media) တို့က ငွေကျပ် တစ်သိန်းစီ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံ့ကြီး)က ဓမ္မစာအုပ်၅၀၀၀၊ မဇာခြည်စိုးစိုးသိမ့် (စိုးစာပေ) က ရုပ်ရှင်အမြုတေ မဂ္ဂဇင်း၂၀၀၀၊ သုတစွယ်စုံ စာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုးတို့က ဂျာနယ်စုံ ၇၄၉၈အုပ်၊ ဦးကိုကိုမြင့် (သိန်းမင်းစာပေ) က သုတရသ စာအုပ်စုံ ၈၁၅အုပ်၊ ဦးမောင်ရွှေ (မန်နေဂျင်းဒါရိုက်တာ၊ ဗန္ဓုလ လီမိတက်)က သုတရသ စာအုပ်စုံ ၁၂၀၂အုပ်၊ ဗိုလ်မှူးကြီးသောင်းဝေ (ငြိမ်း)-ဒေါ်မြရတနာ (မြရတနာစာပေ)က ဝတ္ထုရှည်ပေါင်းချုပ်နှင့် စစ်သွေးမဂ္ဂဇင်း ၄၉၄အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ ဒါရိုက်တာစင်ရော်မောင်မောင်၊ ဦးနေအောင် (Eleven ဂျာနယ်)၊ ဒေါ်အေးနှင်းဆွေက မဂ္ဂဇင်းစုံ၁၀၀နှင့် ငွေကျပ်၅၀၀၀၀၊ ဦးအောင်ဆန်း (ငွေနှင်းပွင့်ဖြူမီဒီယာ) တို့က ငွေကျပ်၅၀၀၀၀စီ၊ စမ်းချောင်းမြို့နယ်မှ ဒေါ်စနိုးက ငွေကျပ်၅၀၀၀၀ နှင့် ဂျာနယ်မဂ္ဂဇင်း ၁၀၇၀၊ ဦးခင်မောင်တင် (မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဥက္ကဋ္ဌ)က ၂၀ရာစု ဇာတ်သဘင်တေး စာအုပ်၃၀၊ ဦးမြင့်ဦး-ဒေါ်သိန်းအေး ဆုစာပေတိုက်က အင်တာမဂ္ဂဇင်း၊ English for All မဂ္ဂဇင်း ၃၁၇၀၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးဝင်း (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)က စာအုပ်စာစောင် ၇၂၉၊ ပါမောက္ခဒေါ်မြမြဝင်း (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မြန်မာစာဌာန) က ဂျာနယ်စုံ ၉၇၊ ကောင်းဟိန်းလီမိတက်မှ ဒေါ်ခင်စန်းဝင်းက ငွေကျပ်တစ်သိန်း၊ ဦးကျော်မင်း (ရွှေပြည်နန်းကုမ္ပဏီ)က ငွေကျပ်တစ်သိန်း၊ ဦးအောင်လှ ပန်အောင်စာပေက ရသစုံ မဂ္ဂဇင်း ၇၆၈အုပ်၊ ဒေါက်တာခင်မောင်ထွေး (Digest Media Bank)က Health Digest ဂျာနယ်၊ ပွိုင့်ဂျာနယ်၃၆၀၀၊ ဦးမျိုးအောင် (အင်းဝစာအုပ်တိုက်)က ကြီးပွားရေးမဂ္ဂဇင်း ၂၅၀၊ ဦးမောင်မျိုး ကြောင်နှစ်ကောင်စာပေက မဂ္ဂဇင်းစာစောင်များ ၄၄၂၃၊ ဦးနှင်းဆွေ ပန်းလက်ဆောင်စာပေက သုတရသ စာအုပ် ၃၅၀၊ ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)က ဂျာနယ်စုံ ၁၄၀၀၊ ဦးဇော်လင်းအောင်-ဒေါ်မိမိလှိုင် မိုးကျော်စာပေက ငွေကျပ် ၅၀၀၀၀၊ ဦးသန်းမြင့် Laser Media က ငွေကျပ် ၅၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဦးမြင့်ထွန်း-ဒေါ်ခင်မာရွှေ (Quality Publishing House)က သုတရသ စာအုပ် ၄၀၀၊ ဦးစိန်မြင့်အောင် (ရွှေကံ့ကော်စာပေ) က ကျောင်းသုံးစာအုပ် ၁၉၄အုပ်၊ ဒေါ်ကေခိုင်ဦး (ရတနာမွန်စာပေ)က မဂ္ဂဇင်းစုံ၊ ဝတ္ထုစုံ ၂၅၀၊ ဦးခစည်သူ (ခင်စိုးဝင်းစာပေ)က သုတရသ စာအုပ် ၇၅အုပ်၊ ဦးဝင်းမျိုးသူရက မဂ္ဂဇင်းစာအုပ်စုံ၆၄အုပ်၊ ဦးတင်ဝင်းထွဋ် (Living Color Media) က မဂ္ဂဇင်းစာအုပ်ဂျာ နယ်စုံ ၁၆၀၀၊ ဦးနိုင်ကြီးက စာအုပ်စုံ ၄၈အုပ်၊ ဦးဝေသာက စာအုပ်စုံ ၂၅၄အုပ်တို့ကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဒေါ်နန်းကလျာဝင်း(ပေါ်ပြူလာ+ရတီ)က ဂျာနယ် မဂ္ဂဇင်း၁၁၅အုပ်၊ ဗိုလ်ကြီးလှရွှေ (ငြိမ်း) (တာမွေမြို့နယ်)က သုတစာအုပ်၁၉၀၊ ဦးကျော်ကျော်ဆွေက လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း ၁၂၀၊ ဒေါ်ခင်လှတင့်(ဓမ္မဗျူဟာစာစောင်)က ဓမ္မဗျူဟာစာစောင် ၅၀၀၊ ဦးအောင်မြတ် (ပညာရွှေတောင်စာအုပ်တိုက်) က မဂ္ဂဇင်းစုံ၊ စာအုပ်စုံ ၁၃၅၂အုပ်၊ ဦးသိန်းမြင့် (ဧရာမင်းသိန်း ဆောက်လုပ်ရေး)က ကမ္ဘာ့ရွာစာအုပ် ၂၅၀၊ ဗိုလ်မှူးရွှေဘော်(ငြိမ်း) (ရွှေဘော်ဖြိုး-ဆင်တဲ၀)-ဒေါ်လေးခိုင်ခိုင်က ဂျာနယ်စုံ ၁၄၀၀၊ ဦးညွန့်ရီ-ဒေါ်တင်တင်လှ မိသားစု (အမှတ် ၉၉ ဘုန်းကြီးလမ်း) က သုတရသစာအုပ်မျိုးစုံ ၇၂၇အုပ်၊ ဦးသောင်းစုငြိမ်း (Myanmar People 7 days News Internet Journal) က မဂ္ဂဇင်းစုံ ဂျာနယ်စုံ ၃၁၇ အုပ်၊ ဒေါက်တာသိန်းမြင့် (Eleven Media Group) က ဂျာနယ်စုံ ၁၀၀၀၊ ဦးကိုကို (ပန်းသတင်းဂျာနယ်)က ဂျာနယ်စုံ ၅၀၀၊ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) မှူးသမိန်က မဂ္ဂဇင်း၂၁၀၊ ပုဂံစာပေတိုက်မှ ဒေါ်ခိုင်ခိုင်ဦးက သုတရသ စာအုပ်စုံ ၆၆အုပ်၊ ဦးသိမ်းစိုး(သီဟရတနာစာပေ)က စာအုပ်စုံ ၃၃ အုပ်၊ ဦးမာလတ် (သောင်းပြောင်းထွေလာ ရယ်စရာ)က မဂ္ဂဇင်း၅၄အုပ်၊ ဦးနီလေးမောင်က ဖြစ်ရပ်မှန်မဂ္ဂဇင်း ၁၅၀၊ ဦးသီဟစော (မြန်မာ့ခနေ စီးပွားရေး မဂ္ဂဇင်း)က မဂ္ဂဇင်း၃၆အုပ်၊ ဦးသိန်းမင်း (ပန်းရွှေပြည်စာပေ)က စာအုပ်စုံ ၁၂၄အုပ်၊ ဒေါ်နန်းအိအိဇာ (နန်းဒေဝီစာအုပ်တိုက်)က မဂ္ဂဇင်းစုံ၁၉အုပ်၊ ဒေါ်သပြေ (ချယ်ရီမဂ္ဂဇင်း)က မဂ္ဂဇင်း ၃၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာတိုင်း(မ်) စီးပွားရေးနှင့် သတင်းဂျာနယ်က မြန်မာတိုင်းမ်ဂျာနယ် ၄၉၈စောင်၊ မင်းရွှေမင်း(တောင်ကုတ်)က ချစ်ဗိမာန် မယိုင်လဲစေဖို့ အိမ်ထောင်ရေးပညာပေးစာအုပ်၁၀၀၊ ဒဂုံမြို့နယ်မှ ဒေါက်တာဝင်းနိုင်က စိုက်ပျိုးရေးပညာပေးစာအုပ် ၁၀၀၊ ဦးမော်ကြီး (Express)က မဂ္ဂဇင်း ၁၈ အုပ်၊ ဒေါက်တာဂျယ်ရီအုံ့ခိုင်က Family မဂ္ဂဇင်း ၂၁အုပ်၊ ဦးဉာဏ်ပွင့်က ဧယျာမြေနှင့် လပြည့်ဝန်းမဂ္ဂဇင်း ၂၃အုပ်၊ မောင်သစ်နွယ်က နိုင်ငံတကာ ပြစ်မှုဂျာနယ် ၁၀၀၊ ဦးခင်မောင်ဦး (မြတ်ပန်းရဂုံ)စာပေက သုတရသစာအုပ်စုံ၆၃အုပ်၊ ဦးသန်းထိုက်က ရန့်သစ်မဂ္ဂဇင်း၁၀အုပ်၊ မောင်သက်ဝင်းမောင် (ခေတ္တ U.K) က သုတစာအုပ်မျိုးစုံ၁၆အုပ်၊ ဒေါ်နုနုရီ (လွင်မီဒီယာ)က သင့်ရဲ့စွမ်းရည် မိုးသို့ဆီ စာအုပ် ၇၅ အုပ်၊ ဦးလှကျော် (Love Media)က ငွေကျပ် ၁၅၀၀၀၊ ပေါ်ပြူလာဂျာနယ်မှ သတိုးလွင်က ငွေကျပ် ၅၀၀၀၊ မိုးမြင့်စာပေက ငွေကျပ် ၂၀၀၀၀၊ ဦးအောင်နိုင်သူ Rave Music Band က မဂ္ဂဇင်းနှင့် ဂျာနယ်စုံ၂၂၅၊ သုဝဏ္ဏမှ ဦးအောင်မြင့်ထွန်းက မဂ္ဂဇင်းနှင့် ဂျာနယ်စုံ ၄၈၄၊ Tech Training Centre က မဂ္ဂဇင်းနှင့် ဂျာနယ်စုံ၂၂၅၊ တက္ကသိုလ်ဟန်မင်းဦးက ဂျာနယ်စုံ ၁၉၀၊ မသီတာအေးမြမြ (လှိုင် TTC)က မဂ္ဂဇင်း၁၆၀၊ ဦးကျော်လှိုင် (စေတနာစာပေ)က စာအုပ်မျိုးစုံ ၆၀၊ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းအေး (ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်)နှင့် အထက(၂) ကွမ်းခြံကုန်းမှ တပည့်များက မဂ္ဂဇင်းနှင့် ဂျာနယ်စုံ အုပ် ၉၀နှင့် ငွေကျပ် ၁၀၀၀၀၊ ဒေါက်တာတင်အောင်ခိုင်နှင့် ဒေါက်တာစံပယ်တင် Ever Win International Co., Ltd. က ဂျာနယ်စုံ ၃၀၀၀၀၊ ဦးကျော်ဇင်ဦးက ဂျာနယ်စုံ၁၁၀၀၊ ဦးရှိန်ဝင်း (ရွှေပါရမီ) စာပေက သုတ၊ ရသစာအုပ်စုံ ၁၇၀၊ ဦးဇော်လင်းအောင်-ဒေါ်မိမိလှိုင် (မိုးကျော်စာပေ)က ငွေကျပ်၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်တို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပေးပို့လှူဒါန်း

ဦးစိုးမိုးသန်း (ဒါရိုက်တာ) MMRD Publication က ရန်ကုန်လမ်းညွှန် အုပ် ၄၀၊ ဦးနွယ်ဦးလှိုင် (Beauty Max)က မဂ္ဂဇင်း ၈၀၊ ဦးညိုမှိုင်း (အားမာန်သစ်)က သုတရသစာအုပ်စုံ ၁၂၅အုပ်၊ ဦးဟိန်းဇေ (ရုပ်ရှင်အမြုတေ)က မဂ္ဂဇင်း၅၄အုပ်၊ ဦးညွန့်ဝေ (ပြုံးပန်းတစ်ရာ)စာပေက မဂ္ဂဇင်းဂျာနယ် ၂၀၇အုပ်နှင့် ဖြစ်ရပ်မှန်မဂ္ဂဇင်း ၁၅၀၊ ဦးဉာဏ်လှိုင် (ရွှေအမြုတေ)က မဂ္ဂဇင်း၅၀၊ ဦးမောင်မောင်မြင့်အေး (လာဘ်မိုးစွေစာပေ) က မဂ္ဂဇင်း/သုတစာအုပ်၄၀၊ ဦးသန့် (လာဘ်မိုးစွေစာပေ)က မဂ္ဂဇင်းစုံ ၃၆အုပ်၊ ဦးကျော်ဦး (ပါရမီစာပေ)က သုတရသစာအုပ်စုံ ၃၆အုပ်၊ ဦးကျော်မိုးသိန်း(ပါရမီမဂ္ဂဇင်း)က သုတ ရသ စာအုပ်မျိုးစုံ ၄၅အုပ်၊ ဒေါ်သန္တာခင် (အင်ပါယာမဂ္ဂဇင်း)က အင်ပါယာ မဂ္ဂဇင်း၁၅အုပ်၊ ဗိုလ်မှူးကျော်ရှိန်-ဒေါ်ခင်ရီ (ကျောက်တံတားမြို့နယ်)က စာအုပ်မျိုးစုံ ၃၁၉အုပ်၊ ဦးဒီးဒီးက ဂမ္ဘီရမဂ္ဂဇင်း ၂၅အုပ်၊ ဦးအောင်မြတ်ကျော် (စာပေလောက စာအုပ်တိုက်) က သုတ ရသ စာအုပ်စုံ ၁၂၅အုပ်၊ ဦးသိန်းအောင် (လုံမလေးမဂ္ဂဇင်းတိုက်)က မဂ္ဂဇင်း ၂၀၊ ဦးနေဝင်း (ဘဝတက္ကသိုလ်စာပေ)က အပျိုစင်မဂ္ဂဇင်း ၁၃အုပ်၊ ဒေါ်ကလျာ (ကလျာမဂ္ဂဇင်း)က မဂ္ဂဇင်းအုပ်၂၀၊ ဦးရိုးကွန့်(နန်းမြင့်ဂျာနယ်) အယ်ဒီတာချုပ် ဒေါ်ခင်ညိုညို (မန္တလေး)က နန်းမြင့်ဂျာနယ် ၃၀၀၊ စာရေးဆရာသန်းဝင်းရှိန် (ကျောက်တန်းမြို့)က နန်းမြင့်ဂျာနယ် ၁၀၀တို့ကိုလည်း ပေးပို့လှူဒါန်းကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စေတနာရှင် အလှူရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စေတနာရှင် အလှူရှင်များက အဌမအကြိမ် သုတရသ စာအုပ်များနှင့် စာပေဒါနအလှူငွေ လှူဒါန်းပွဲ အခမ်းအနားတွင် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စာကြည့်တိုက် အဆောက်အအုံနှင့် စာအုပ်များအပါအဝင် ငွေသား အလှူရှင် ၂၄ဦးက ငွေကျပ် ၄၅၅၅၀၀၀၊ စာအုပ်အလှူရှင်၈၅ဦးက ခန့်မှန်း တန်ဖိုးငွေကျပ်၂၇၀၅၃၆၂၀ရှိ စာအုပ်စာစောင် ၈၆၆၀၇ ဖြစ်ပြီး အလှူရှင် စုစုပေါင်း ၁၀၉ဦးတို့၏ စုစုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် ၅၁၆၀၈၆၂၀ ဖြစ်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

အခြေအနေမပြည့်စုံ၊ မရင့်မှည့်ခင် ဒီမိုကရေစီတည်ဆောက်လျှင် တိုတောင်းသည့်ကာလအတွင်း ပြိုပျက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ၏ ဒီမိုကရေစီရေစီးကြောင်းကိုကြည့်လျှင် ကမ္ဘာ့နိုင်ငံအချို့သည် ဒီမိုကရေစီကူးပြောင်းရေးအတွက် လုံလောက်သောအချိန်ယူခဲ့၍ ယခုအခါ စီးပွားရေးတိုးတက်မှုများ အံ့မခန်းရှိနေကြောင်း၊ အချို့နိုင်ငံများတွင် ဒီမိုကရေစီလမ်းကြောင်းကို အလျင်စလိုလုပ်နေ၍ ပဋိပက္ခများ များပြားထူပြောနေခြင်းကို သင်ခန်းစာယူထိုက်ကြောင်း။

ထို့ကြောင့် မည်သူတရားပျက်ပျက်ကိုယ်မပျက်ဘဲ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးတွင် ဖြစ်ပေါ်လာမည့် အခြေခံဥပဒေအတွက် အားနည်းချက် အဖျက်မျိုးစေ့မပါစေရန် အချိန်ယူစိစစ်ဝေဖန်သုံးသပ်လျက်ရှိပြီး အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးကို အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများက အလေးအနက်ဆောင်ရွက်နေကြသည့်အတွက် ကြိုဆိုဂုဏ်ပြုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီးသည် မိမိတို့နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် နောင်အနာဂတ်ဖြစ်ပေါ်လာမည့်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ပေးနေခြင်းဖြစ်သည့်အတွက် ယနေ့ပြည်တွင်းပြည်ပက နှောင့်ယှက်ဟန့်တားမှုများဖြစ်သော ယနေ့အမျိုးသားညီလာခံကြီးကို လက်မခံခြင်း၊ နိုင်ငံတော်အစိုးရနှင့် သုံးဦးသုံးဖလှယ်မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးတောင်းဆိုခြင်းများသည် နည်းလမ်းမကျသည့် အဖျက်လုပ်ရပ်များသာဖြစ်သည့်အတွက် လက်မခံပါကြောင်းနှင့် အဆိုရှင်တင်သွင်းသွားသည့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံကြောင်းအဆိုကို ထပ်ဆင့်ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူးကြီးတင်စိုး(အငြိမ်းစား)က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိအနေဖြင့် ယခုအစည်းအဝေးကြီးတွင် တင်သွင်းသွားသည့်အဆိုကို ဆက်လက်ထောက်ခံတင်ပြမည်ဖြစ်ကြောင်း။

မှန်ကန်သည့်မူဝါဒ

ယနေ့နိုင်ငံတော်အစိုးရသည် ပြည်သူများလိုလားတောင့်တနေသည့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို မွန်မြတ်သောဦးတည်ချက် (၆)ရပ်နှင့်အညီ ကျင်းပပေးလျက်ရှိကြောင်း၊ ယင်းအမျိုးသားညီလာခံ ဦးတည်ချက်များထဲ၌ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည့် ကောင်းမြတ်သော အချက်တစ်ချက်ပါဝင်သည်ကို တွေ့ရကြောင်း၊ ယင်းဆဋ္ဌမမြောက် ဦးတည်ချက်သည် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရန် တာဝန်ယူလိုက်ခြင်းပင်ဖြစ်ကြောင်း၊ မှန်ကန်သည့်မူဝါဒများကို တင်ပြရာတွင် ပုဂ္ဂိုလ်ပါတီမရွေး မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီကဖြစ်စေ တပ်မတော်ကိုယ်စားလှယ်များက ထောက်ခံကြမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ထိပါးစေမည့် ကိစ္စများကို တပ်မတော်ကိုယ်စားလှယ်များက ထောက်ပြနိုင်မည်ဖြစ်ပါကြောင်း။

တပ်မတော်၏သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် တပ်မတော်သည် အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်း၊ မိဘပြည်သူများ၏ ရင်သွေးများဖြင့် ဖွဲ့စည်းထားသော မျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ အမျိုးသားလွတ်မြောက်ရေး၊ နယ်ချဲ့စနစ်နှင့် ဖက်စစ်ဝါဒတို့ကို ပြည်သူတို့နှင့် စည်းရုံးလက်တွဲပြီး တွန်းလှန်ချေမှုန်းခဲ့သည့် သမိုင်းအစဉ်အလာထွန်းပြောင်ခဲ့သော တပ်မတော်ဖြစ်ကြောင်း၊ တပ်မတော်သည် သမိုင်းစဉ်တစ်လျှောက်လုံး တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မည်သည့်အခါမျှ မျက်ကွယ်မပြုခဲ့ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် အန္တရာယ်အကျဉ်းအကြပ်နှင့် ကြုံတိုင်း ပြည်သူ့ရှေ့မှမားမား မတ်မတ်ရပ်တည်ပြီး အကာအကွယ်ပေးခဲ့သည်ချည်းပင်ဖြစ်ကြောင်း။

တပ်မတော်သည် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မည်သည့်အခါမှ မျက်ကွယ်ပြုမည် မဟုတ်သကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ တရားသည့် ရည်ရွယ်ချက်များ၊ မျှော်မှန်းချက်များ၊ ဆန္ဒများ အောင်မြင်မှုရအောင် မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ရှိပြီး ရိုးသားသည့် တိုင်းရင်းသားပြည်သူများနှင့် သေအတူရှင်မကွဲ ခိုင်ခိုင်မြဲမြဲ လက်တွဲပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အပြည့်အဝ အောင်မြင်မှုရသည်အထိ ကြိုးပမ်းသွားရန် အလေးအနက် သန္နိဋ္ဌာန်ချထားပြီး ဖြစ်သည်ဆိုသည်ကို အတိအလင်း ထုတ်ဖော်ပြောကြားပြီးဖြစ်ကြောင်း။

တစ်ထပ်တည်းဖြစ်

တပ်မတော်သည် အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပြီး အမျိုးသား နိုင်ငံရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန် အစဉ်ခိုင်မာစွာ ရပ်တည်နေသကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ပေါ်ထွန်းလာအောင် ဦးတည်ဆောင်ရွက်လျက်ရှိသည့် ယနေ့ကာလတွင်လည်း တပ်မတော်သည် တိုင်းရင်းသား ပြည်သူတို့နှင့်အတူလက်တွဲပါဝင်ရင်း **“အနာဂတ်အမျိုးသားရေး တာဝန်ကို ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားရန်အတွက် အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး”**သည် မိမိတို့ ပြည်သူများ၏ ဆန္ဒသဘောထားနှင့် တစ်ထပ်တည်းဖြစ်၍ အလေးအနက် ကြိုဆို ထောက်ခံကြောင်း။

နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေး ဦးဆောင်မှုဆိုသည်မှာ နိုင်ငံတော်အတွက် အဓိကျသည့် ဒို့တာဝန်အရေးသုံးပါး အောင်မြင်မှုနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလည်း ပါဝင်ကြောင်း၊ဤကဲ့သို့ ကြီးမားကျယ်ဝန်းနက်ရှိုင်းသိမ်မွေ့သည့် အမျိုးသားနိုင်ငံရေး တာဝန်ကြီး မတိမ်းစောင်းရအောင် ထိန်းသိမ်းရာတွင် နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များနည်းတူ တိုင်းပြည်အတွက် အသက်ပေးတာဝန်ကျေပွန်သည့် တပ်မတော်သားများလည်း ပါဝင်ခြင်းသည် သဘာဝကျကြောင်း။

အမှန်စစ်စစ် တပ်မတော်သည် တပ်မတော်၏ ဗီဇ၊ မူလကတည်းက ဒီမိုကရေစီရေးကို ဦးစားပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၄၅ ခုနှစ် အမျိုးသား ရေးဦးတည်ချက်တွင် လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးကို ဦးတည်ခဲ့သည်မှာ သာဓကပင် ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်ကြီးများ အကျေအလည် ဆွေးနွေးညှိနှိုင်းပြီး နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံရမည့်မူ(၁၀၄)ချက်ကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအခြေခံမူ(၁၀၄)ချက်ထဲက တပ်မတော်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများကို လေ့လာကြည့်လျှင် အခြေခံမူ(၃၈)တွင် “တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့် တစ်ခုတည်းသော တပ်မတော်သာဖြစ်သည်။” အခြေခံမူ(၄၁)တွင် တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်ဟုလည်းကောင်း၊ အခြေခံမူ(၄၂)တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်ဟုလည်းကောင်း၊ အခြေခံမူ(၄၃)တွင် တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်ဟုလည်းကောင်း ဖော်ပြပါရှိကြောင်း။ *စာမျက်နှာ ၁၃ ကော်လံ ၁ သို့*

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလအတွက်

(၈-၁-၂၀၀၆)ရက်နေ့

နှင့်

(၂၉-၁-၂၀၀၆)ရက်နေ့

8-1 (12).p65 1 3/26/1905, 11:36 PM

စာမျက်နှာ ၁၂ မှ

ယနေ့ကာလတွင် ကိုလိုနီနယ်ချဲ့ လက်သစ်များသည် နိုင်ငံငယ်များကို လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးကို အကြောင်းပြပြီး ၎င်းတို့၏ဩဇာလွှမ်းမိုးရန် ကြိုးစားနေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဒီအခြေအနေမျိုးတွင် မိမိတို့နိုင်ငံကို ကာကွယ်နိုင်စွမ်းရှိမည့် ခိုင်မာတောင့်တင်းသော တပ်မတော်ရှိရန်လိုအပ်ကြောင်း၊ ခိုင်မာတောင့်တင်းသည့် တပ်မတော်ရှိမှသာ နိုင်ငံတော်နှင့် နိုင်ငံတော်အစိတ်အပိုင်းများကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ ခိုင်မာတောင့်တင်းသည့် တပ်မတော်ဖြစ်စေရန် ကိုယ့်အားကိုယ်ကိုးပြီး တည်ဆောက်ကြမည်ဖြစ်ကြောင်း၊ ပြည်ပကိုအားကိုး၍မရကြောင်း၊ တပ်မတော်အင်အားတောင့်တင်းမှသာ အထက်တွင်တင်ပြခဲ့သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူများအတွက် အသက်တမျှအရေးကြီးသောဖြစ်ပေါ်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမကျိုးပေါက် မပျက်စီးရအောင် ကာကွယ်စောင့်ရှောက်နိုင်မည်လည်းဖြစ်သည့်အတွက် ကျင်းပဆဲ အမျိုးသားညီလာခံကြီး၏ အခြေခံမူများသည် တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိစွာဖြင့် အနာဂတ်နိုင်ငံတော်ကို အမှီနိုကင်းလောင်းရိပ်ရှင်းပြီး ပြည်သူများကသာ ကိုယ့်ပြည်သူများ အရေးအရာအားလုံးကို ဆုံးဖြတ်နိုင်သည့် အခြေအနေကိုရောက်ရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ပေါ်ပေါက်ရေးသည် မြန်မာ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့်ခိုင်မာသည့် ဖွဲ့စည်း ပုံအခြေခံ ဥပဒေသစ် ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော ယခုကဲ့သို့ အချိန်အခါမျိုးတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၏ အခြေခံကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးအောင်မြင်မှု အပြည့်အဝရရှိအောင် မိမိတို့ ပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ထောက်ခံတင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ရပ်မိရပ်ဖ တစ်ဦးဖြစ်သူပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှအလုပ်အမှုဆောင်ဦးကျော်ကျော်ဝင်းကထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိအနေဖြင့် ယခုအစည်းအဝေးကြီးတွင် တင်သွင်းသွားသော အမျိုးသားညီလာခံကြိုဆိုထောက်ခံကြောင်း အဆိုကို ဆက်လက်ထောက်ခံတင်ပြမည် ဖြစ်ကြောင်း။

လက်တွေ့အကောင်အထည်ဖော်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်အဖြစ်ရောက်ရှိအောင် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ် အရေးအကြီးဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင်ကျင်းပပြီးစီးနိုင်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်နေကြောင်း။

အမျိုးသားညီလာခံကြီးတွင်တက်ရောက်နေသော ကိုယ်စားလှယ်များထဲတွင် ပြည်နယ်၊တိုင်းအသီးသီးမှ မြို့နယ်အားလုံးကိုကိုယ်စားပြုသည့်တိုင်းရင်းသားကိုယ်စားလှယ်များက ထက်ဝက်ကျော်ပါဝင်ပြီး အလုပ်သမား၊ လယ်သမားကိုယ်စားလှယ်များ၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ တရားစီရင်ရေးဆိုင်ရာများတွင် အတွေ့အကြုံရင့်ကျက်ကျွမ်းကျင်သူ အတတ်ပညာရှင်၊ အသိပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ပါဝင်ကြောင်း၊ တရားဝင်နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသည့်ကိုယ်စားလှယ်များလည်း ပါဝင်ကြောင်း၊ အထူးခြားဆုံးမှာ ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့ကြသည့် တိုင်းရင်းသားကိုယ်စားလှယ် ခေါင်းဆောင်များလည်း ပါဝင်ခြင်းကြောင့် လူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်များအားလုံး စုံစုံလင်လင်ပါဝင်သည့် ညီလာခံကြီးဖြစ်ကြောင်း။

ထို့ကြောင့် ယခုအမျိုးသားညီလာခံသည် မြန်မာ့သမိုင်းတစ်လျှောက် ကျင်းပခဲ့ဖူးသည့် အမျိုးသားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများအနက် အကျယ်ပြန့်ဆုံး၊ အမြင့်မားဆုံးညီလာခံကြီးဖြစ်သည်ဆိုသည်မှာ ထင်ရှားကြောင်း၊ တစ်မျိုးသားလုံးအရေးကို ဆွေးနွေးတိုင်ပင် ညှိနှိုင်းဆုံးဖြတ်ကြမည်ဖြစ်၍ စစ်မှန်သည့်ညီလာခံဖြစ်ပြီး အနာဂတ်နိုင်ငံအတွက် အရေးကြီးဆုံးညီလာခံကြီးဖြစ်ကြောင်း။

ပြည်သူ့ဆန္ဒခံယူမည်

ညီလာခံက အတည်ပြုဆုံးဖြတ်ကြမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများအတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရမည်ဖြစ်ကြောင်း၊ ရေးဆွဲပြီးလျှင် ပြည်သူလူထုထံကို ချပြပြီး ပြည်သူ့ဆန္ဒခံယူမည်ဖြစ်ကြောင်း၊ ပြည်သူလူထုက ထောက်ခံမှသာ အတည်ပြုမည်ဖြစ်သည့်အတွက် ဒီမိုကရေစီအကျဆုံးလုပ်ဆောင်မည်ဟုဖြစ်၍ မိမိတို့က ကြိုဆိုထောက်ခံကြောင်းကို တင်ပြအပ်ကြောင်း။

အမျိုးသားညီလာခံကြီးတွင် ချမှတ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူ(၁၀၄)ချက်အနက်က ဘာသာ၊ သာသနာရေးနှင့်ပတ်သက်ပြီး "ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း၊ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးတို့တွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ်တည်ဆောက်နိုင်သည့်အခွင့်အရေးတို့ကို အညီအမျှရရှိရမည်"ဟုဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံသားတိုင်းအတွက် ဘာသာရေး၊ အခွင့်အလမ်းပေးထားသည့်မူဖြစ်၍ ဤမူကို နိုင်ငံသားတိုင်းက အပြည့်အဝထောက်ခံကြောင်း။

ဘာသာ၊ သာသနာ ကိုးကွယ်ယုံကြည်မှုကိုအသုံးချပြီး စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးဆောင်ရွက်မှုတို့ကို မပြုလုပ်သင့်ပါကြောင်း၊ နိုင်ငံရေးကြောင့်သော်လည်းကောင်း၊ လူမျိုးရေး၊ ဘာသာရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်းမုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းများပေါ်ပေါက်လာစေရန် ရည်ရွယ်ခြင်း(သို့မဟုတ်) ပေါ်ပေါက်လာရန်အကြောင်းရှိသည့် အပြုအမူများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ရာရောက်ကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် မိမိနှစ်သက်ရာ ဘာသာတရားများကို လွတ်လပ်စွာကိုးကွယ်ခွင့်ရှိကြကြောင်း၊ မြန်မာနိုင်ငံသည် ဘာသာရေးလွတ်လပ်ခွင့် အရှိဆုံးနိုင်ငံလည်းဖြစ်ကြောင်း၊ ဘာသာရေးအဆောက်အအုံများကိုလည်း ချမှတ်ထားသည့် ဥပဒေများနှင့်အညီ ရှေးယခင်ကနေ ယခုအချိန်ထိဆောက်လုပ်ခွင့်ပြုထားကြောင်း။

သာဓကအနေဖြင့် တင်ပြရလျှင် ထေရဝါဒဗုဒ္ဓဘာသာဝင် ၉၀ရာခိုင်နှုန်းခန့် နေထိုင်သည့် မိမိတို့မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းနှင့် ခရစ်ယာန် ဘုရားရှိခိုးကျောင်း၊ အစ္စလာမ်ဗလီတို့၏ အချိုးအစားသည် ဗုဒ္ဓဘာသာဝင် ၇၈၂ဦးတိုင်းအတွက် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှုန်းသာရှိပြီး ခရစ်ယာန် ၄၇၅ဦးတိုင်းအတွက် ခရစ်ယာန်ဘုရားကျောင်း တစ်ကျောင်း၊ အစ္စလာမ်ဘာသာဝင် ၆၉၂ဦးတိုင်းအတွက် ဗလီတစ်ခုနှင့် ဟိန္ဒူဘာသာဝင် ၄၅၂ဦးတိုင်းအတွက် ဟိန္ဒူဘုရားကျောင်း တစ်ကျောင်းနှုန်းအထိရှိနေသည်မှာ သာဓကပင် ဖြစ်ကြောင်း။

ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာဝင်တို့၏ အထွတ်မြတ်ထားသော ခရစ္စမတ်နေ့၊ အိဒ်နေ့နှင့်ဒေပါဝလီနေ့များကိုလည်း နိုင်ငံတော်၏ ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ပေးထားကြောင်း။

အတူတကွလက်တွဲနေထိုင်

နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့်ဘာသာဝင်မဆို ဘာသာဝင်အားလုံးအပေါ် ကျောသားရင်သား မခွဲခြားဘဲ မျှမျှတတကူညီဆောင်ရွက်ခဲ့မှုများ၊ သာသနာရေးဝန်ကြီးဌာနနှင့် ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာရေးခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုအချိန်ထိ အေးချမ်းစွာ အတူတကွ လက်တွဲနေထိုင်လျက်ရှိနေကြကြောင်း။

ယခုအချိန်သည် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုသမိုင်းစဉ်အရ နိုင်ငံတော်၏ အနာဂတ်လမ်းကြောင်းမှန်ဖြစ်သော မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တည့်တည့်မတ်မတ်လျှောက်လှမ်းနေချိန်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း အပြည့်အဝလက်တွဲ ပူးပေါင်းပါဝင်လျက်ရှိကြောင်း။

တစ်မျိုးသားလုံးကို ကိုယ်စားပြုတက်ရောက်နေကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များကလည်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို အလေးထားပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ကြ၍ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရန်အတွက် အမျိုးသားညီလာခံ၏ လုပ်ငန်းစဉ် ၇၀ရာခိုင်နှုန်းအထိ ပြီးမြောက်အောင်မြင်ခဲ့ပြီ ဖြစ်ကြောင်း။

ဤအောင်မြင်မှုများ၊ ရလဒ်ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းသည်နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ အမျိုးသားရေးကို ဦးထိပ်ထားသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ၊ နိုင်ငံရေးပါတီပေါင်းစုံတို့က စည်းလုံးချစ်ကြည်မှုကိုမဏ္ဍိုင်ပြုပြီး အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်ပုံဖော်နေခြင်းဖြစ်၍ နိုင်ငံတော်အတွက်အသင့်တော်ဆုံးအခြေခံဥပဒေထွက်ပေါ်လာနိုင်မည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပါကြောင်းကိုအလေးအနက်တင်ပြရင်းနိဂုံးချုပ်အပ်ကြောင်းဖြင့်တင်ပြဆွေးနွေးသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ပန်းဘဲတန်းမြို့နယ်မှ တရားရုံးချုပ်ရှေ့နေ ဦးမြင့်ခိုင်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိအနေဖြင့် ယခုအစည်းအဝေးကြီးတွင် တင်သွင်းသွားသည့် အမျိုးသားညီလာခံကြိုဆိုထောက်ခံကြောင်း အဆိုကို ဆက်လက်ထောက်ခံတင်ပြမည်ဖြစ်ကြောင်း။

အခြေခံဥပဒေလိုအပ်

မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် တူညီသည့် ဆန္ဒများနှင့်အညီ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ခံယူလျက် ရှိကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အခြေခံပေါ်တွင် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှုကို အခိုင်အမာဆုံးဖြစ်အောင် တည်ဆောက်လျက်ရှိကြကြောင်း၊ နိုင်ငံတော်၏ အနာဂတ်လမ်းခရီးဖြောင့်ဖြူးရန် နိုင်ငံတော်သည် ဆက်လက်ပြီး ငြိမ်းချမ်းသာယာမှုရှိသည်နှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုလည်း ထက်ကြပ်မကွာ ဖြစ်ပေါ်လာရန်အတွက် တိုင်းရင်းသားလူမျိုးအားလုံး အလေးထားပြီး လိုက်နာကျင့်သုံးရမည့် အခြေခံဥပဒေရှိရန် လိုအပ်ကြောင်း။

ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိမဖြစ်လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိလျှင် ဒီမိုကရေစီနိုင်ငံသစ်ထူထောင်လို့ မရပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ပြီးမြောက်နိုင်ရေးသည် အဓိကကျသည့် အကြောင်းအရင်း ဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရသည် ကောင်းမွန်သော အနာဂတ် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပထမအဆင့်ဖြင့် အရေးကြီးဆုံးဖြစ်သော အမျိုးသားညီလာခံကြီးကို အမျိုးသားရေးအနှစ်သာရရှိရှိ လက်တွေ့ဖော်ဆောင်လျက်ရှိပါကြောင်း။

တစ်ခဲနက် ကြွေးကြော်

ရန်ကုန်တိုင်းပြည် ထောင် စုကြံ့ ခိုင် ရေး နှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်း အဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကို တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အစည်းများ တက်ရောက်ခွင့်ရှိခြင်းကပင် လူမျိုးစုများ၏ အခွင့်အရေးတစ်ရပ်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်အစုအဖွဲ့တွင် ရန်ကုန်တိုင်းမှ တိုင်းရင်းသားကိုယ်စားလှယ် ၆၇ဦး အပါအဝင် ပြည်နယ်နှင့် တိုင်းအသီးသီးက တိုင်းရင်းသားလူမျိုးစုံ ၆၀၀ကျော်တို့ အမျိုးသားညီလာခံကြီးတွင် နိုးကြားတက်ကြွစွာဖြင့် ပါဝင်တက်ရောက်နေကြသည်မှာ ဝမ်းမြောက်စရာဖြစ်ကြောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးရေ ၁၀၀၀ကျော်တွင် ဘွဲ့လွန် ၉၉ ဦး၊ ဘွဲ့ရ ၅၁၄ဦး အပါအဝင် ပညာအရင်းအမြစ်ရှိသူများ ပါဝင်ကြသည်မှာ ဂုဏ်ယူစရာဖြစ်ပါကြောင်း။

အကြံပြုချက်စာတမ်းများ

ထို့အပြင် ငြိမ်းချမ်းရေးရယူထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ် ခေါင်းဆောင် ၁၀၀ ကျော်သည် အခြားဖိတ်ကြားသင့်သူများအစုအဖွဲ့တွင် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် လွတ်လပ်ပွင့်လင်းစွာ အကြံပြု ဆွေးနွေးလျက်ရှိကြကြောင်း၊ အခြားကိုယ်စားလှယ်များနည်းတူ ဆန္ဒရှိသမျှ အကြံပြုချက်စာတမ်းများကို လွတ်လွတ်လပ်လပ် ရေးသားဖတ်ကြားတင်သွင်းခြင်းများကို တက်တက်ကြွကြွဆောင်ရွက်လျက်ရှိကြကြောင်း။

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ပုံဖော်ရာတွင် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့သည် တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရန် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရန် ကြံ့ကြံ့ခိုင်ခိုင်ဖြင့် မယိမ်းမယိုင်ရှိနေရန် လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံတော်လည်း တည်တည်ငြိမ်ငြိမ်ဖြင့် ရေရှည်ရပ်တည်သွားနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတိုင်းတွင် ဥပဒေပြုရေးအာဏာကို ပုံဖော်သည့် လွှတ်တော်များက ပြည်သူလူထုအတွက် လိုအပ်သော ဥပဒေများကို ဆွေးနွေးပြဋ္ဌာန်းပေးကြရကြောင်း၊ ယခင် ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ပြည်နယ် လေးခု၌သာ ပြည်နယ်အလိုက် ဥပဒေပြုခွင့်ရှိခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင် ပြည်သူ့လွှတ်တော်တစ်ရပ်တည်းကသာ တစ်နိုင်ငံလုံးအတွက် ဥပဒေပြုခွင့်အာဏာကို ကိုင်ဆောင်ထားခဲ့ကြောင်း၊ သို့ရာတွင် ယခုအခါ၌ ကျင်းပဆဲ အမျိုးသားညီလာခံကြီးက အနာဂတ်နိုင်ငံတော်တွင် ဒီမိုကရေစီနည်းလမ်းတကျဖြင့် တိုင်းရင်းသားအားလုံးမျှမျှတတ ဥပဒေပြုခွင့်ရအောင် ဥပဒေပြုမှုအဖွဲ့များအဖြစ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့အပြင် တိုင်းဒေသကြီးလွှတ်တော် ခုနစ်ခုနှင့် ပြည်နယ်လွှတ်တော် ခုနစ်ခုကိုသာမက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များကိုပါ ဖွဲ့စည်းပြီး ဥပဒေပြုခွင့်အာဏာခွဲဝေအပ်နှင်းသည့် အခြေခံမူများ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဒီမိုကရေစီအနှစ်သာရပြည့်ဝ

ဥပဒေပြုခွင့်အာဏာကို အဆင့်ဆင့်ခွဲဝေအပ်နှင်းသွားရာတွင် မတူညီသည့် ဥပဒေပြုမှုများ၊ ဝိရောဓိဖြစ်စရာများကြုံလာလျှင်လည်း ကိုယ်စားလှယ်အများစုပါဝင်ထားသော အထက်တစ်ဆင့်မြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေကို အတည်ယူရမည်ဖြစ်သကဲ့သို့ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းလိုက်သည့် ဥပဒေသည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေနှင့်ဆန့်ကျင်နေမည်ဆိုလျှင်လည်း ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေကိုသာ အတည်ယူရမည်ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ထားခြင်းကြောင့် နိုင်ငံတော်၏ အစိတ်အပိုင်းများက အလုံးစုံသော နိုင်ငံတော်၏အဆုံးအဖြတ်ကို လေးစားလိုက်နာရသည့် သဘောဖြစ်၍ ဒီမိုကရေစီအနှစ်သာရပြည့်ဝနေသည်ဟု ပြောချင်ကြောင်း။

ကျင်းပဆဲ အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးများ၏ ပကတိအရှိတရားကိုအခြေခံပြီး ဥပဒေပြုခွင့်အာဏာကို ကျယ်ကျယ်ပြန့်ပြန့်ခွဲဝေပေးနိုင်ရန် လမ်းခင်းပုံဖော်ပေးနေခြင်းသည် ပို၍ပို၍ တရားနည်းလမ်းကျခြင်းကြောင့် အဆိုရှင်တင်သွင်းသွားသည့် အမျိုးသားညီခံလာကြီးအား ကြိုဆိုထောက်ခံကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ တက်ရောက်လာကြသောပြည်သူလူထုက အမျိုးသားညီလာခံအားကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူ ဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးကြီးက ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ကြွေးကြော်သံများကြွေးကြော်

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၉နာရီ ၂၅မိနစ်တွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၆

၁၃၆၇ခုနှစ်၊ ပြာသိုလဆန်း ၆ရက်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်–

ယမန်နေ့ကအဆက်

လူမှုထူးချွန်တံဆိပ်(တတိယဆင့်)(အဆက်)

၁၂၂။ ဦးခင်မောင်မောင် ကုန်သည်၊ ၈၅ လမ်း (ပြည်သာယာလမ်း)၊ ၂၄x၂၅ လမ်းကြား၊ အကွက်အမှတ် ၁၇၀၊ အိမ်အမှတ် ၁၂၈/၈၊ ဒါးတန်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

၁၂၃။ ဦးသန်းဦး ကုန်သည်၊ အမှတ်၄၀/၂၊ အကွက် ၇၀၂၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

၁၂၄။ ဦးထွန်းလွင် ရုံးအကူ၊ ပန်းတောင်းမြို့နယ်၊ ပညာရေးမှူးရုံး၊ အမှတ်(၁) အခြေခံပညာရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၁၂၅။ ကိုယ်ပိုင်အမှတ် ၃၄၈၄၄၃ ဒု–အရာခံဗိုလ်စာရေးကျော်ဦး၊ ထပရ(၅၂၅) တပ်ရင်း၊ မော်လမြိုင်မြို့ ကာကွယ်ရေးဝန်ကြီးဌာန။

၁၂၆။ ဦးထွန်းရီ လက်သမား၊ ၅၃၀–၂၄ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

၁၂၇။ အရှင်သာဂရ ရတနာသိင်္ဂီကျောင်းဆောင်၊ ဇေယျဝတီကျောင်းတိုက် ဘူတာရုံလမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

၁၂၈။ ဦးအုန်းမောင် စက်မှုကျွမ်းကျင်(၃)ယန္တရား၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၂၉။ ဦးသိန်းထွန်း ရေယာဉ်မှူး၊ ရေကြောင်းဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၃၀။ ဦးသောင်းဆွေ ဆက်သွယ်ရေး(၅)စာတိုက်၊ ပုသိမ်ကြီးမြို့နယ်၊ ဆက်သွယ်ရေးစခန်း(စာတိုက်)၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၁၃၁။ ဦးကျော်ကျော် ရွှေပန်းထိမ်၊ အမရဌာနီအနောက်(၃၈)ကွက်၊ (၁၀)လမ်း၊ ၈၀X ၈၁ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

၁၃၂။ ဦးကျော်ဝင်း စက်မှုကျွမ်းကျင် အဆင့်(၄)၊ အင်ဂျင်နီယာဌာန၊အမှတ်(၆/ခ)၊ သစ်စက်(ဝါးတရာ)၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၁၃၃။ ဦးဇော်သောင်း ကုမ္ပဏီဝန်ထမ်း၊ အမှတ်(၃၃)၊ အေ–၆၊ (၈၉)လမ်း၊ ကန်/အနောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

၁၃၄။ ဦးကျော်ကျော်လွင် ယာဉ်မောင်း၊ ၇/၁၁၇၁၊ ရာဇသူရလမ်း၊ တောင်ဥက္ကလာပမြို့နယ်။

၁၃၅။ ဦးကျော်မျိုး လွယ်ဟိန်းကုမ္ပဏီ၊ အခန်း(၁၄)၊ တိုက်အမှတ်(၁၄)၊စက်မှုရိပ်သာ၊ အမှတ်(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။

၁၃၆။ ဦးဉာဏိန္ဒ သံဃာတော်၊ မင်္ဂလာဂုဏ်ရည်ကျောင်း၊ အရှေ့ဥယျာဉ်တိုက် ဗဟိုလမ်း၊ လင်းလွန်တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။

၁၃၇။ အရှင်ဝါယမ သံဃာတော်၊ အရှေ့ကုံကော်ကျောင်း၊ ဒိုင်းဝန်ကွင်း၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့။

၁၃၈။ ဦးစိုးသန်း ဒု–လ/ထ ကြီးကြပ်ရေးမှူး(လမ်းထိန်းရုံ)၊ သွားလာပို့ဆောင်ရေးဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၁၃၉။ ကိုယ်ပိုင်အမှတ်–၁၄၉၄၅ ဒုအရာခံဗိုလ်မြဆွေ၊ အမှတ်(၃၁) ရေတပ်ဆက်သွယ်ရေးတပ်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၄၀။ ဦးကောသလ္လ သံဃာတော်၊ ဓမ္မပိယကျောင်း၊ ဆေးရိုးတန်းငြိမ်းချမ်းရေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။

၁၄၁။ အရှင်ဣန္ဒာစရိယ သံဃာတော်၊ ရွှေစေတီဘာသန္တရ သင်တန်းကျောင်း၊ နန်းဦးမြို့သစ်ကွက်၊ စစ်ကိုင်းမြို့။

၁၄၂။ ဦးရဲဝင်း အနေးယာဉ်၊ တံတားလည်ရပ်၊ ရဲစုအုပ်စု၊ ကျောက်ဆည်မြို့ မန္တလေးတိုင်း။

၁၄၃။ ဦးလှိုင်ဘွား လုံခြုံရေး(အစောင့်)၊ ညွှန်ကြားရေးမှူးရုံး၊ ဇလဗေဒဌာနခွဲ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၄၄။ ဦးကျော်ကျော်စိုး ဌာနခွဲစာရေး၊ တည်ဆောက်ရေး(၈)၊ (မကွေး) ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၁၄၅။ ဦးဝင်းနိုင် ဒုကြီးကြပ်ရေးမှူး၊ တိုင်းဆက်သွယ်ရေးစခန်း (စာတိုက်)၊ (ရန်ကုန်)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၁၄၆။ ဦးသောင်းညွှန့် ဆောက်လုပ်ရေး၊ တိုက်(၁၀)၊ အခန်း(၁၀၈) အေးရိပ်မွန် (၄)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်။

၁၄၇။ ဘဒ္ဒန္တဝိမလ ကျောင်းပိုင်ဆရာတော် ဝိမလရာမ အောင်မြေသာယာကျောင်းတိုက်၊ ဖလုံဘူတာ ကျေးရွာအုပ်စု၊ တိုက်ကြီးမြို့နယ်။

၁၄၈။ ဦးလှဆန်း တ–သင်္ဘောကြပ်(စက်)တာဝန်ခံ၊ သောင်တူးဌာနခွဲ၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၄၉။ ဦးအောင်ဝင်း ရောင်း/ဝယ် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အမှုဆောင်)၊ အမှတ် (၅၂)၊ လမ်း(၄၀)၊ ၈၂x၈၁လမ်းကြား၊ မဟာအောင်မြေ အရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်။

၁၅၀။ ဦးဇော်ဝင်းမောင် စက်မှု(စတုတ္ထ)၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(က) အဆင့်(ရွှေညောင်မြို့)၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၁၅၁။ ဦးသိန်းဇော် မော်တော်ယာဉ်ပြုပြင်၊ အမှတ်(၄၆/၂)(က)၊ လှည်းတန်းလမ်းမ၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

၁၅၂။ ဦးမျိုးဟန် ယာဉ်မောင်း၊ အမှတ်(၉၃)၊ မာဃလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။

၁၅၃။ ဦးချစ်သိန်း တ–လုပ်သား၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၅၄။ ဦးဟုတ်ကြည် ညွှန်ကြားရေးမှူး(မြို့ပြ)၊ ညွှန်ကြားရေးမှူးရုံး၊ (စစ်ကိုင်းတိုင်း) ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၁၅၅။ ဦးထွန်းရ ငှက်ဖျားကြီးကြပ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၅၆။ ဦးသန်းထွေး လုပ်သားမှူး၊ အမှတ်(၁)အထပ်သားစက်ရုံ၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၁၅၇။ ဦးစံမောင် ထုတ်လုပ်ရေးကျွမ်းကျင်(၃)၊အရှေ့မရမ်းကုန်း၊ အထည်စက်ရုံအမှတ်(၂)၊မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၁၅၈။ ဦးမျိုးအောင် လုံခြုံရေး၊မြန်မာ့မီးရထား(ရုံးချုပ်)၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၁၅၉။ ဒေါ်သန်းသန်းနွဲ့ ဌာနခွဲစာရေးကြီး၊လုပ်သားရေးရာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၆၀။ ဦးအေးမောင် ကြီးကြပ်ရေးမှူး၊မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၆၁။ ကိုယ်ပိုင်အမှတ်–၄၀၁၁၆၁ ဒုတပ်ကြပ်သန်းအေးမောင် စခန်းရုံးအလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နန်းတွင်း၊ မန္တလေးမြို့၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၆၂။ ဦးလှထွန်း(မ–၄၁၉၉) မီးသတ်တပ်ကြပ်ကြီး၊ သရက်မြို့နယ် မီးသတ်ဦးစီးဌာန၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၁၆၃။ ဦးခင်ဦး ကုန်သည်၊ အမှတ်(၃၉၃) အောင်ချမ်းသာလမ်း၊ အမှတ် (၁၃) ရပ်ကွက်၊လှိုင်မြို့နယ်၊

၁၆၄။ ဦးကျော်သန်း ဖြန့်ဖြူးရေး(တတိယ)၊သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (က)အဆင့်၊မော်လမြိုင်မြို့၊မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၁၆၅။ ဦးသိန်းကျော် အရောင်း(၄)၊ ခပ(၈)လိုင်း၊ ခရီးသည်ပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၁၆၆။ ဦးစိုးနိုင်ဆွေ အယ်ဒီတာ၊ မန္တလေးနေ့စဉ်သတင်းစာ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

၁၆၇။ ဦးအောင်သန်းဦး ကုန်သည်၊ အကွက်(၁၈၄) သီရိမာလာအရှေ့ (၈၇) လမ်း၊ ၂၂ X ၂၃လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

၁၆၈။ ဒေါ်သန်းသန်းစိန် ကုန်သည်၊ အမှတ်(၂၆)၊ ဌာနာလမ်း(အောက်) မကျည်းတန်း မြောက်/အနောက်ရပ်ကွက်၊ကြည့်မြင်တိုင်မြို့နယ်။

၁၆၉။ ဒေါ်သောင်းသောင်းညွှန့် ကုန်သည်၊ အမှတ်(၂၆)၊ ဌာနာလမ်း (အောက်) မကျည်းတန်း၊ မြောက်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။

၁၇၀။ ဦးကျော်ဝင်း အထွေထွေလုပ်သားထိန်းခေါင်းဆောင်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊စွမ်းအင်ဝန်ကြီးဌာန။

၁၇၁။ ဦးအောင်မြတ်စိန် စိုက်ပျိုးရေး၊အမှတ်(၁၅/၉၅၆))အောင်ရာဇာလမ်း ရွှေပေါက်ကံရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်။

၁၇၂။ ဦးခင်မောင်ဌေး အလုပ်ရုံစိတ်မှူး၊မီးခြစ်စက်ရုံ(မန္တလေး) မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၇၃။ လ–၁၃၇၄၃၄ ရဲတပ်ကြပ်ကြီးအောင်မင်း (ထောက်ပံ့)ဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ပြည်ထဲရေးဝန်ကြီးဌာန။

၁၇၄။ အရှင်နန္ဒသာရ သံဃာတော် သာသနာ့သစ္စာမဏ္ဍိုင်ကျောင်းတိုက် ညောင်ကွဲရပ်၊အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့။

၁၇၅။ ကိုယ်ပိုင်အမှတ်–၅၃၈၅၉၀ အရာခံဗိုလ်လှသိန်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၊ကာကွယ်ရေးဝန်ကြီးဌာန။

၁၇၆။ ဦးကျော်ဝင်းဖစ်တာ(၅)၊အမှတ်(၆)သစ်စက်၊ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊မြန်မာ့သစ်လုပ်ငန်း၊သစ်တောရေးရာဝန်ကြီးဌာန။

၁၇၇။ ဦးအောင်မြင် အထက်တန်းစာရေး၊ တောင်ပိုင်းအလုပ်ရုံဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၁၇၈။ ဦးအေးထွန်းစိန် စာရေးကြီး(ရခိုင်ပြည်နယ်ကုန်စည်ပို့ဆောင်ရေး၊ ရိုးမမောင်ကားဂိတ်)၊ အမှတ်–၁၁၅/၂၉လမ်း၊ပန်းဘဲတန်းမြို့နယ်။

၁၇၉။ ဒေါ်အေးမြင့် စက်ချုပ်၊ အမှတ်(၉၇၃/ခ) ၊၈–လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

၁၈၀။ ဦးခင်မောင်ဝင်း ဝပ်ရှော့၊ အမှတ်(၉၀၃)၊ မရမ်းစုစပယ်လမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

၁၈၁။ ဦးမြင့်စိုး ဒုတိယကြီးကြပ်ရေးမှူး၊ မြန်မာ့ဆေးနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ကျိုက္ခမီဆားလုပ်ငန်းခွဲ)၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၈၂။ ဦးအောင်မိုး ယာဉ်မောင်း၊ အမှတ်(၉၉၈)၊ သီရိဇေယျာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

၁၈၃။ ဦးသောင်းမြင့် ကုန်သည်၊ အမှတ်(၂၃၈)၊ ဟသ်ာလမ်း၊ (၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

၁၈၄။ ဦးအောင်ကြီး ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

၁၈၅။ ဦးမောင်မောင်သန်း စက်မှုကျွမ်းကျင်(၃)၊ ကြီးကြပ်(၁)၊ ခပ(၁၂)လိုင်း၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၁၈၆။ ဦးကျော်ကျော်လွင် ဆက်သွယ်ရေး(၃)၊ စီမံရေးနှင့်လေ့ကျင့်ရေးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၁၈၇။ ဒေါ်မြင့်မြင့်ခိုင် နည်းပြ(မြန်မာစာဌာန)၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)၊ မန္တလေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၁၈၈။ ဦးအောင်မြင့်ဇော် လုပ်သားမှူး(ကျွမ်းကျင်)၊ အမှတ်(၂)သစ်စက်၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၁၈၉။ ဦးစံတင် ဗေဒင်ဆရာ၊ (၁၂၅)မြသဇင်လမ်း၊ (၁၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။

၁၉၀။ ဦးဇာနေယျ သံဃာတော်၊ မင်္ဂလာသိင်္ဂီကျောင်း၊ ဓမ္မသုခကျောင်းတိုက်၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။

၁၉၁။ ဦးဓမ္မိက သံဃာတော်၊ အမှတ်(၁၈/ဘီ)၊ ကြားတောရလမ်း၊ ကြားတောရရပ်ကွက်၊ ဦးအရိယကျောင်းတိုက်၊ ဗဟန်းမြို့နယ်။

၁၉၂။ ဦးစန်းလွင် ကုန်သည်၊ အမှတ်(၃)၊ ရတနသိခ်လမ်း၊ မုန့်လက်ဆောင်းကုန်း မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။

၁၉၃။ ဦးအောင်ဆန်းကြည် အလုပ်သမားမှူး၊ ငါးလုပ်ငန်းဦးစီးဌာန၊ အမှတ်(၄)၊ လှော်ကားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ်။

၁၉၄။ ဒေါ်ခင်စီလွင် ကုန်သည်၊ အမှတ်(၄၉)၊ (မြေညီထပ်)၊ လမ်းသစ်လမ်း၊ (၃)ရပ်ကွက်၊ လမ်းမတော်မြို့နယ်။

၁၉၅။ ဦးမင်းစိန် အငယ်တန်းစာရေး၊ လမ်းမတော်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၉၆။ ဦးကျော်မင်း ကိုယ်စားလှယ်လုပ်ငန်း၊ အမှတ်(၅)၊ သီရိမြိုင်(၅)လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။

၁၉၇။ ဦးလှရှိန် ကုန်သည်၊ အမှတ်(၃၀၆)၊ သုမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

၁၉၈။ ဦးညိုရင် ယာဉ်မောင်း(၅)၊ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ၊ မြစ်ငယ် စက်ပြင်ရုံ၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၁၉၉။ ဦးဘသောင်း စက်မှုကျွမ်းကျင်–၄(တွဲစစ်)၊ မလွကုန်းတွဲပြင် အလုပ်ရုံ၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၂၀၀။ ဦးတင်အေး စက်မှုကျွမ်းကျင်(၅)၊ ပန်းဘဲ(လုပ်သားထိန်း)၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၂၀၁။ ဦးမောင်မောင်ဌေး စက်မှုကျွမ်းကျင်(၄)၊ ကျောက်စက်တိုင်၊ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ ကြိုတင်တပ်ဆင်၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၂၀၂။ ဦးကျော်မြင့်သိန်း လက်သမား(၄)၊ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ ပရိဘောဂ၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၂၀၃။ ဦးကိတ္တိသာရ(ခ) ဦးစန်းအောင် သံဃာတော်၊ တောင်ဘက်မိုးကုတ်ဝိပဿနာ၊ မင်္ဂလာရိပ်သာ၊ ရွှေဝါဝင်းကျောင်း၊ ကျောင်းနံပတ် (၁၂) ကျွဲဆည်ကန်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

၂၀၄။ ဦးအောင်ထွန်းကျော် ရေယာဉ်အုပ်၊ ရေကြောင်းဌာန၊ ကုန်လမ်းပို့ဆောင်ရေးဌာနခွဲ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၂၀၅။ ဦးလှသန်း ထုတ်လုပ်ရေးကျွမ်းကျင်(၃)၊ အထွေထွေစီမံခန့်ခွဲရေး အုတ်ကျင်းဂုန်နီစက်ရုံ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂၀၆။ ဦးထွန်းမင်း ပစ္စည်းထိန်း(၄)၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂၀၇။ ဦးကျော်မြင့် အလယ်တန်းပြ၊ အမက(၁)ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၂၀၈။ ကိုယ်ပိုင်အမှတ်–၇၀၈၈၇၀ ဒုတပ်ကြပ်တင်ထွန်း တပ်မတော်မှတ်တမ်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၀၉။ ဦးမြင့်ဇော် လုပ်သား၊ စက်ပြင်ဌာန၊ အမှတ်(၄) အထပ်သားစက်ရုံ (ပုသိမ်)၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၂၁၀။ ဦးခင်ဝင်း ဒု–လ/ထကြီးကြပ်ရေးမှူး၊ အမှတ်(၄)သစ်စက်(အလုံ)၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၂၁၁။ ဦးတင်မောင်ဝင်း လုပ်သား၊ အမှတ်(၆) သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း သစ်တောရေးရာဝန်ကြီးဌာန။

၂၁၂။ ဦးသောင်းစိန် ဖစ်တာ(၅)၊ အမှတ်(၆) သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း သစ်တောရေးရာဝန်ကြီးဌာန။

၂၁၃။ ဦးနီတာ၊ လုပ်သား အမှတ်(၃) သစ်စက် (ရွှေပြည်သာ)၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၂၁၄။ လ–၁၆၉၁၈၄ ရဲတပ်ကြပ်ဇော်ဝင်းလှိုင်၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

ရဲသူရတံဆိပ်

၁။ လ–၁၂၈၃၆၉ ဒုတိယရဲမှူးကြီးဝင်းနိုင် ဒုတိယညွှန်ကြားရေးမှူး၊ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။

၂။ အုန်းမြင့်(မ– ၆၄၉၆) မီးသတ်တပ်သား(သေဆုံး)၊ မီးသတ်ဦးစီးဌာန။

ရဲဗလတံဆိပ်

၁။ လ–၁၂၈၅၁၈ ဒုတိယရဲမှူးမြင့်ဦး၊ ကြီးကြပ်သူအရာရှိ၊ ကျိုင်းတုံမူးယစ်။ အထူးအဖွဲ့။

၂။ ဦးကိုကိုလှိုင်(မ–၃၄၇၅) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန။

ရဲသူရိန်တံဆိပ်

၁။ လ–၁၄၉၉၅၀ ရဲအုပ်ခင်မောင်သိန်း၊ စုံစမ်းရေးမှူး၊ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။

၂။ ကျော်သက်ဦး(မ–၅၂၉၆) မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန။

ရဲကျော်စွာတံဆိပ်

၁။ ဦးမျိုးမြင့် လက်ထောက်ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန။

ရဲကျော်သူတံဆိပ်

၁။ ဦးကြည်ဝင်း ဥက္ကဋ္ဌ၊ သဃ်န်းကုန်းကျေးရွာအုပ်စု၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ငပုတောမြို့နယ်။

၂။ ဦးကံရင် အငယ်တန်းစာရေး၊ သဃ်န်းကုန်းကျေးရွာအုပ်စု၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ငပုတောမြို့နယ်။

အမိန့်အရ–

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မန္တလေးတိုင်းအတွင်း ကြက်ဆူပင်ကေဂါးသိန်းနှင့် မိုးစပါးဧက ၁၀သိန်း စိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်တက်ရောက်

ခြံစည်းရိုးကြက်ဆူပင်ကို အမျိုးသားရည်မှန်းချက်တာဝန်အဖြစ် စိုက်ပျိုးရန်မှာကြား

မန္တလေး ဇန်နဝါရီ ၃

မန္တလေးတိုင်းအတွင်း ကြက်ဆူပင်ဧကငါးသိန်း စိုက်ပျိုးရေးနှင့် မိုးစပါးဧက ၁၀သိန်း စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀နာရီက မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် အမှာစကားပြောကြားသည်။(အပေါ်ပုံ)

ရှေးဦးစွာ တိုင်းမှူးက ဆောင်းသီးနှံများကို လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးနှင့် နယ်မြေဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေသော ဆီထွက်သီးနှံနှင့် အခြားဝင်ငွေကောင်းသောသီးနှံများ စိုက်ပျိုးရေး၊ သီးနှံများစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သမားရိုးကျ စိုက်ပျိုးမှုမဟုတ်ဘဲ အထွက်ကောင်းမျိုးများ၊ မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ မြို့ဝင်မြို့ထွက်စံပြ စိုက်ကွက်များတွင် စိုက်ပျိုးရေးတောင်သူများ နမူနာပြဖြစ်စေရေးအတွက် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ၊ မြေဩဇာ ယှဉ်ပြိုင်စမ်းသပ်ကွက်များ ပြသနိုင်ရေး၊ နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်ကိရိယာများသုံးစွဲမှု၊ စက်ရုံ၊ အလုပ်ရုံများလည်ပတ်နိုင်ရေးအတွက် လောင်စာဆီမဖြစ်မနေ လိုအပ်ကြောင်း၊ ယခုအချိန်တွင် ကြက်ဆူဆီကို ဒီဇယ်အစားထိုးအသုံးပြု၍ ရေတင်စက်၊ လယ်ထွန်စက်၊ လူစီးယာဉ်၊ ကုန်တင်ယာဉ်ကြီးများတွင် လက်တွေ့အသုံးပြု အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်ကို အမျိုးသားရည်မှန်းချက်တာဝန်အဖြစ် စိုက်ပျိုးသွားရန်နှင့် ကျေးလက်ဒေသများတွင် ခြံစည်းရိုးကြက်ဆူများ စိုက်ပျိုးခြင်းဖြင့် ကြက်ဆူဆီအသုံးပြု၍ ကျေးရွာမီးလင်းရေး၊ မီးစက်များနှင့် လယ်ယာသုံးစက်ကိရိယာများတွင် အသုံးပြု နိုင်ကြောင်းနှင့် စိုက်ပျိုးမြေများလျော့နည်းမှုမရှိစေရေးအတွက် သစ်တောသစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်များ ရည်မှန်းချက် ထိန်းသိမ်းသွားကြရန် မှာကြားသည်။

ရည်မှန်းချက်

ဆက်လက်၍ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်းနှင့် ညောင်ဦးခရိုင်ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် မြေအသုံးချမှု၊ မိုးစပါးစိုက်ပျိုးမှုနှင့် ရိတ်သိမ်းပြီးစီးမှု၊ ဆောင်းသီးနှံနှင့် နေကြာသီးညှပ်များ စိုက်ပျိုးမှု၊ နွေစပါး စိုက်ပျိုးရန်ပြင်ဆင်ထားရှိမှု၊ မိုးစပါးဧက ၁၀ သိန်းပြည့်မီအောင် စိုက်ပျိုးရေး ပြင်ဆင်ဆောင်ရွက်မှု၊ ကြက်ဆူပင် ဧကငါးသိန်းစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိမှု တို့ကိုလည်းကောင်း၊ တိုင်းစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဦးစိန်လှိုင်က ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်း ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများ ရှင်းလင်း တင်ပြသည်။

မှာကြား

အဆိုပါ ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု မိတ္ထီလာမြို့နယ် ကျီတော်ကုန်းကတ္တရာလမ်းသစ်ဖွင့်

မိတ္ထီလာ ဒီဇင်ဘာ ၃၁

(၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးသည့် ကျီတော်ကုန်းရပ်ကွက်အဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးလှုတင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်နှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်က ကတ္တရာလမ်းသစ် ဆောင်ရွက်ပေးမှုကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြု လမ်းသစ်များဖွင့် ဟင်္သာတမြို့တွင်းလမ်းများ ကျောက်ချောနှင့် ကတ္တရာလမ်းခင်း

ဟင်္သာတ ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ဒီဇင်ဘာ ၁၂ ရက်က ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး ဟင်္သာတမြို့နှင့် ၄ မိုင်အကွာရှိ ဖောင်ဆိပ်ကျေးရွာအုပ်စု ငှက်ပျောတောရွာ ကမ်းပြိုသည့်နေရာသို့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ဟင်္သာတ လိပ်ချောင်းလမ်း၊ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းကို ငွေကျပ်၃၅သိန်းဖြင့် အကျယ်ခြောက်ပေနှင့် အရှည် နှစ်မိုင်ရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ယင်းနောက် ညနေပိုင်းတွင် ဟင်္သာတမြို့နှင့်လေးမျက်နှာမြို့သို့ ဆက်သွယ်ထားသည့် နိဗ္ဗာန်-အိုင်တို ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း အရှည်ပေ ၆၅၅၀၊ အကျယ် ၁၂ပေကို အဖွဲ့ရန်ပုံငွေကျပ် ၁၁၉ သိန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်ချောလမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၅၀ ဖြင့် ဆောင်ရွက်လျက်ရှိသည့် အကျယ် ၁၀ ပေ၊ အရှည်ပေ ၄၂၀၀ရှိ ယုံသလင်း-တလုတ္တော်လမ်း (ငမဲအိုင်နှင့် ဒုတ်ရိုက်အပိုင်း) ကျောက်ချောခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်ဖွင့်လှစ်

ထို့နောက် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ဒီဇင်ဘာ ၂၇ ရက်က (၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုသောအားဖြင့် ဟင်္သာတမြို့ တာကလေးရပ်နှင့် ပန်းဘဲတန်းရပ်ကွက်ရှိ ပိုးစတာကျောင်းလမ်း ကတ္တရာလမ်းအကျယ် ၁၂ ပေ အရှည် ၁၆၂၄ ပေကို၊ အဖွဲ့ရန်ပုံငွေကျပ် ၅၅ဒသမ ၉ သိန်း ဖြင့် ဆောင်ရွက်ပြီးစီးသည့် ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေး ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဒီဇင်ဘာ ၈ ရက်က အဖွဲ့ရုံးဝင်းအတွင်း ပန်းအလှပင်များနှင့် သစ်ပင်များ ပျိုးထောင်ခြင်းတို့ကို ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အင်းဝိုင်းကျေးရွာအုပ်စု အမေ့ရွာ အမျိုးသမီးရေးရာ စာကြည့်တိုက် ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါကျေးရွာ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်ခင်လှနှင့် ကျေးရွာအတွင်းရေးမှူး ဒေါ်နှင်းငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တီးတိန်လူငယ်စာကြည့်တိုက် အထိမ်းအမှတ် စာပေဟောပြော

တီးတိန် ဒီဇင်ဘာ ၂၈

ချင်းပြည်နယ် တီးတိန်မြို့လူငယ်များ၏ ဦးဆောင်မှုဖြင့် တီးတိန်လူငယ်စာ ကြည့်တိုက် (၅)နှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ၂၂ရက် နံနက် ၁၀နာရီက အထက(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ ဒေါက်တာခင်မောင်ညို၊ စာရေးဆရာကောင်းသန့်နှင့် ဆရာစတီဖင်ဇာခိုင်တို့က ဟောပြောကြသည်။ စာပေဟောပြောပွဲအပြီးတွင် တီးတိန်လူငယ်စာကြည့်တိုက် (၅)နှစ်ပြည့်အထိမ်းအမှတ်စာပေပြိုင်ပွဲတွင် ဆုရရှိများနှင့် စာပေဝါသနာရှင်များကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာ့အသံ

၉-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဟင်းသီးဟင်းရွက်ဆီများမှ ဒီဇယ်အစားထိုးလောင်စာ ထုတ်လုပ်ရေး) (ဒေါက်တာချိုဝင်းမော်)

၁၁း၄၀ သိပ္ပံအကြောင်း သိကောင်းစရာ (ကမ္ဘာကြီးပူနွေးလာမှု သက်သာစေမည့် နည်းလမ်းများ- သိပ္ပံမှူးတင်)

၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၂း၂၅ အားကစားသတင်းပဒေသာ

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (စတုတ္ထတန်း-စာရိတ္တနှင့် ပြည်သူ့နီတိ)

ညနေပိုင်း

၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (လူမှုဆက်ဆံရေး စွမ်းရည်များ ဖွံ့ဖြိုးဖို့) (ဒေါက်တာမြင့်လွင်-စိတ်ပညာ)

၁၉း၁၅ အဆို၊အက၊အရေး၊အတီးဆုရ (မန္တလေးတိုင်းမှ ဒေါ်ထားထားမြင့်ဆိုင်းအဖွဲ့)

အင်္ဂလိပ်စာမိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသား၊ ကျောင်းသူဟောင်းများမှ စုစည်း၍၊ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်၊ ကောလိပ် အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

နေ့ရက် – ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ တနင်္ဂနွေနေ့။
အချိန် – နံနက် ၁၀:၀၀ နာရီ။
နေရာ – တက္ကသိုလ်များဓမ္မာရုံ။

ဆက်သွယ် လှူဒါန်းရန်

Ms Kathleen Thein (၁၉၈၃)	ကိုဇော်ဝင်း (၁၉၉၃) (Hons.)
ဖုန်း– ၀၉–၅၀–၁၅၁၇၅၊ ၅၆၆၅၁၈	**ဖုန်း ၀၉–၅၁–၂၈၈၅၉**
ကိုစိုးလီ (၁၉၈၅)	ကိုဦးလွင် (၁၉၉၃)
ဖုန်း– ၀၉–၅၁–၃၆၃၉၈	**ဖုန်း–၀၉–၅၁–၄၇၆၉၉**
ကိုမြတ်သူဝင်း (၁၉၈၇)	ကိုထွန်းထွန်းမြင့် (၁၉၉၃)
ဖုန်း–၀၉–၈၀–၂၁၄၇၈၊ ၂၂၂၉၂၃	**ဖုန်း–၀၉–၅၀–၁၇၅၁၁**
ကိုအုန်းဝမ် (၁၉၉၁)	မမွန်မွန်ဇော် (၁၉၉၈) (Hons.)
ဖုန်း–၅၂၆၀၉၆၊ ၅၂၆၁၇၃	**ဖုန်း– ၂၉၄၁၅၄**
ကိုထွန်းလင်း(၁၉၉၂) (Hons.)	မမေလွင်ဦး (၂၀၀၂) (Hons.)
ဖုန်း–၀၉–၅၁–၃၄၅၂၅	**ဖုန်း–၀၉–၉၉–၇၃၈၂၁။**

အမြန်ရောင်းမည်

ကမ်းဝေး ငါးဖမ်းစက်လှေ Trawler/Tug Boat အလျားပေ ၆၀–အနံ ၁၇ ပေ၊ အနက် ၈ ပေ၊ အင်ဂျင်–Cumning 350 BHOP NTA 855 (BIG CAM) GEARBox-5:1

စုံစမ်းရန် ဖုန်း–၆၁၀၀၉၅။



မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မကြီးကြီးလမ်း၊ အမှတ်(၄၅)နေ
ဦးတင်ဝင်း (ရွှေပန်းထိမ်ဆရာကြီး)–ဒေါ်စံဖြူတို့၏ သားငယ်

မောင်ထွန်းဝင်း

နှင့်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းစိန်လမ်း၊ တိုက်(၁)အခန်း(၇၆)နေ
ဦးတင်ထူး (စွယ်တော်ဖြူမိတ္တူ)–ဒေါ်နီလာအုန်း S.A.T (ငြိမ်း) တို့၏ သမီးငယ်

မမို့မို့ကို

B.A (Business Management)

တို့၏ ၄–၁–၂၀၀၆ ရက် Yuzana Garden Hotel ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးအားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန (အခြေခံကျန်းမာ)ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သန်းလွင်နှင့် ဇနီး ဒေါက်တာနွယ်နီအုန်း (ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၊ ဒုတိယတိုင်းကျန်းမာရေးဦးစီးမှူး)တို့အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ The Aces တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင် စိုးစိုး၊ ဗီဒီယိုနှင့်ဓာတ်ပုံ ကျော့မောင်မောင်ညွှန့်နှင့်အဖွဲ့၊ Yuzana Garden Hotel မှ ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်ထွန်းဝင်း– မမို့မို့ကို။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ထားဝယ်မြို့ ပိန္နဲတောရပ်၊အမှတ်၂၀၃နေ ဒေါ်ဇိုင်တွန်၏ သမီး ဒေါ်မိရွှေ ၆/ထဝန(နိုင်) ၀၆၆၆၆၅သည် ကျွန်မ မိခင်ဖြစ်သူကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါ၍ ကျွန်မ ကိုယ်တိုင် သက်ရှိထင်ရှားရှိနေစဉ် အများ၏သွေးဆောင်မှုမပါဘဲသမီးအဖြစ်မှ ၁–၁–၂၀၀၆ ရက်မှစ၍ အမွေပြတ် စွန့်လွှတ်ပါကြောင်း။

ဒေါ်ဇိုင်တွန်
၆/ထဝန (နိုင်) ၀၆၆၆၆၈
ထားဝယ်မြို့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်း၊ဟင်္သာတခရိုင်၊ဒူးယားတိုက်နယ်နေ(ဦးမြသောင်း)–ဒေါ်ကြာလှတို့၏သား၊ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ၉ ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊အမှတ် (၄၄)နေ ဦးလှထွန်း–ဒေါ်မေဝင်းတို့၏တူသား

မောင်ဇော်မျိုးမင်း (ခ) ကတုံး

Silver Moon (အမျိုးသားဆံသ)နှင့်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းမြောက်ပိုင်းနေ (ဦးပန်းစိန်)–ဒေါ်အေးသွယ်တို့၏မြေး၊မရမ်းကုန်းမြို့နယ်၊ (၁၀) ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ်(၂)နေ ဦးခင်ဝင်း–ဒေါ်ခင်မြင့်တို့၏သမီး

မဟေမာန်ဝင်း

(B.A Business Management)

တို့သည် ၂၈–၁၂–၂၀၀၅ ရက်တွင် နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်မျိုးမင်း–မဟေမာန်ဝင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်း တရားရုံး၌
၂၀၀၅ ခုနှစ် တရားမကြီးမှု အမှတ်–၂၈၂၂

၁။ ဒေါ်ခင်ဦးမော်		၁။ ဒေါ်မို့မို့လတ်
၂။ ဦးစန်းလွင်		အမှတ်–၂၉၊
အမှတ် ၄၆၊ ဓမ္မဒါနလမ်း၊	**နှင့်**	ကျောက်မြောင်းဈေးလမ်း၊
နတ်ချောင်းရပ်ကွက်၊		ဖိုးရွှာမရပ်ကွက်၊
တာမွေမြို့နယ်။		တာမွေမြို့နယ်။
		၂။ ဦးအေးထွန်း
တရားလိုများ		**တရားပြိုင်များ**

အထက်ပါ အမှုအမှတ် ၂၉၊ ကျောက်မြောင်းဈေးလမ်း ဖိုးရွှာမရပ်ကွက် တာမွေမြို့နယ်နေ ဒေါ်မို့မို့လတ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ဦးမော်ပါ နှစ်ဦးတို့က (၁၉–၁၂–၂၀၀၂)ရက်စွဲပါ ရန်ကုန်မြို့ စာချုပ်စာတမ်းရုံးတွင် ပြုလုပ်ချုပ်ဆိုခဲ့သော အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၈၆၃၄/၂၀၀၂ နှင့် ၁၈–၁၂–၂၀၀၂ရက်စွဲပါ အခန်းပေး၊ အခန်းယူ ကန်ထရိုက်စနစ်ဖြင့် အဆောက်အအုံဆောက်လုပ်ရန်အတွက် နှစ်ဦးသဘောတူ ချုပ်ဆိုထားသော ကတိစာချုပ်တို့ကို ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် တရားလိုထံမှ တရားပြိုင်ရယူသွားသော မြေဂရန်နှင့်တကွ ဆက်စပ်လျက်ရှိသော မြေပုံ၊မြေရာဇဝင် အဆောက်အအုံဆောက်လုပ်ခွင့် အမိန့်တို့အား လက်ရောက်ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၂၃ ရက်(၁၃၆၇ခုနှစ် ပြာသိုလဆုတ်၁၀ရက်)နေ့ နံနက် ၁၀:၀၀ နာရီတွင် တရားလိုများ၏စွဲချက်များကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ တစ်ပါတည်း ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာများတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလ၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **နန်းညွန့်နွယ်**

တွဲဖက်တိုင်းတရားသူကြီး(၇)၊ရန်ကုန်တိုင်းတရားရုံး။

ကျေးဇူးဆပ်ပါမည် ဒဂုံမြို့သစ်တောင်ပိုင်း၊လေးထောင့်ကန်မွေးမြူရေးစခန်းနေ ဦးတင်ဝင်း ၁၄/မအပ(နိုင်) ၁၇၀၆၀၄ပိုင်ဆိုင်သော ထော်လာဂျီ ယာဉ်အမှတ် ၅၄/၈၈၉၅ ၏လိုင်စင်စာအုပ်မှာ ၁၅–၁၂–၂၀၀၅ ရက်တွင်ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဦးတင်ဝင်း။**

“နွေနေနိုင်”ဟု ခေါ်ပေးပါရန်

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း ပွဲရုံတန်း၊ အဆောင်(၁၁၄)၊ အခန်း(၁၆၊၁၇) နေ(ဦးထွေးပို)–ဒေါ်အေးကြည် တို့၏ သတ္တမမြောက် သားရတနာ ဖြစ်သူ မောင်မင်းအောင် ၉/မနမ (နိုင်)၁၂၀၀၀၃ ကို မောင်နွေနေနိုင် ဟု အမည်ပြောင်းလဲခေါ်ပေးပါရန်။

မောင်နွေနေနိုင်။

ကော့သောင်းမြို့ (၅၅၅)တောင် ရှုခင်းသာအတက်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်းက စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ် စည်ပင်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ၂၁ရက်က မြို့မဈေးကြီး၌ စစ်ဆေးခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းများ စစ်ဆေးဖြည့်ဆည်းဆောင်ရွက်မှုကို ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်ဌေးဦးနှင့် ဈေးမိ ဈေးဖများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ်၂၀၁ **အခန်း၆နေ ဒေါ်အုန်းကြည်နှင့် သားသမီး မြေးမြစ်တစ်စုတို့က ဆေးပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်း နှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ် လှူဒါန်းစဉ်။** (က–ပ)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီစည်းဝေး ချမှတ်ထားသောအမျိုးသားရေးဦးတည်ချက်များ အကောင်အထည်ပေါ် ဖြစ်ထွန်းလာရေး ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၇

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ဥပစာ ခန်းမ၌ကျင်းပရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

ယင်းအစည်းအဝေးသို့ (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၃ ကော်လံ ၅ ❐

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆွေးနွေးအကြံပြုချက်စာတမ်းများ လေးမျက်နှာပူးတွဲပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဇန်နဝါရီ၃ ရက်နှင့် ၅ ရက်က ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်းနှင့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့ ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းများ အချပ်ပိုလေးမျက်နှာ ပူးတွဲပါရှိပါသည်။ (မြန်မာ့အလင်း)

အမျိုးသားညီလာခံ၏ လုပ်ငန်းစဉ် ၇၀ ရာခိုင်နှုန်းအထိ ပြီးမြောက်အောင်မြင်ခဲ့ပြီ

❐ ယခု ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးက နိုင်ငံတော်၏ လက်ရှိပကတိအရှိတရားပေါ် အခြေခံလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အာမခံနိုင်မှုအပေါ် အခြေခံပြီး စဉ်းစားသကဲ့သို့ အတိတ်သမိုင်းတွင် ခံစားရသည့် ခါးသီးသော အတွေ့အကြုံများ ထပ်မဖြစ်အောင် အသေးစိတ်အခြေခံရမည့်မူများက သက်သေခံလျက်ရှိ။

❐ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးတွင် ဖြစ်ပေါ်လာမည့် အခြေခံဥပဒေအတွက် အားနည်းချက် အဖျက်မျိုးစေ့များမပါစေရန် အချိန်ယူ စိစစ်ဝေဖန်သုံးသပ်လျက်ရှိပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးကို အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများက အလေးအနက် ဆောင်ရွက်နေ။

❐ ယနေ့ကာလတွင် ကိုလိုနီနယ်ချဲ့လက်သစ်များသည် နိုင်ငံငယ်များကို လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးကို အကြောင်းပြုပြီး ၎င်းတို့၏ဩဇာလွှမ်းမိုးရန် ကြိုးစားနေ၊ ဒီအခြေအနေမျိုးတွင် မိမိတို့နိုင်ငံကို ကာကွယ်နိုင်စွမ်းရှိမည့် ခိုင်မာတောင့်တင်းသော တပ်မတော်ရှိရန် လိုအပ်၊ ခိုင်မာတောင့်တင်းသည့် တပ်မတော်ရှိမှသာ နိုင်ငံတော်နှင့် နိုင်ငံတော်အစိတ်အပိုင်းများကို ကာကွယ်စောင့်ရှောက်နိုင်မည်၊ ခိုင်မာတောင့်တင်းသည့် တပ်မတော်ဖြစ်စေရန် ကိုယ့်အားကိုယ်ကိုးပြီး တည်ဆောက်ကြရမည်။

❐ တစ်မျိုးသားလုံးကို ကိုယ်စားပြုတက်ရောက်နေကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များကလည်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို အလေးထားပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ကြ၍ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အတွက် အမျိုးသားညီလာခံ၏ လုပ်ငန်းစဉ် ၇၀ ရာခိုင်နှုန်းအထိ ပြီးမြောက်အောင်မြင်ခဲ့ပြီ။ အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ သတင်းအကျယ်-ရှေ့ဖုံး၊ ၆၊ ၇၊ ၈၊ ၉၊ ၁၂၊ ၁၃

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ၃ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်အစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ ကိုယ်စားလှယ်ခြောက်ဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက် စာတမ်းအနက် ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

(ယမန်နေ့ကအဆက်)

ဆက်လက်ပြီး–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသ အတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်တွင် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့် အပ်နှင်းနိုင်သည့် လုပ်ပိုင်ခွင့်များ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် မူရင်းဥပဒေနှင့် မညီညွတ်သည်ကို တွေ့ရလျှင် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း ပြုလုပ်နိုင်သည့် လုပ်ပိုင်ခွင့်များ သတ်မှတ်ရေးတို့နှင့် စပ်လျဉ်းပြီး–

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့်လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း၊ သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ နည်းဥပဒေ၊စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ် သို့မဟုတ် သဘောတူညီချက် သို့မဟုတ် အတည်ပြုချက်ရယူရမည့် ကိစ္စများနှင့် စပ်လျဉ်းပြီး–

"(က) တိုင်းဒေကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ် ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မှာ ဥပဒေကြမ်းတင်သွင်းခွင့်နှင့် စပ်လျဉ်းပြီး–

"(က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေကြမ်းတင်သွင်းခွင့်နှင့် စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ပါရှိသောကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဤဖွဲ့စည်းပုံအခြေခံ ဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ရငွေသုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်

ဆက်လက်ပြီး–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ–သုံးငွေလျာထားချက်များကို လွှတ်တော်သို့ တင်သွင်းခြင်း၊ လွှတ်တော်က အဆုံးအဖြတ်ပေးခြင်းတို့နှင့် စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက 'တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ–သုံးငွေလျာထားချက်'ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များက အတည်ပြုသော ဥပဒေကြမ်းများကို ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းနှင့် ဥပဒေတစ်ရပ် အာဏာတည်ရမည့်နေ့တို့နှင့် စပ်လျဉ်းပြီး–

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကအတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန် ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည် ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန် ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး–

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ အနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းပြောဆိုခွင့်နှင့် စပ်လျဉ်းပြီး–

"(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မဟုတ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ၊ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်"

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

အချပ်ပို (ခ) သို့

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများကြီးကြပ်ကွပ်ကဲရမည်

အချပ်ပို (က) မှ

ဆက်လက်ပြီး–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး–

“တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်–

(က) တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားလိုကြောင်း အကြောင်းကြားလျှင် လိုအပ်သလိုစီစဉ် ဆောင်ရွက်ပေးရမည်။

(ဃ) တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ၊ သို့မဟုတ် ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(င) ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်”

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး–

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် သက်ဆိုင်ရာလွှတ်တော်တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရရှိရေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသည့် ပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် သက်ဆိုင်ရာလွှတ်တော်တွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိရေးတို့နှင့်စပ်လျဉ်းပြီး–

“(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ လွှတ်တော်ကော်မတီနှင့်အဖွဲ့များတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန်ခွင့်ပြုခြင်း၊ သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ၊ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ၊ သို့မဟုတ် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ဂ) အထက်အပိုဒ်(က)နှင့် (ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်”

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်များအား ဥပဒေအရ ဖမ်းဆီးရန်အကြောင်း ပေါ်ပေါက်ခဲ့လျှင် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် စပ်လျဉ်းပြီး–

“(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးတို့ဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတက်ရောက်နေသည့် ယင်းကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ ကော်မတီ သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ထိုလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်”

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ဆက်လက်ပြီး–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကဖြစ်စေ၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရဖြစ်စေ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်းပြီး–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ”

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ်ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

ယင်းသို့အဖြစ်ဆိုးများကို မကြုံတွေ့ရလေအောင် နိုင်ငံတွင်တည်ငြိမ်သည့် နိုင်ငံရေးစနစ်နှင့် ယင်းစနစ်ကို ဖော်ဆောင်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရှိရန်လိုပါကြောင်း။

ယနေ့အထိ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် ချမှတ်ခဲ့ပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာကြည့်မည်ဆိုလျှင် နောင်ပေါ်ထွန်းလာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည်–

၁။ ပြည်ထောင်စုစနစ်ဖွဲ့စည်းမှု

၂။ အာဏာ(၃)ရပ်ကို ခွဲခြားထားမှု

၃။ အာဏာ(၃)ရပ် အပြန်အလှန်ထိန်းကျောင်းမှု

၄။ အာဏာ(၃)ရပ်အား အဆင့်ဆင့်ခွဲဝေကျင့်သုံးမှု

ဆိုသည့် အချက်များကို ပီပီပြင်ပြင်အကောင်အထည်ဖော်ပေးနိုင်သည်ဆိုသည်မှာ ထင်ရှားနေပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးစနစ်နှင့် ယင်းနိုင်ငံရေးစနစ်ကို ပုံဖော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြပါကြောင်း၊ ယင်းသို့မတူညီခြင်းသည် သဘာဝကျပါကြောင်း၊ အမေရိကန်နိုင်ငံ၏ ရှည်လျားသည့် ဒီမိုကရေစီသမိုင်းကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဒီမိုကရေစီစနစ်ဖြစ်ပေါ်မှု အခြေအနေများကို လေ့လာပြီး‘‘Norman J.Ornstein ရေးသားခဲ့သည့်‘‘The Role of the Legislature in a Democracy’’ဒီမိုကရေစီစနစ်အတွင်း ဥပဒေပြုအဖွဲ့၏ အခန်းကဏ္ဍစာတမ်း၊ ‘‘Lessons to be learned’’(သင်ခန်းစာ ယူဖွယ်ရာများ) ခေါင်းစဉ်အောက်တွင် ဘယ်လိုဖော်ပြထားသလဲဆိုလျှင် ‘‘Every country's political system develops and evolves according to its. history, make up,and political and social conditions. When a country tries to graft another country's political system onto its own, it rarely works’’‘‘နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးစနစ်သည် ၎င်းနိုင်ငံ၏ သမိုင်းကြောင်း ဖွဲ့စည်းမှု၊ နိုင်ငံရေးနှင့်လူမှုရေး အခြေအနေများပေါ်တွင် အခြေခံ၍ ဖွံ့ဖြိုးရှင်သန်သည်။ နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံ၏ နိုင်ငံရေး စနစ်ကို ကူယူမည်ဆိုပါက အလုပ်ဖြစ်ခဲသည်။’’ဟု ဖော်ပြထားပါကြောင်း။

ယင်းဆောင်းပါးကို ဒီမိုကရေစီစနစ်ထွန်းကားပါသည်ဆိုသည့် အမေရိကန်ပြည်ထောင်စု ပြန်ကြားရေးဌာန (USIA)က ထုတ်ဝေသည့် ‘‘Freedom Papers’’တွင်ဖော်ပြထားခြင်းဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံကြီးက ယနေ့အထိ ချမှတ်ခဲ့ပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့်မူများကိုကြည့်မည်ဆိုလျှင် နောင်ပေါ်ထွန်းလာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် မြန်မာနိုင်ငံသမိုင်းကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ တိုင်းရင်းသားအားလုံး တန်းတူညီတူရှိမှုနှင့် နိုင်ငံရေးပကတိအခြေအနေများနှင့် ကိုက်ညီမှာဖြစ်သည်ဆိုတာ အသေအချာပင်ဖြစ်ပါကြောင်း၊ ကမ္ဘာတွင် တည်ငြိမ်သည့် နိုင်ငံရေးစနစ်ရှိသည့် နိုင်ငံများကို ကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းနှင့်နိုင်ငံရေး၊ လူမှုရေး ပကတိအခြေအနေများကို အမှန်အကန်ရှုမြင်ပြီး ယင်းရှုမြင်ချက်များပေါ်တွင် အခြေပြုတည်ဆောက်ထားကြသည်ကိုတွေ့ရပါကြောင်း၊ အချက်တစ်ချက်ကို အလေးပေးဖော်ပြလိုပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ

သီးခြားအကြံပြုချက်အနေဖြင့် အောက်ပါအချက်တစ်ချက်ကို တင်ပြလိုပါကြောင်း၊ လွှတ်တော်အသီးသီး၏ အသေးစိတ်ချမှတ်သင့်သည့် အခြေခံမူထဲတွင်“ အခွင့်အရေးမရှိသူတစ်ဦးက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ”ဆိုသည့် အချက်လည်း ပါဝင်နေပါကြောင်း။

ယင်းအသေးစိတ်အခြေခံမူသည် လူပုဂ္ဂိုလ်တစ်ဦးဦး၏ ဆောင်ရွက်မှုကြောင့်၊ လွှတ်တော်၏လုပ်ငန်းများ အတည်ပြုချက်၊ ဆုံးဖြတ်ချက်များ မပျက်ပြယ်စေလိုသည့် သဘောဖြစ်သည်ဟု ထင်မြင်ပါကြောင်း။

လွှတ်တော်များတွင် ဆန္ဒမဲပေးဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းများသည် အင်မတန်မှ အရေးကြီးသည့်လုပ်ငန်းများဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်၏ အခြေခံတစ်ရပ်လည်းဖြစ်ပါကြောင်း။ ထို့ကြောင့် အခွင့်အရေးမရှိသူတစ်ဦး၏ ဆန္ဒမဲသည် ယင်းဆုံးဖြတ်ချက် အတည်ပြုချက်အပေါ်တွင် အကျိုးသက်ရောက်မှု မရှိခဲ့လျှင် အကြောင်းမဟုတ်သော်လည်း အကယ်၍ ၎င်း၏ဆန္ဒမဲကြောင့် ဆုံးဖြတ်ချက် အတည်ပြုချက်တစ်ခုခုသည် အတည်ဖြစ်ခဲ့လျှင် သို့မဟုတ် ပျက်ပြယ်ခဲ့လျှင် စဉ်းစားစရာဖြစ်လာပါကြောင်း၊ တစ်နည်းအားဖြင့် ၎င်း၏ ဆန္ဒမဲသည် အဆုံးအဖြတ်မဲ (Decisive Vote) ဖြစ်ခဲ့လျှင်ဖြစ်ပါကြောင်း၊ ဥပမာ–နှစ်ဖက်ဆန္ဒမဲ မတူညီဘဲရှိချိန်တွင် ၎င်း၏ဆန္ဒမဲကြောင့် မဲအရေအတွက် တူညီသွားသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌပါဝင် ဆန္ဒမဲပေးရသည်မျိုး၊ ကိုယ်စားလှယ်ဦးရေ ထက်ဝက် သို့မဟုတ် (၃)ပုံ (၂)ပုံမရှိဘဲ ၎င်းတက်ရောက်ခဲ့သည့်အတွက် ထက်ဝက်ကျော် သို့မဟုတ် (၃)ပုံ(၂)ပုံ ပြည့်သွားခြင်းမျိုး ဖြစ်ပါကြောင်း။ ထို့ကြောင့် အထက်ပါကိစ္စမျိုး မဖြစ်ရအောင် ကိုယ်စားလှယ် စိစစ်ရေးကိစ္စကို စနစ်တကျ သေချာစွာစိစစ်ပြီး ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

လူအဖွဲ့အစည်းတိုင်း၊ နိုင်ငံတိုင်းတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် အာဏာ(၃)ရပ်သည် မရှိမဖြစ်သည့် နိုင်ငံတော်အာဏာများဖြစ်ပါကြောင်း၊ ယင်းအာဏာကြီး(၃)ရပ်ကိုလည်း လူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ကဖြစ်စေ၊ နိုင်ငံရေးပါတီတစ်ခုခုကဖြစ်စေ ကိုင်တွယ်ကျင့်သုံးရမှာဖြစ်ပါကြောင်း။ ထိုအခါတွင် ယင်းအာဏာကြီး(၃)ရပ်ကို ကိုင်တွယ်ကျင့်သုံးလိုသည့် အဖွဲ့အစည်းများ များပြားပြီး ယင်းအာဏာ(၃)ရပ်ကို မည်သို့စနစ်တကျ ယူနိုင်မည်ဆိုသည့် သတ်မှတ်ချက်များမရှိလျှင် “အာဏာရရှိရေးကြိုးပမ်းချက်”များကြောင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ပါတီနှင့်တစ်ပါတီ ပဋိပက္ခများဖြစ်ပေါ်လာပြီး ပြည်တွင်းစစ်ဖြစ်ပွားခြင်း၊ အနိုင်ရလိုမှုကြောင့် တိုင်းတစ်ပါးအကူအညီများ ရယူလာခြင်းစသည့် အဖြစ်မျိုးများကြုံတွေ့လာမှာဖြစ်ပါကြောင်း။ ယင်းသို့ဖြစ်လာခဲ့လျှင် ပြည်သူများမှာ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးရုံမက မိမိတို့၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပါ ဆုံးရှုံးသည့် အဖြစ်ဆိုးများနှင့် ကြုံတွေ့ကြရမှာဖြစ်ပါကြောင်း။

ထိုအချက်မှာ လွှတ်တော်(၂)ရပ်ထားရှိခြင်းနှင့် ယင်းလွှတ်တော်(၂)ရပ်တွင် တူညီသည့် ဥပဒေပြုအာဏာ ပေးအပ်ထားရှိခြင်း ဖြစ်ပါကြောင်း၊ လွှတ်တော်(၂)ရပ်ရှိသော်လည်း တူညီသည့် ဥပဒေပြုအာဏာမရှိကြသည်များပါကြောင်း၊ ယင်းသို့လွှတ်တော်(၂)ရပ်ကို တူညီသည့် ဥပဒေပြုအာဏာများ ပေးအပ်ထားခြင်းကြောင့်–

၁။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများ၏ တန်းတူရည်တူရှိမှုကို ထင်ရှားစေပါကြောင်း၊

၂။ လွှတ်တော်(၂)ရပ် အပြန်အလှန်ထိန်းကျောင်းမှုကြောင့် ပြည်သူများ မလိုလားသည့် ဥပဒေမျိုး မပေါ်ပေါက်လာနိုင်ပါကြောင်း၊

၃။ အရေးကြီးကိစ္စများကို လွှတ်တော်(၂)ရပ်ပေါင်းသည့် ပြည်ထောင်စုလွှတ်တော်ကသာ ဆုံးဖြတ်ပေးမှာဖြစ်သည့်အတွက် စည်းလုံးညီညွတ်မှုနှင့် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် အများဆန္ဒနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်နိုင်မှုကို ထင်ရှားပေါ်လွင်စေပါကြောင်း။

နိုင်ငံတော်အစိုးရနှင့် အစိုးရအဖွဲ့အစည်းများသာမဟုတ်ဘဲ လွှတ်တော်အဆင့်ဆင့်က လွှတ်တော်ကိုယ်စားလှယ်များကပါ ဥပဒေကြမ်းများတင်သွင်းခွင့်ရှိသည့်အတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ကိုယ်စားလှယ်များမှ တစ်ဆင့် မိမိနေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ၌ ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများချမှတ်နိုင်သကဲ့သို့ လူဦးရေကိုအခြေခံသည့် ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုဖွဲ့စည်းမှုကို အခြေခံသည့်အမျိုးသားလွှတ်တော်၊ နိုင်ငံတစ်ဝန်းလုံးကို ကိုယ်စားပြုသည့် ပြည်ထောင်စုလွှတ်တော်များမှာလည်း မိမိတို့ကိုယ်စားလှယ်များမှ တစ်ဆင့် ပြည်သူများ၏ သဘောထားဆန္ဒများကို ထင်ဟပ်ပေးနိုင်သည့် ဥပဒေများ ပေါ်ထွန်းလာမှာ မလွဲဧကန် ဖြစ်ပါကြောင်း။

ယင်းအသေးစိတ် အခြေခံမူများအရ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရရှိလာမည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လွတ်လပ်ခွင့်များကို စည်းကမ်းရှိရှိ ထိထိရောက်ရောက် အသုံးချပြီး နိုင်ငံတော်အတွင်းမှာ ရှိကြသည့် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများသည် အနာဂတ် မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြမည်ဟု ယုံကြည်ပါကြောင်း၊ သဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းရင်း မိမိတို့၏ အကြံပြုချက်စာတမ်းကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် တင်ပြသွားသည်။ **(သတင်းစဉ်)**

ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ထုတ်ပြန်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်ကို တင်ပြအတည်ပြုချက်ရယူရမှာဖြစ်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၌ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမူထန်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရွာင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့ ကိုယ်စားလှယ်(၃)ဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းအနက် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမူထန်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်သည်—

တစ်သီးပုဂ္ဂလကိုယ်စားလှယ် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမူထန် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ယခုတင်ပြမည့်စာတမ်းကို မိမိနှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့ စုပေါင်းအကြံပြုရေးသားခဲ့ကြပြီး စာတမ်းဖတ်ကြား တင်ပြသည့် နေရာ၌လည်း အပိုင်း(၃)ပိုင်းခွဲပြီး တစ်ပိုင်းကို တစ်ဦးကျစီ တင်ပြကြမှာ ဖြစ်ကြောင်း ပဏာမအနေဖြင့် တင်ပြလိုပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့် ပတ်သက်သည့် အချက်အလက်အချို့ကို ကောက်နုတ်တင်ပြဆွေးနွေးလိုပါကြောင်း၊ အမျိုးသားညီလာခံက ဥပဒေပြုခြင်းဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့စဉ်က ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အသီးသီး၏ သက်တမ်းတစ်ရပ် စတင်သည့် ပထမအကြိမ်ပုံမှန်အစည်းအဝေးများ ကျင်းပသည့်ကာလမှာပင် ယင်းလွှတ်တော် နှစ်ရပ်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ကျင်းပရမှာဖြစ်ကြောင်း ပါရှိခဲ့ပြီးဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို ရွေးကောက်တင်မြှောက်ပြီးသည့်အခါတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဦးရေသတ်မှတ်ခြင်း၊ တိုးခြင်း၊ လျှော့ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် ပြုလုပ်နိုင်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထာင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူမည်ဟု ပါရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ပထမအကြိမ်ပုံမှန်အစည်းအဝေးကို ကျင်းပပြီးသည့်နောက် ပြည်ထောင်စုလွှတ်တော်၏ နှစ်စဉ်ပုံမှန်အစည်းအဝေးများကို တစ်နှစ်လျှင် ဘယ်နှကြိမ် ကျင်းပပြုလုပ်သင့်သည် ဆိုသည်ကိုလည်း ချမှတ်ထားသင့်ပါကြောင်း၊ ၎င်းအပြင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ ကျင်းပသည့်အခါတွင်ဆောင်ရွက်သင့်သည့် ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းများကိုလည်း ချမှတ်ထားသင့်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၌ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့်စပ်လျဉ်းပြီး ထူးခြားသည့် အခြေအနေများ ပေါ်ပေါက်လာသည့်အတွက်ကြောင့် လွှတ်တော် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးခေါ်ယူရသည့် ကိစ္စမျိုး ပေါ်ပေါက်နိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ယင်းသို့အခြေအနေမျိုး ပေါ်ပေါက်ခဲ့လျှင် ဆောင်ရွက်နိုင်အောင် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်ခွင့် ရှိသင့်ပါကြောင်း၊ အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့် စပ်လျဉ်းပြီး ထူးခြားသည့် အခြေအနေမျိုးကြုံကြိုက်လာခဲ့လျှင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်သင့်သည့် ကိစ္စမျိုးကို တင်ပြဆောင်ရွက်နိုင်အောင် လည်းကောင်း၊ ပြည်ထောင်စုအစိုးရက တင်သွင်းထားသည့် ဥပဒေကြမ်းတစ်ရပ်သည် အများပြည်သူအကျိုးငှာ ဆောလျင်စွာ ဆွေးနွေးဆုံးဖြတ်သင့်သည့်ဥပဒေကြမ်းဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ယုံကြည်ယူဆခဲ့လျှင် လည်းကောင်း၊ အာဏာသုံးရပ်ကိုတတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းဆိုသည့်မူနှင့် ကိုက်ညီအောင် အများပြည်သူအကျိုးအတွက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူရန်လိုအပ်လာသည့်အချိန်အခါနှင့် အခြေအနေမျိုးတွင်လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ အကြောင်းကြားချက်အရ ပြည်ထောင်စုလွှတ်တော် နာယကအနေဖြင့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးကို ခေါ်ယူပေးသင့်ပါကြောင်း၊ ထို့အတူ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့်လည်း အကြောင်းအရာတစ်ခုခု၊ အခြေအနေ တစ်ရပ်ရပ်ပေါ် မူတည်ပြီး ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပပေးရန်တောင်းဆိုနိုင်သည့် ဖွဲ့စည်းပုံဥပဒေဆိုင်ရာ အခွင့်အရေးတစ်ရပ်လည်း ရှိသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကိုက မှန်မှန်တက်ရောက်တာဝန်ထမ်းဆောင်ကြရန် တာဝန်ရှိကြပါကြောင်း၊ မလွှဲမရှောင်သာသည့်အကြောင်းကြောင့် လွှတ်တော်အစည်းအဝေး မတက်ရောက်နိုင်လျှင် ပြည်ထောင်စုလွှတ်တော်နာယကထံ ခွင့်ပန်ကြားရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ အထမြောက်စေရန်နှင့် ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပြုရမည့် ကိစ္စများအတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပြုနိုင်ရန်နှင့် ပြည်ထောင်စုလွှတ်တော်နာယက၏ ဆန္ဒမဲပေးခွင့်တို့နှင့် စပ်လျဉ်း၍လည်း သတ်မှတ်ချက်များ ထားရှိသင့်ပါကြောင်း။

“ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော် လုပ်ငန်းများဆောင်ရွက်နိုင်စေရေးနှင့် လွှတ်တော်အစည်းအဝေးသို့ တရားဝင်တက်ရောက်ခွင့်မရှိသူ တစ်ဦးဦးက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း၊ သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ”ဆိုသည့်အချက်နှင့် စပ်လျဉ်းပြီး သတိပြုသင့်သည့် အချက်တစ်ချက်အား အကြံပြုဆွေးနွေးတင်ပြလိုပါကြောင်း၊ လွှတ်တော်များမှာ အဆုံးအဖြတ် ပြုရမည့်ကိစ္စရှိလျှင် ယင်းကိစ္စနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားဆန္ဒကိုရယူ၍ အဆုံးအဖြတ်ပြုကြရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားနှင့် လွှတ်တော်များက အဆုံးအဖြတ်ပြုပုံများကို လေ့လာသည့်အခါ အများပြည်သူအကျိုးအတွက် အရေးကြီးသော ကိစ္စတစ်ရပ်ကို အဆုံးအဖြတ်ပြုရာတွင် ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံးပုံထက်မနည်းသည့် ဆန္ဒမဲနှင့် ဆုံးဖြတ်ရမည်ဟု သတ်မှတ်သည်မျိုး ရှိသကဲ့သို့ အစည်းအဝေးသို့ တက်ရောက်ဆန္ဒမဲပေးကြသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံထက်မနည်းသည့် ဆန္ဒမဲရရှိမှ ဆုံးဖြတ်ရမည်ဟု သတ်မှတ်ကြသည်ကို တွေ့ရပါကြောင်း။ သာမန်ကိစ္စများကို ဆုံးဖြတ်ရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ထက်ဝက်ကျော်ဆန္ဒမဲနှင့် ဆုံးဖြတ်ရမည်ဟု သတ်မှတ်ကြသကဲ့သို့ လွှတ်တော်အစည်းအဝေးတက်ရောက်ပြီး ဆန္ဒမဲပေးကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲနှင့် ဆုံးဖြတ်ရမည်ဟု သတ်မှတ်ကြသည်ကိုလည်း တွေ့ရပါကြောင်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့စဉ်က နိုင်ငံတော်၏ နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးအတွက် ဆောင်ရွက်စရာရှိလျှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ထောက်ခံဆန္ဒမဲ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ထောက်ခံဆန္ဒမဲ၊ ယင်းလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာ နယ်နိမိတ်နှင့် အကျုံးဝင်သည့် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်များက ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်ထက်ဝက်ကျော်၏ ထောက်ခံဆန္ဒမဲရရှိမှသာ ဆောင်ရွက်နိုင်ကြောင်း၊ အကယ်၍ ထောက်ခံမဲ ထက်ဝက်ကျော်စီ မရရှိကြဘူးဆိုလျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောထားကို ရယူရမည်။ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံသုံးပုံအထက် ထောက်ခံမှသာ နိုင်ငံတော်နယ်နိမိတ် ပြင်ဆင်ရေးကို ဆက်လက်ဆောင်ရွက်ရမည်ဆိုပြီး အသေးစိတ်အခြေခံရမည့်မူ ချမှတ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးနှင့် စပ်လျဉ်း၍လည်း ပြည်ထောင်စုအစိုးရ၏ အဆုံးအဖြတ်လိုအပ်လာသည့်အခါတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံသုံးပုံနှင့်အထက်၏ ဆန္ဒမဲရရှိရမည်ဟုလည်း အသေးစိတ် အခြေခံရမည့်မူ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် သီးခြားသတ်မှတ်ချက် မပါဘဲ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်၊ အတည်ပြုချက်နှင့်ဆောင်ရွက်ရမည်ဆိုသည့် ကိစ္စမျိုးများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်က မည်သို့ ဆန္ဒမဲရယူဆုံးဖြတ်ရမည် ဆိုသည်ကိုလည်း သတ်မှတ်ရန်လိုအပ်လာမှာဖြစ်ပါကြောင်း၊ အထက်ပါအခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်သည် မည်မျှအထိ အရေးပါလှကြောင်း ပေါ်လွင်ထင်ရှားနေပါကြောင်း၊ ဤမျှအရေးပါလှသော ဆန္ဒမဲအား အခွင့်အရေးမရှိသူတစ်ဦးက ပြည်ထောင်စု လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းမျိုး(လုံးဝ)မဖြစ်စေသင့်ကြောင်း၊ လွှတ်တော်အစည်း

★ အချပ်ပို (ဃ) သို့

အမျိုးသားလွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည် ပြည်သူ့လွှတ်တော် သက်တမ်းကုန်ဆုံးသောနေ့တွင် အမျိုးသားလွှတ်တော် သက်တမ်းသည်လည်း ကုန်ဆုံးသည်

တစ်သီးပုဂ္ဂလကိုယ်စားလှယ် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်း ဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အချက်အလက်အချို့ကို ကောက်နုတ်တင်ပြ ဆွေးနွေးမှာ ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံက ဥပဒေပြုရေးနှင့်စပ်လျဉ်းသည့် အခြေခံမူများ ချမှတ်ရာတွင် **“နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်”** ဆိုသည့် အခြေခံမူ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်ကြောင်း ချမှတ်ခဲ့ကြပါကြောင်း၊ ယင်းသို့ ချမှတ်ပြီးသည့်မူများအရ ပြည်ထောင်စု လွှတ်တော်တွင် ပါဝင်သည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကို သီးခြားဖွဲ့စည်းထားရှိသော်လည်း လွှတ်တော်များ၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည့်အခါတွင် လွှတ်တော်နှစ်ရပ်သည် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ ပထမဦးစွာ လွှတ်တော်နှစ်ရပ်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများ ကျင်းပရေးနှင့် စပ်လျဉ်းပြီး တင်ပြဆွေးနွေးလိုပါကြောင်း၊ ကမ္ဘာ့နိုင်ငံအချို့တွင် ရွေးကောက်ပွဲနှင့် ဆက်စပ်ပြီး သတ်မှတ်ကြသည်များရှိသကဲ့သို့ တချို့နိုင်ငံများတွင် မည်သည့်နေ့၊ မည်သည့်လတွင် စတင်ကျင်းပမည်ဟု နေ့ရက်အတိအကျ သတ်မှတ်ကြသည့် နိုင်ငံများလည်း ရှိကြပါကြောင်း၊ ပြည်သူ့လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး စတင်သည့်နေ့ရက်နှင့်စပ်လျဉ်း၍ ဆန္ဒမဲပေးပြီးသည့်နေ့ကို သတ်မှတ်မည်ဆိုလျှင် အခက်အခဲများနှင့်ကြုံတွေ့နိုင်စရာ ရှိပါသဖြင့် အထွေထွေ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်ကို အခြေခံပြီး သတ်မှတ်သင့်ပါကြောင်း၊ **“အမျိုးသားလွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော် သက်တမ်းကုန်ဆုံးသော နေ့တွင် အမျိုးသားလွှတ်တော်၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်”**ဟု ဥပဒေပြုရေးဖွဲ့စည်းမှုအပိုင်းတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားပြီး ဖြစ်ရာ ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့် ပြည်သူ့လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့မှာပင် အမျိုးသားလွှတ်တော်၏သက်တမ်းသည်လည်း စတင်မှာဖြစ်ပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကြောင့် နိုင်ငံတော်၏ အာဏာသုံးရပ်ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျင့်သုံးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ နောင်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမဆုံးအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများကို စနစ်တကျရှိစေရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပပေးရန် လိုအပ်မည်ဟု ထင်မြင်ယူဆပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ တည်ပြီးသည့်နောက်ပိုင်း သက်တမ်းများတွင်ကျင်းပမည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများကိုမူ သက်ဆိုင်ရာ

❑ အချပ်ပို (ဃ) သို့

အချပ်ပို (ဂ) မှ ★

အဝေးသို့ တရားဝင် တက်ရောက်ခွင့်မရှိသူ တစ်ဦးဦးက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ဆန္ဒမဲပေးခြင်း၊ လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းမျိုး မပေါ်ပေါက်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်မှ ကိုယ်စားလှယ်စိစစ်ရေးလုပ်ငန်းများကို အထူးကြပ်မတ်ပြီး တိတိကျကျ သေသေချာချာ စိစစ်ဆောင်ရွက်သင့်ပါကြောင်း သတိပြုရန် အချက်တစ်ချက်အနေဖြင့် အကြံပြုတင်ပြအပ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဥပဒေပြုလွှတ်တော်များ၏ ဆွေးနွေးဆောင်ရွက်ချက်များကို အများပြည်သူ သိရှိရန် ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက်များပါရှိသည်နှင့်အညီ မိမိတို့နိုင်ငံ၌လည်း ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရ ဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများမှအပ ကျန်အခြားဆောင်ရွက်ချက်များကို အများပြည်သူ တို့သိရှိရန် ထုတ်ပြန်အသိပေးသင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်ကြသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် တာဝန်နှင့်လုပ်ပိုင်ခွင့်တူညီသည့် လွှတ်တော်များဖြစ်ကြပါကြောင်း၊ ယင်းသို့ တာဝန်နှင့်လုပ်ပိုင်ခွင့်တူညီသည့် လွှတ်တော်နှစ်ရပ်သည် ဥပဒေကြမ်းတစ်ခုကို ဥပဒေအဖြစ်ရောက်ရှိစေရေးအတွက်လည်း တူညီသည့်တာဝန်၊ တူညီသည့်လုပ်ပိုင်ခွင့်များ ရှိကြပါကြောင်း။ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းတစ်ခုကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကပါ အတည်ပြုခဲ့လျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူသင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်တွင် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့် အပ်နှင်းနိုင်သည့် လုပ်ပိုင်ခွင့်များ၊နည်းဥပဒေ၊စည်းမျဉ်းဥပဒေသို့မဟုတ်စည်းကမ်းဥပဒေတစ်ရပ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် မူရင်းဥပဒေနှင့် မညီညွှတ်သည်ကို တွေ့ရလျှင် ပယ်ဖျက်ခြင်း၊ ပြင်ဆင်စေခြင်း ပြုလုပ်နိုင်သည့် လုပ်ပိုင်ခွင့်ကိုလည်း သတ်မှတ်ခွင့်ပြုပေးထားသင့်ပါကြောင်း၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ထုတ်ပြန်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတက ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်ကိုတင်ပြအတည်ပြုချက်ရယူရမှာ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုမပြုဆုံးဖြတ်ရမှာဖြစ်ပြီး အတည်ပြုရလျှင် မည်သည့်အချိန်ကာလအထိ အတည်ဖြစ်စေရမည်ဆိုသည်ကိုပါ ထည့်သွင်း သတ်မှတ်ပေးရန် လိုအပ်မှာဖြစ်ပါကြောင်း။

လွှတ်တော်များ၏ အဓိကလုပ်ငန်းသည် ဥပဒေပြုရေးလုပ်ငန်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းတင်သွင်းခြင်း၊ အတည်ပြုခြင်းတို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက အသေးစိတ်၊ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါကြောင်း။ ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော် နာယက၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုပါကြောင်း၊ လွှတ်တော်အကြီးအကဲများသည် လွှတ်တော်အစည်းအဝေးများ ကျင်းပသည့်အခါ သက်ဆိုင်ရာလွှတ်တော် ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ လွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲကြရပါကြောင်း၊ နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်၏ အစည်းအဝေးကို စနစ်တကျ ကျင်းပနိုင်အောင် ကြီးကြပ်ကွပ်ကဲသည့် တာဝန်ကို ပြည်ထောင်စုလွှတ်တော် နာယကက ထမ်းဆောင်နိုင်ရေးအတွက် အသေးစိတ်အခြေခံ ရမည့်မူများကို ချမှတ်ထားသင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ၌ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ မေးမြန်းခြင်းစသည့် အခွင့်အရေးများကို လွတ်လပ်စွာ ကျင့်သုံးနိုင်ခွင့် ရှိသင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၌ တင်ပြပြောဆိုဆွေးနွေးမှုများနှင့် စပ်လျဉ်းပြီး အရေးယူရန် လို့အပ်လျှင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေများမှအပ အခြားဥပဒေများအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိစေသင့်ပါကြောင်း၊ ထို့အတူ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ ဖိတ်ကြားခြင်းခံရသည့် ပုဂ္ဂိုလ်များကိုလည်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် တင်ပြ၊ ပြောဆိုမှုများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုကိုယ်စားလှယ်များနည်းတူ ကင်းလွတ်ခွင့်ရရှိစေသင့်ပါကြောင်း။

အထက်ပါ မိမိတို့၏ တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်းပြီး ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၃ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အကျယ်တဝင့် အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များသည် ပြီးပြည့်စုံပြီး ဖြစ်သည့်အတွက် သီးခြားထပ်မံ အကြံပြုတင်ပြရန်မရှိပါကြောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းအတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

အချပ်ပို (ဂ) မှ ❑

လွှတ်တော်အသီးသီး၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား တာဝန်ထမ်းဆောင်စေသင့်ပါကြောင်း။

ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကျင်းပမည့် ကာလနှင့်ပတ်သက်၍ သီးခြားအကြံပြုတင်ပြဆွေးနွေးလိုပါကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးကို မဲဆန္ဒပေးပြီးသည့်နေ့မှစ၍ ရက်ပေါင်း ၆၀အတွင်း ကျင်းပပေးရမည်ဟု သတ်မှတ်ခဲ့ပါကြောင်း၊ ထိုအချိန်က မိမိတို့နိုင်ငံ၏ လူဦးရေသည် ၁၆သန်း ပတ်ဝန်းကျင်သာရှိခဲ့ပြီး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်ကလည်း ၂၅၀သာရှိခဲ့ပါကြောင်း၊ နောင်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေရွေးကောက်ပွဲကျင်းပချိန်တွင် မိမိတို့နိုင်ငံ၏ လူဦးရေသည် သန်း၅၀ကျော်ရှိလာနိုင်ပြီး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်ကလည်း ၃၃၀ရှိလာမှာဖြစ်ပါကြောင်း၊ ၁၉၄၇ခုနှစ် အခြေအနေနှင့် နှိုင်းယှဉ်လျှင် ဆန္ဒမဲပေးနိုင်သူများ တိုးတက်များပြားလာသည်နှင့်အညီ မဲဆန္ဒနယ်မြေများလည်း တိုးတက်လာသည်မှာ အမှန်ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးစနစ် အပိုင်းကို ပြန်လည်ဆန်းစစ် ကြည့်မည်ဆိုလျှင် ယနေ့ခေတ်အခါသည် ပြည်ထောင်စုအတွင်း မည်သည့်နေရာဒေသမဆို တစ်နေရာမှတစ်နေရာသို့ အချိန်ပိုင်းအတွင်း သွားလာဆက်သွယ်နိုင်သည့် ခေတ်ကာလဖြစ်ပါကြောင်း၊ ယခင်က လှေ၊ သမ္ဗန်၊ ဇက်၊ ကူးတို့များဖြင့် အချိန်ကုန်ခံကူးဖြတ်ခဲ့ရသည့် မြစ်များ၊ ချောင်းများ၌ ယခုအခါ အချိန်အခါမရွေးသွားလာနိုင်သော တံတားကြီးငယ် အသွယ်သွယ်လည်း ပေါ်ထွက်လာနေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်က တံတားများအပြင် လမ်းသစ်များ ဖောက်လုပ်ပေးလျက်ရှိသည့်နည်းတူ ၂၀၀၂ခုနှစ်မှစ၍ လမ်းမကြီးများ လမ်းအဆင့်တိုးမြှင့်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၉၈၈ခုနှစ်က ပြည်ထောင်စုလမ်းမကြီးပေါင်း ၄၆၁လမ်းနှင့် လမ်းမိုင် ၁၃၆၃၅ မိုင်သာရှိခဲ့ရာ ယနေ့ကာလတွင် လမ်းမကြီးပေါင်း ၆၂၁လမ်းနှင့် လမ်းအရှည်မိုင် ၁၈၆၄၀ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ၎င်းအပြင် မျက်မှောက်ခေတ် ကာလတွင် လမ်းများကို ပြည်နယ်နှင့်တိုင်းအလိုက် ဖြန့်ကြက်ဖောက်လုပ်ခြင်း လုပ်ငန်းသာမက လက်ရှိရှိပြီးလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်တွင် လုပ်ငန်း ၂၁ခု၊ မွန်ပြည်နယ်တွင်လုပ်ငန်း ၂၂ခု၊ ရခိုင်ပြည်နယ်တွင် လုပ်ငန်း ၂၀၊ ရှမ်းပြည်နယ်တွင် လုပ်ငန်း ၂၅ခု၊ ပဲခူးတိုင်းတွင်လုပ်ငန်း ၃၈ခု၊ မကွေးတိုင်းတွင် လုပ်ငန်း ၁၂ခု စသည်ဖြင့် အသီးသီးမြှင့်တင်ဆောင်ရွက်ပေးလျက် ရှိသည်ကိုလည်း တွေ့မြင် ကြားသိနေရပါကြောင်း။

လေကြောင်းလမ်းခရီးတွင်လည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အပါအဝင် အတက်အဆင်းများပြားသည့် ပြည်တွင်းလေဆိပ်များအား လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ပြုပြင်ခြင်းနှင့် ခေတ်မီအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း မြင်တွေ့နေရပါကြောင်း၊ ၎င်းအပြင် ခန္တီးလေယာဉ်ကွင်း၊ အေလာလေယာဉ်ကွင်း၊ ဗန်းမော်လေယာဉ်ကွင်း၊ ညောင်ဦးလေဆိပ်၊ ကျောက်ထုလေဆိပ်၊ ဘုတ်ပြင်းလေဆိပ်နှင့် ထားဝယ်လေယာဉ်ကွင်းတို့ကို ပြေးလမ်းအသစ်များ တိုးချဲ့တည်ဆောက်ကာ ခေတ်မီလေယာဉ်များဆင်းတက်နိုင်အောင် အကောင်အထည်ဖော်လျက်ရှိသည်ကိုလည်း တွေ့မြင် ကြားသိနေရပါကြောင်း၊ ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအပိုင်းမှာလည်း ၁၉၄၇ခုနှစ် ပတ်ဝန်းကျင်က အခြေအနေနှင့် လုံးဝမတူတော့ကြောင်း၊ အဆ ရာထောင်မက ကွာခြားလာခဲ့ပြီးဖြစ်ပါကြောင်း၊ တိုင်းပြည်နေရာအနှံ့ တည်ငြိမ် အေးချမ်းသာယာလာသည်နှင့်အမျှ နေ့နေ့ညည အချိန်မရွေး၊ ဒေသမရွေး သွားလာနိုင်သည့် ခေတ်ကာလ အခြေအနေလည်း ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးစနစ်များအပါအဝင် ယခုကဲ့သို့ ဘက်ပေါင်းစုံ တိုးတက်ကောင်းမွန်နေသည့် ခေတ်ကာလကြီးတွင် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အဓိကကျသည့် ဆန္ဒမဲရေတွက်ခြင်း၊ စိစစ်ခြင်း၊ အတည်ပြုခြင်း၊ ထုတ်ပြန်ကြေညာခြင်း စသည့် လုပ်ငန်းများကို ချို့ယွင်းချက်မရှိအောင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်၊ သင့်တော်သည့် အချိန်ကာလကို ရက်ပေါင်း ၉၀ထားရှိခြင်းသည် အချိန်ကာလအားဖြင့် ကြာမြင့်သည့် သဘောဆောင်နေပါကြောင်း၊ ၄၅ရက်သာ သတ်မှတ်မည်ဆိုလျှင်လည်း ခေတ်ကာလအခြေအနေအရ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် အခက်အခဲများ ဖြစ်လာနိုင်ဖွယ်ရာ မရှိကြောင်း သုံးသပ်ထင်မြင်ယူဆမိပါကြောင်း၊ သို့ဖြစ်၍ **“ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း ကျင်းပရမည်”**ဟု သတ်မှတ်မည့်အစား **“ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်မှ ၄၅အတွင်း ကျင်းပရမည်”**ဟု အသေးစိတ် အခြေခံရမည့်မူအဖြစ် ပြောင်းလဲ ပြင်ဆင်ချမှတ်သင့်ပါကြောင်း သီးခြားအကြံပြု တင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပုံမှန်အစည်းအဝေးများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများ၌ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများ အထမြောက်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ အဆုံးအဖြတ်၊ သဘောတူညီချက်၊အတည်ပြုချက် စသည်များအတွက် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မည်မျှ၏ ထောက်ခံမဲရရှိမှသာ ဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသည့် ကိစ္စရပ်များကို ဆုံးဖြတ်ခြင်းနှင့် လွှတ်တော်ဥက္ကဋ္ဌများ၏ ဆန္ဒပေးပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၄ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အကျယ်တဝင့် အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ရာ မိမိတို့အဖို့ လေ့လာမှတ်သားစရာ အများကြီးရရှိခဲ့ပါကြောင်း။

လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ပျက်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်ပတ်သက်ပြီး ဆက်လက်ဆွေးနွေးလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ လွှတ်တော်အစည်းအဝေးများကို တက်ရောက်ပြီး လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ကြရန် တာဝန်ရှိကြပါကြောင်း၊ ခိုင်လုံသည့်အကြောင်းရှိ၍ လွှတ်တော်အစည်းအဝေး မတက်ရောက်နိုင်လျှင် လွှတ်တော်ကို ခွင့်ပန်ကြားရပါကြောင်း၊ လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရန် ရက်ပေါင်းမည်မျှ တစ်ဆက်တည်း ပျက်ကွက်ခဲ့လျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်ကြောင်း၊ လွှတ်တော်က ကြေညာနိုင်သည်ဟု ကမ္ဘာ့နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းထားကြသည်ကိုလည်း တွေ့ရပါကြောင်း၊ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်မရှိဘဲ ပျက်ကွက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို အရေးယူနိုင်သည့် နည်းလမ်းများကိုလည်း သက်ဆိုင်ရာ လွှတ်တော်များအလိုက် ဥပဒေ၊ နည်းဥပဒေများ သတ်မှတ်ထားရှိသင့်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဥပဒေပြုလွှတ်တော်များ၏ ဆွေးနွေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်းပြီး အများပြည်သူတို့ သိရှိခွင့်ရှိစေရန် ပြဋ္ဌာန်းချက်များပါရှိသည်ကိုလေ့လာတွေ့ရှိရပါကြောင်း၊ အများပြည်သူတို့ သိရှိခွင့်ဆိုသည့် မူနှင့်စပ်လျဉ်းပြီး လေ့လာသည့်အခါတွင် လွှတ်တော်များ၏ ဆုံးဖြတ်ဆောင်ရွက်ချက်များအနက် အမျိုးသားလုံခြုံရေးကို ထိခိုက်နိုင်သည်ဟု သက်ဆိုင်ရာလွှတ်တော်က ထင်မြင်ယူဆသည့် အကြောင်းအရာများနှင့် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ သက်ဆိုင်ရာလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ ထုတ်ဝေခြင်းမပြုရန် ကန့်သတ်ထားသည့် ဆုံးဖြတ်ဆောင်ရွက်ချက်များကို ချန်လှပ်ပြီး လွှတ်တော်၏ ကျန်ဆုံးဖြတ်ဆောင်ရွက်ချက်များကိုသာ အများပြည်သူလေ့လာသိရှိနိုင်ရန် ထုတ်ဝေလေ့ ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံမှာလည်း အမျိုးသားလုံခြုံရေးကို ထိခိုက်နိုင်သည်ဟု ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်က ထင်မြင်ယူဆသည့် အကြောင်းအရာများနှင့် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ ထုတ်ဝေခြင်းမပြုရန် ကန့်သတ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများမှအပ ကျန်ဆုံးဖြတ်ဆောင်ရွက်ချက်များကို အများပြည်သူသိရှိရန်၊ ဆောင်ရွက်ရန် သတ်မှတ်သင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့် ကိစ္စများကို ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သည့် ပြည်သူ့လွှတ်တော်၌ဖြစ်စေ၊ အမျိုးသားလွှတ်တော်၌ဖြစ်စေ စတင်တင်သွင်းခွင့်ရှိမှာဖြစ်ကြောင်း၊ လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုသည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအဖြစ် မှတ်ယူရမှာဖြစ်ကြောင်းတို့ကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်နိုင်ရန် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါကြောင်း။ ပြည်ထောင်စုလွှတ်တော်၌သာ တင်သွင်းဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ထားသည့် ကိစ္စရပ်များက လွဲလျှင် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ပါရှိသည့် ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်၌ဖြစ်စေ၊ အမျိုးသားလွှတ်တော်၌ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ဥပဒေကြမ်းများ စတင်တင်သွင်းဆောင်ရွက်ခွင့်ရှိစေသင့်ပါကြောင်း ယင်းသို့ ဆောင်ရွက်ခွင့်ရှိမည်ဆိုလျှင် ဥပဒေကြမ်းများကို လွှတ်တော်နှစ်ရပ်၌ အချိန်ယူပြီး အကျေအလည် ဆွေးနွေးသုံးသပ်နိုင်ခွင့်ရှိလာကြမှာဖြစ်ပါကြောင်း။

ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးထဲတွင် ဥပဒေကြမ်းတင်သွင်းခွင့်ရှိသည့် အခွင့်အရေးသည် အဓိကကျသည့် အခွင့်အရေးတစ်ရပ်ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆိုင်ရာလွှတ်တော်များ၌ ဥပဒေကြမ်းတင်သွင်းခွင့်ရှိကြရမှာဖြစ်ပါကြောင်း၊ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့် ကိစ္စရပ်များအနက်မှ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု သတ်မှတ်ထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေကြမ်းများကိုသာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဥပဒေကြမ်းတင်သွင်းခွင့်ရှိကြမှာဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့်ဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်စေသင့်သကဲ့သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတင်သွင်းသည့် ဥပဒေကြမ်းများကို အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်ဟု အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ထားသင့်ပါကြောင်း၊ ပြည်သူ့လွှတ်တော်၌စတင်တင်သွင်းပြီး အတည်ပြုသည့်ဥပဒေကြမ်းတစ်ရပ်ကို ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်သို့ ပေးပို့ရမှာဖြစ်သကဲ့သို့ အမျိုးသားလွှတ်တော်၌စတင်တင်သွင်းပြီး အတည်ပြုသည့် ဥပဒေကြမ်းကိုလည်း ပြည်သူ့လွှတ်တော်သို့ ပေးပို့ရန်လိုအပ်မှာဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသည့်ဥပဒေကြမ်းများနှင့် စပ်လျဉ်းပြီး လွှတ်တော်တစ်ရပ်ရပ်တွင် အတည်မဖြစ်ခဲ့လျှင် ကျန်လွှတ်တော်တစ်ရပ်ရပ်တွင် တင်သွင်းရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းက ပြည်ထောင်စုလွှတ်တော်နာယကနှင့် ညှိနှိုင်းဆောင်ရွက်နိုင်မှာ ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက တင်သွင်းသည့် ဥပဒေကြမ်းများကို လွှတ်တော်နှစ်ရပ်စလုံးတွင် ဆွေးနွေးဆုံးဖြတ်နိုင်မှာဖြစ်ပါကြောင်း၊ ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ်စလုံး အတည်ပြုကြသည်များရှိနိုင်သကဲ့သို့ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသည်များလည်း ရှိလာနိုင်ပါကြောင်း၊ ယင်းသို့ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရမည်ဟု သတ်မှတ်ထားရန်လိုအပ်မှာဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရန်ဆောင်ရွက်ရာတွင် ဥပဒေကြမ်းကို စတင်ဆွေးနွေးဆုံးဖြတ်ခဲ့သည့် လွှတ်တော်က တာဝန်ယူဆောင်ရွက်စေသင့်ပါကြောင်း။

အထက်ပါ မိမိတို့၏ ကောက်နုတ်တင်ပြချက်များနှင့်စပ်လျဉ်းပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၄ရက်နေ့တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် ပြည့်စုံ၊ လျော်ကန်၊ သင့်မြတ်ပြီးဖြစ်သည့်အတွက် အပိုဒ်(၁)၊ အပိုဒ်ခွဲ(က)ပါ **“ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ်ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲကျင်းပသည့် နေ့ရက်မှရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်”** အချက်အား **“ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ်ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၄၅ အတွင်း ကျင်းပရမည်”**ဟု သီးခြားအကြံပြုတင်ပြချက်မှလွဲ၍ ကျန်အချက်များအားလုံး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

8-1 (D).p65 1 3/26/1905, 11:36 PM